ကြေးမုံ

The Mirror

၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်၊ သောကြာနေ့၊ (17-2-2012)(၇၀၃၈)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စု စိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ

ဟန်ဂေရီသမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော်　　ဖေဖော်ဝါရီ　　၁၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဟန်ဂေရီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဒီနိစ် တိုမတ်ဂျ်သည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးသော်တို့ တက်ရောက်ကြသည်။　(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုသမ္မတမြန်မာ **နိုင်ငံတော်ဆိုင်ရာ ဟန်ဂေရီသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဒီနိစ် တိုမတ်ဂျ်နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**　(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ကူဝိတ်နိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော်　　ဖေဖော်ဝါရီ　　၁၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကူဝိတ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ အက်ဆာ ယူဆွပ်ဖ် အယ်လ် ရှာမာလီသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးသော်တို့ တက်ရောက်ကြသည်။　(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကူဝိတ်နိုင်ငံ **သံအမတ်ကြီး မစ္စတာ အက်ဆာ ယူဆွပ်ဖ် အယ်လ် ရှာမာလီအား နေပြည်တော်ရှိ သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံစဉ်။**　(သတင်းစဉ်)

☆ ကျောဖုံးမှ

ပထမဦးစွာ နိုင်ငံတော်အစိုးရက အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲရာတွင် လုပ်ငန်းလမ်းညွှန်အဖြစ် သတ်မှတ်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုလွှတ်တော်က တိုက်တွန်းကြောင်း အဆိုတွင်ပါရှိသည့် နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ခ၊ လစာစရိတ်နှင့် ချီးမြှင့်ငွေများကို လာမည့်ဘဏ္ဍာရေးနှစ်အစတွင် မဖြစ်မနေ တိုးမြှင့်ပေးရေးကိစ္စနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ ကိုယ်စား ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ရှင်းလင်းဆွေးနွေးတင်ပြသည်။

(ရှင်းလင်းတင်ပြချက် အပြည့်အစုံကို စာမျက်နှာ - ၄ တွင် ဖော်ပြထားပါသည်။)

ထို့နောက် နိုင်ငံတော်၏ အမျိုးသား စီမံကိန်း ဥပဒေကြမ်းများနှင့်စပ်လျဉ်းပြီး စက်မှုဖွံ့ဖြိုးရေးဆိုင်ရာ နိုင်ငံတော်၏ မူဝါဒများနှင့် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသော ကိစ္စရပ်များနှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတ၏ ကိုယ်စား မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးက ရှင်းလင်းဆွေးနွေးတင်ပြသည်။

(ရှင်းလင်းတင်ပြချက် အပြည့်အစုံကို စာမျက်နှာ - ၅ တွင် ဖော်ပြထားပါသည်။)

ယင်းနောက် နိုင်ငံတော်၏ အမျိုးသား စီမံကိန်းဥပဒေကြမ်းများနှင့် စပ်လျဉ်းပြီး အမျိုးသားအကျိုးစီးပွားအတွက် အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရေးဆွဲထည့်သွင်းရန် လိုအပ်နေသေးကြောင်း၊ နိုင်ငံနှင့်နိုင်ငံသားများ၏ လက်ငင်း၊ ရေတိုနှင့်ရေရှည်အကျိုးဖြစ်ထွန်းစေသော ထာဝစဉ်ရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း သို့မဟုတ် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုများကို တင်ပြဆောင်ရွက်ပေးရန် သက်ဆိုင်ရာသို့တိုက်တွန်းကြောင်း ဆွေးနွေးချက်နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ကိုယ်စား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ရှင်းလင်းဆွေးနွေးတင်ပြသည်။

(ရှင်းလင်းတင်ပြချက် အပြည့်အစုံကို စာမျက်နှာ - ၆ တွင် ဖော်ပြထားပါသည်။)

ထို့နောက် ဖေဖော်ဝါရီ ၁၃ ရက်က တင်သွင်းခဲ့သော မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်၏ **ပို့ဆောင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ တစ်နိုင်ငံလုံးကို လွှမ်းခြုံနိုင်သော အမျိုးသားပို့ဆောင်ရေးကွန်ရက်မူဝါဒ (National Transport Network Policy) ချမှတ်ရေးဆွဲဆောင်ရွက်ရန်၊ စီမံကိန်းအသစ်များကို စီးပွားရေးတွက်ခြေကိုက်မှု ရှိ/မရှိ၊ ပြည်သူလူထုအတွက် အမှန်တကယ်အကျိုးကျေးဇူး ရှိ/မရှိ၊ ရည်မှန်းချက်များ ပြည့်မီနိုင်ခြင်း ရှိ/မရှိ အသေးစိတ်စစ်ဆေးပြီးမှသာ ရေးဆွဲဆောင်ရွက်ရန်နှင့် စီမံကိန်းများအလိုက် ပွင့်လင်းမြင်သာမှု ရှိစေရန်အတွက် ခွင့်ပြုသည့် တန်ဖိုးငွေများကို သတင်းမီဒီယာများမှ တစ်ဆင့် ပြည်သူလူထုသို့ ချပြအသိပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၁၀)ဦးက ဆွေးနွေးကြသည်။

ထိုသို့ဆွေးနွေးရာတွင် ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန်က တိုင်းပြည်တွင် လိုအပ်ချက်မှာ မြို့နှင့် ရွာလမ်းကွန်ရက် ချပေးရန်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဒေသအလိုက် စီမံကိန်းချပေးမည်ဆိုပါက ပြည်သူပြည်သားများ၏ သွားလာမှုလိုအပ်ချက် ပြည့်စုံလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျေးရွာအနှံ့တိုးတက်အောင်မြင်ရန် လမ်းကွန်ရက်များတည်ဆောက်ပေးပါရန် တင်ပြလိုပါကြောင်းဖြင့်ဆွေးနွေးသည်။

ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာက ရွာတစ်ရွာ၊ မြို့တစ်မြို့၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန် အခြေခံအကျဆုံးမှာ လမ်းပန်းဆက်သွယ်ရေးပင်ဖြစ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှသာ ချမှတ်ထားသည့် မူဝါဒပြည့်စုံမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ရန်ကုန်-မန္တလေးလမ်းမကြီးနှင့် နေပြည်တော်ကိုဗဟိုပြုပြီး ခွဲဖြာသောလမ်းများ ပေါ်ပေါက်နေပြီဖြစ်ပါကြောင်း၊ ထိုလမ်းများသည် တစ်နိုင်ငံလုံးကို လွှမ်းခြုံနိုင်သော အမျိုးသားပို့ဆောင်ရေးကွန်ရက်ပင်ဖြစ်ပါကြောင်း၊ သို့သော်လည်း တိုင်းဒေသကြီး၊ ပြည်နယ်နှင့် သက်ဆိုင်ရာမြို့နယ်များသို့ ဆက်သွယ်ရသော လမ်းများမှာ အလွန်လိုအပ်နေသေးသည်ကို တွေ့ရပါကြောင်း၊ လမ်းတံတားများကို အကျိုးတူပူးပေါင်းပြီး စီးပွားရေးလုပ်ငန်းရှင် ကုမ္ပဏီများအား လုပ်ငန်းချပေးရာတွင် နိုင်ငံအတွက် စီးပွားရေးတွက်ခြေကိုက်မှု ရှိ/မရှိ၊ လူထုအတွက် အမှန်တကယ်အကျိုးကျေးဇူး ရှိ/မရှိ၊ ရည်မှန်းချက်များပြည့်မီမှုရှိ/မရှိ အသေးစိတ်စိစစ်ပြီး ရည်မှန်းချက်မပြည့်မီပါက မိမိကိုယ်ကျိုးသာသိတတ်သော ကုမ္ပဏီမျိုးကို အရေးယူသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစိုင်းသန့်ဇင်က အမျိုးသားပို့ဆောင်ရေးကွန်ရက်မူဝါဒချမှတ် ရေးဆွဲခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်သူများအနေဖြင့် ပိုမိုပါဝင်လာနိုင်ပါကြောင်း၊ စီမံကိန်းများဆောင်ရွက်ရာ၌ နိုင်ငံသားအားလုံးတွင် လွှမ်းခြုံနိုင်သောစီမံကိန်းဖြစ်၊ မဖြစ်စဉ်းစားရန်နှင့် ပြည်သူအတွက် အမှန်တကယ်အကျိုးရှိမည့်စီမံကိန်းဖြစ်ရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်က စီမံကိန်း၏ လုပ်ငန်းလုပ်ပိုင်ခွင့်ကို သက်ဆိုင်ရာ ဝန်ကြီးဌာနသာမက ပြည်တွင်း/ ပြည်ပကုမ္ပဏီအဖွဲ့အစည်းများကိုလည်း တန်းတူယှဉ်ပြိုင်လုပ်ပိုင်ခွင့်ပေးရန်ဖြစ်ပါကြောင်း၊ စီမံကိန်းလုပ်ပိုင်ခွင့်ကို မူပိုင်မထားဘဲ ဈေးကွက်အရယှဉ်ပြိုင်နိုင်စွမ်းရှိသူကိုသာ လုပ်ပိုင်ခွင့်ပြုသည့်အတွက် နိုင်ငံတော်က လက်ရှိကျင့်သုံးနေသော ဈေးကွက်စီးပွားရေးစနစ်နှင့်လည်း ကိုက်ညီမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ကျောက်တော် မဲဆန္ဒနယ်မှ ဦးသာစိန် ဆွေးနွေးစဉ်။ (သတင်းစဉ်)

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးစိုးမြင့်က ယနေ့အချိန်သည် ခေတ်သစ်၊ စနစ်သစ်ဖြင့် နိုင်ငံတော်ကို တည်ဆောက်နေချိန် ဖြစ်ပါကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်ပေါ်လာစေရေးအတွက် အမျိုးသားပို့ဆောင်ရေး ကွန်ရက်စနစ်များ ကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်၏ အခြေခံ အဆောက်အအုံဖြစ်သည့် ကားလမ်း၊ ရထားလမ်းနှင့် လေယာဉ်ကွင်းများ စသည့် ပို့ဆောင်ရေးစနစ်များ ကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စု အစိုးရအဖွဲ့အနေဖြင့် ပြည်သူများအတွက် အမှန်တကယ် အရေးတကြီးလိုအပ်နေသော စီမံကိန်းများကိုသာ ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ဆုံးဖြတ်ပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်းက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် ကာလတို(၅)နှစ်စီမံကိန်းများနှင့် နှစ်စဉ်စီမံကိန်းများကို ကဏ္ဍအလိုက် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပို့ဆောင်ရေးကဏ္ဍသည် အခြားကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်စပ်လျက်ရှိပါကြောင်း၊ ပို့ဆောင်ရေးကဏ္ဍ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အခြားကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း၊ စီမံကိန်းအသစ်များကို သတ်မှတ်ဆောင်ရွက်ရာတွင် ရေရှည်အမျိုးသားအကျိုးစီးပွားကိုကြည့်ပြီး ဆောင်ရွက်ကြရသည်ကို တွေ့ရှိရသော်လည်း နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံနိုင်သည့် ဥစ္စာဓန အင်အားအပေါ်မူတည်၍ စီးပွားရေးတွက်ခြေကိုက်မှု ရှိ/ မရှိ အဓိကထားစဉ်းစား ဆောင်ရွက်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးစိုးမြင့် ဆွေးနွေးစဉ်။ (သတင်းစဉ်)

အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးက နိုင်ငံတော်၏ စီမံကိန်းများကို စီမံကိန်းအလိုက် သေချာစွာ စိစစ်ပြီး ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုသော ခွင့်ပြုတန်ဖိုးငွေ၊ တစ်နည်းအားဖြင့် စီမံကိန်းဆောင်ရွက်ရန် မည်သည့်ကိစ္စအတွက် ဘဏ္ဍာငွေမည်မျှ ကျခံသုံးစွဲမည်ကို ပွင့်လင်းမြင်သာမှု ရှိစေရေးအတွက် ပြည်သူလူထုသို့ ချပြအသိပေးသင့်ပါကြောင်း၊ သို့မှသာလျှင် ဒေသခံပြည်သူလူထုအနေဖြင့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အပါအဝင် အခြားသော ကိစ္စရပ်များအား အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ကြိုတင်စီမံဆောင်ရွက်ထားနိုင်မည်ဖြစ်ပါကြောင်း၊ အဆိုရှင်၏ တင်ပြချက်များသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ပကတိလိုအပ်ချက်ကို တင်ပြခြင်း၊ နိုင်ငံတော်၏ ဘဏ္ဍာငွေကို အလေအလွင့်နည်းပါးအောင် ဆောင်ရွက်ပေးခြင်း၊ အပြန်အလှန်ထိန်းကျောင်းပေးနိုင်ခြင်း၊ ပွင့်လင်းမြင်သာသော ဆောင်ရွက်မှုကြောင့် ဒီမိုကရေစီနှင့် ဒီမိုကရေစီအစဉ်အလာများ ပိုမိုပီပြင်လာနိုင်ခြင်းတို့ကြောင့် အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်းက ကုန်စည်နှင့်ခရီးသည်များ ပို့ဆောင်ရာတွင် ကား၊ ရထား၊ သင်္ဘော၊ လေယာဉ်များကို ကွန်ရက်စနစ်ဖြင့် ချိတ်ဆက်ဖြန့်ကြက်ပြီး ဒေသအသီးသီးသို့ ပို့ဆောင်ပေးနိုင်မည်ဆိုပါက ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့ကာ စရိတ်ကြီးမြင့်မှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ခရီးသည်များ၏ အသက်အန္တရာယ်၊ ကုန်ပစ္စည်းများ၏ ပျက်စီးဆုံးရှုံးမှုများအတွက် အာမခံစနစ်နှင့် တစ်ပါတည်း ချိတ်ဆက်ထားရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် ဟန်ချက်ညီညီ ချိတ်ဆက်ပြီး ဆောင်ရွက်နိုင်မည်ဆိုပါက ပို့ဆောင်ရေးစနစ် လျင်လျင်မြန်မြန်နှင့် အချိန်တိုအတွင်း အကောင်အထည်ဖော်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ရန်ကင်း မဲဆန္ဒနယ်မှ ဦးသာဝင်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင်က အမှန်တကယ် အခက်အခဲရှိပြီး ပြည်သူလူထုအတွက် အကျိုးရှိနိုင်မည့် ဒေသများတွင် လေဆိပ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လေယာဉ်ခရီးစဉ်များ တိုးချဲ့ပျံသန်းခြင်း၊ ရထားလမ်း၊ ကားလမ်းများ အဆင့်မြှင့်တင် ဖောက်လုပ်ပေးခြင်း၊ ရေကြောင်းခရီးစဉ်များ အဆင်ပြေစွာ တိုးချဲ့ပေးခြင်းတို့ကို အထူးတိုးချဲ့စီမံကိန်း တစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးသင့်ပါကြောင်း၊ စီမံကိန်းများ ဆောင်ရွက်သည့်နေရာတွင် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ စီးပွားရေးတွက်ခြေကိုက်မှု ရှိ/ မရှိကို ချိန်ဆရမည်ဖြစ်သော်လည်း ပြည်သူလူထုအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေနိုင်မည့် စီမံကိန်းလုပ်ငန်းများဖြစ်ပါက အကောင်အထည်ဖော် ဆောင်ရွက်ပေးသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးအောင်လင်းလှိုင်က ပို့ဆောင်ရေးကဏ္ဍ၏ ရေကြောင်း၊ လေကြောင်း၊ ကုန်းကြောင်းတို့သည် နိုင်ငံတစ်ခုအတွက် နိုင်ငံရေးအရလည်းကောင်း၊ စီးပွားရေးအရလည်းကောင်း၊ လူမှုရေးအရ လည်းကောင်း အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂ (ဂ)အရ "နိုင်ငံတော်သည် တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်" ဟု ဖော်ပြထားသည့်အတွက် တစ်နိုင်ငံလုံးကို လွှမ်းခြုံနိုင်သော အမျိုးသားပို့ဆောင်ရေးကွန်ရက်မူဝါဒ ရေးဆွဲဆောင်ရွက်ပါမှ ရှေ့နောက်ညီညွတ်မှုရှိမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ရေမြေသဘာဝပထဝီအနေအထားများကြောင့် နေရာဒေသအလိုက် ပို့ဆောင်ရေးကဏ္ဍ အမျိုးအစားများ တူညီမှုရှိမည်မဟုတ်သည်ကို တိုင်းရင်းသားညီအစ်ကိုများ သဘောပေါက် နားလည်ပေးရမည် ဖြစ်ပါကြောင်း၊ သို့သော်လည်း အခြားနိုင်ငံများနှင့် ယှဉ်နိုင်အောင် ကြိုးစားလုပ်ဆောင်ကြရမည် ဖြစ်ပါကြောင်း၊ စီမံကိန်းခွင့်ပြုငွေများကို ပွင့်လင်းမြင်သာမှုရှိအောင် သတင်းမီဒီယာမှတစ်ဆင့် ဖော်ပြခြင်းအားဖြင့် ပြည်သူနှင့် အစိုးရကြားတွင် သံသယများ ကွယ်ပျောက်စေပြီး ယုံကြည်မှုတိုးပွားလာမည့် ရလဒ်ကိုပါ ရရှိစေမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ယနေ့ အစည်းအဝေးကို ညနေ ၄ နာရီ ၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့်

၁၇-၂-၂၀၁၂[သောကြာနေ့]။

ယဉ်ကျေးပျူငှာ လူမှုဘဝသာယာ

တစ်ဦးတည်း တစ်ယောက်တည်းနေထိုင်၍မရသည့် လူမှုဝန်းကျင်တွင် တစ်ဦးနှင့်တစ်ဦး နားလည်စာနာမှုဖြင့် လက်တွဲနေထိုင်သွားကြရမည်။ ၃၈ ဖြာ မင်္ဂလာတရားထဲမှ နိဝါတောစ (မိမိကိုယ်ကိုနှိမ့်ချခြင်း)တရားကို လက်ကိုင်ထားသင့်သည်။ မိမိရပ်တည်နေသည့်အနေအထား၊ ရောက်ရှိနေသည့်အခြေအနေအရ ထောင်လွှားမောက်မာနိုင်ခွင့်ရှိသည့်တိုင် မာန်ပြင်းဟန်တင်းမှုများမရှိသင့်။ ပကတိကြည်လင်သည့်အမြင်၊ အေးချမ်းသည့်စိတ်ထားဖြင့် ဖြောင့်စင်းသင့်ကြသည်။ မိမိပတ်ဝန်းကျင်ကို နားလည်မှုကွန်ရက်ဖြန့်ကြက်ပေးနိုင်လေ စေတနာရောင်ပြန်ပြီး အေးချမ်းမှုများ ပြန်လည်ရရှိနိုင်လေဖြစ်သည်။

ဘဝရပ်တည်မှုဝန်းကျင်၊ လုပ်ငန်းခွင်ဝန်းကျင်တို့တွင် နိဝါတတရားကျင့်သုံးနေထိုင်ခြင်းသည် ဆက်သွယ်ဆက်ဆံမှုလုပ်ငန်းများကို အဆင်ပြေချောမွေ့စေသည်။ အောင်မြင်မှုအကျိုးရလဒ်များလည်း ဖြစ်ထွန်းနိုင်သည်။ ရိုးသားမှု၊ စာနာတတ်မှု၊ နှိမ့်ချတတ်မှုတို့သည် ကောင်းမြတ်သည့် စရိုက်အလေ့အထများဖြစ်ရာ အချင်းချင်းလက်တွဲနေထိုင်ဆက်ဆံရာတွင် ရိုးသားဖြောင့်မတ်မည်၊ တစ်ကိုယ်ကောင်းမဆန်ဘဲ လူတစ်ဖက်သားကို ကိုယ်ချင်းစာတတ်မည်၊ နှိမ့်ချဆက်ဆံတတ်မည်ဆိုလျှင် မိမိတို့နေထိုင်ရာ လူမှုဝန်းကျင်အသိုင်းအဝိုင်းသည် ငြိမ်းချမ်းသာယာမှုများ ပြည့်လျှမ်းနေမည်သာဖြစ်သည်။

"စပါးနှံ အဆန်ပြည့်၍ငုံ့၊ လူကုံထံ မာန်လျှော့၍" ဆိုရိုးစကားသည် တစ်ဦးနှင့်တစ်ဦး လေးလေးစားစား မှန်မှန်ကန်ကန် ဆက်ဆံနေထိုင်ကြရေး ညွှန်ပြပေးခြင်းဖြစ်သည်။ အထူးသဖြင့် တိုင်းရင်းသားမျိုးနွယ်စုများ ပေါင်းစည်းနေထိုင်ကြသည့် မြန်မာနိုင်ငံတွင် တိုင်းရင်းသားပြည်သူများသည် မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ တစ်ဦးနှင့်တစ်ဦး ယုံယုံကြည်ကြည် စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင် ဆက်ဆံကြရပေမည်။ သို့မှသာ ပြည်ထောင်စုကြီး ခိုင်မြဲတည်တံ့ပြီး ငြိမ်းချမ်းသာယာဖွံ့ဖြိုးဝေဆာသည့်နိုင်ငံသစ်ကို လက်တွဲညီညီ တည်ဆောက်နိုင်မည်ဖြစ်သည်။

ထို့အတူ မြန်မာ့လူ့အဖွဲ့အစည်းတွင်လည်း မိဘနှင့်ဆရာတို့က မိမိတို့၏ သားသမီးများ၊ တပည့်များကို ငယ်ရွယ်စဉ်ကပင် သွန်သင်ညွှန်ပြပေးကြရပေမည်။ စာနာထောက်ထား၊ ရိုးသားနှိမ့်ချ၊ ယဉ်ကျေးပျူငှာ အခြေခံအကြောင်းရင်းများအား သိရှိလိုက်နာစေရေးအစဉ်တစိုက် သင်ပြပေးကြရပေမည်။

မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် ငယ်ရွယ်စဉ်ကာလကပင် မိဘဆရာသမားတို့၏ သွန်သင်မှု၊ မိရိုးဖလာ ဘာသာအဆုံးအမ အထိန်းအကွပ်တို့ဖြင့် ကြီးပြင်းလာခဲ့ကြပြီဖြစ်သည်။ မိဘအသိုင်းအဝိုင်း၊ ဆရာအဝန်းအဝိုင်း၊ လုပ်ငန်းခွင် အဝန်းအဝိုင်းမှ တာဝန်ရှိသူအသီးသီးတို့ကလည်း မိမိတို့၏ တပည့်၊ သားသမီး၊ ဝန်ထမ်းများအား ဆက်လက်၍ နည်းလမ်းညွှန်ပြကြမည်၊ သွန်သင်ပေးကြမည်ဆိုလျှင် လူတိုင်းလူတိုင်း အကျင့်ကောင်း၊ စရိုက်ကောင်း၊ အလေ့အထကောင်းများ ပို၍ပို၍ ရရှိလာကြပေမည်။ ။

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၆ - ၂ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၈၉၅၄	၀. ၀၃၂၃၇
တရုတ် (ယွမ်)	၆. ၃၀၃၂၉	၀. ၁၅၈၆၅
အိန္ဒိယ (ရူပီး)	၄၉. ၃၈၅၀	၀. ၀၂၀၂၅
မလေးရှား (ရင်းဂစ်)	၃. ၀၆၁၇၅	၀. ၃၂၆၆၀
စင်ကာပူ (ဒေါ်လာ)	၁. ၂၇၀၀၃	၀. ၇၈၇၃၈
ဂျပန် (ယန်း)	၇၈. ၉၀၅၀	၀. ၀၁၂၆၇
တောင်ကိုရီးယား(ဝမ်)	၁၁၃၄. ၁၂	၀. ၀၀၀၈၈
ယူရို	၀. ၇၆၉၅၈	၁. ၂၉၉၄၂
ဗြိတိသျှ (ပေါင်)	၀. ၆၃၈၀၆	၁. ၅၆၇၂၅

အင်တာနက်။

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ယခင်အစိုးရကာလ တည်ဆောက်ပြီးစီးခဲ့ပြီးဖြစ်သော ဆည်၊ တာတမံလုပ်ငန်းများကို မူလရည်မှန်းချက်အတိုင်း အပြည့်အဝအကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် တည်ဆောက်ရန်ကျန်ရှိနေသော ဆည်ရေသောက်စနစ်များ အပါအဝင် သက်တမ်းကာလကြာမြင့်မှုနှင့် ပြန်လည်မွမ်းမံထိန်းသိမ်းရန်လိုအပ်နေသည့် ဆည်၊ တာတမံများ၊ မြောင်းစနစ်များကို အရှိန်အဟုန်ဖြင့် ဦးစားပေးအဆင့်အလိုက် ဆက်လက်တည်ဆောက်အကောင်အထည်ဖော်စေမည်

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏ ရေရှည်အမျိုးသားရေးအကျိုးစီးပွားအတွက် ဆက်လက်ဆောင်ရွက်ရန်လိုအပ်နေသော စီမံကိန်းလုပ်ငန်းများအပေါ်တွင် ဘက်စုံထောင့်စုံမှ အရှည်ကိုမြော်တွေး၍ အရှိတရားကို ပကတိအတိုင်းစေတနာမှန်ဖြင့် ပြည်သူလူထု၏အကျိုးကို ရှေးရှုပြီး သုံးသပ်ဆုံးဖြတ်ဆောင်ရွက်သွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ကော့ကရိတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသူရိန်ဇော်က ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းခဲ့သည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော မြစ်ရေတင်စီမံကိန်း၊ ရေလှောင်တမံ၊ ရေလွှဲဆည်စီမံကိန်းများနှင့် စပ်လျဉ်းသည့်အဆိုနှင့် ၃-၂-၂၀၁၂ ရက်စွဲဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံသို့ ပေးပို့ခဲ့သည့် သဝဏ်လွှာပါအကြောင်းအရာများ၊ ၇-၂-၂၀၁၂ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ လယ်ယာကဏ္ဍဆိုင်ရာ ပြောကြားချက်များနှင့်စပ်လျဉ်း၍ ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က တစုတပေါင်းတည်း ရှင်းလင်းတင်ပြခဲ့သည်။ ရှင်းလင်းတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

လေးစားအပ်ပါသော ပြည်ထောင်စုလွှတ်တော် နာယကကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ အထူးဖိတ်ကြားသဖြင့် တက်ရောက်လာကြသော ဧည့်သည်တော်ကြီးများအားလုံး ကိုယ်ရောစိတ်ပါနှစ်ဖြာသောသုခအပေါင်းနှင့် ပြည့်စုံကျန်းမာချမ်းသာကြပါစေရန် ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အနေဖြင့် ကော့ကရိတ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသူရိန်ဇော်၏ **"လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့သော မြစ်ရေတင်စီမံကိန်းများနှင့် ရေလှောင်တမံ၊ ရေလွှဲဆည်များအား ပြည်ထောင်စုစာရင်းစစ်ချုပ်မှ စစ်ဆေးတွေ့ရှိချက်အပေါ် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ တင်သွင်းဆုံးဖြတ်ခဲ့သည့် ပြည်သူ့လွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီ၏ သုံးသပ်အကြံပြုချက်များသည် ပြည်သူတစ်ရပ်လုံးအတွက် အရေးကြီးသော အချက်များဖြစ်သဖြင့် အများပြည်သူအကျိုးငှာ ပြည်ထောင်စုအစိုးရအဖွဲ့မှ ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးပါရန်"** အဆိုနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်ထောင်စုလွှတ်တော်နာယကကြီးခင်ဗျား-

(၃-၂-၂၀၁၂)ရက်စွဲဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းမှ နိုင်ငံတော်သမ္မတထံသို့ ရေးသားပေးပို့ခဲ့သည့် သဝဏ်လွှာပါ အကြောင်းအရာများနှင့်(၇-၂-၂၀၁၂) ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ လယ်ယာကဏ္ဍဆိုင်ရာပြောကြားခဲ့သော အချက်များသည် လွှတ်တော်ကိုယ်စားလှယ် ဦးသူရိန်ဇော်၏ အဆိုပြုတင်ပြချက်များနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်နေသည့်အတွက် ဦးသူရိန်ဇော်၏ အဆိုပြုတင်ပြချက်နှင့်အတူ အထက်ပါ သူရဦးရွှေမန်း၏ သဝဏ်လွှာပါ အကြောင်းအရာများနှင့် ပြည်ထောင်စုလွှတ်တော်သို့ ပြောကြားခဲ့သည့်အချက်များအား တစုတပေါင်းတည်း နိုင်ငံတော်သမ္မတမှ နိုင်ငံတော်သမ္မတ၏ကိုယ်စား ရှင်းလင်းတင်ပြသွားရန် လမ်းညွှန်မိန့်ကြားတာဝန်ပေးအပ်ခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော့်အနေဖြင့် တစုတပေါင်းတည်း ရှင်းလင်းတင်ပြသွားမည်ဖြစ်ပါကြောင်း ခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်အသီးသီးတို့၏ တင်ပြချက်များအပေါ်တွင် အထူးအလေးအနက်ထားပြီး ပြုပြင်လုပ်ဆောင်ဖွယ်ရာရှိသည်များကို လက်ငင်းလုပ်ငန်း၊ ရေတိုလုပ်ငန်း၊ ရေရှည်လုပ်ငန်းများဖြင့် မျက်ခြည်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်းလည်း အနှစ်သာရအပြည့်သဘောဖြင့် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လက်ရှိနိုင်ငံတော်အစိုးရသစ်ကာလတွင် လက်တွေ့ပြင်ဆင်ဆောင်ရွက်ရန်ရှိသည်များကိုလည်း ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်ပါကြောင်းနှင့် ဆောင်ရွက်ဆဲ လုပ်ငန်းများအပေါ်တွင်လည်း သိသာမြင်သာနိုင်ပါရန် ဥပမာများဖြင့် ကဏ္ဍအလိုက် ရှင်းလင်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်ထောင်စုလွှတ်တော် နာယကကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား-

မိမိတို့အစိုးရသစ် စတင်ဖွဲ့စည်းတာဝန်ယူခဲ့သည့် (၃၀-၃-၂၀၁၁)ရက်နေ့ နိုင်ငံတော်သမ္မတကြီး၏ နိုင်ငံတော်အခြေပြမိန့်ခွန်းတွင် **"ယခင်တပ်မတော် အစိုးရကာလ နိုင်ငံတော်သစ်ကို ပြန်လည်တည်ဆောက်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်အဖြစ် ဆက်လက်တည်ဆောက်ဖို့ ကျွန်တော်တို့ကို အမွေခံကောင်းတွေ ပေးထားပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ဟာ တပ်မတော်အစိုးရ အသင့်ခင်းပေးထားတဲ့ လမ်းကိုလျှောက်၊ အသင့်ထိုးပေးထားတဲ့ တံတားကို ဖြတ်ကျော်ပြီး ပို၍တည်ငြိမ်အေးချမ်းသောနိုင်ငံ၊ ပို၍ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ် ရောက်အောင် ဆက်လက်တည်ဆောက်ကြဖို့အတွက် ပြည်သူလူထုက ကျွန်တော်တို့အား ရွေးချယ်တာဝန်ပေးလာခဲ့ပြီ ဖြစ်ပါတယ်။ ဒီတာဝန်ကို ကျေပွန်ဖို့အတွက် အခြေအနေအချိန်အခါနဲ့ လိုက်လျောညီထွေရှိတဲ့ မူဝါဒတွေ၊ လုပ်ငန်းစဉ်တွေကို ချမှတ်ပြီး ကျွန်တော်တို့အစိုးရသစ်အနေနဲ့ ဆောင်ရွက်သွားရမည်"** ဖြစ်သည်ဟု တိကျစွာ မိန့်ကြားခဲ့ပါတယ်။

ယခင်အစိုးရကာလက အခြေအနေအချိန်အခါ အခက်အခဲများ၊ အကန့်အသတ်များကြားမှ တည်ဆောက်အကောင်အထည်ဖော်ပေးခဲ့သော အမွေခံကောင်းများအပေါ်တွင် မိမိတို့အနေဖြင့် စိတ်ကောင်းစေတနာမှန်ဖြင့် အခြေအနေအချိန်အခါနှင့် လိုက်လျောညီထွေဖြစ်စွာ ပိုမို၍ တိုးတက်ကောင်းမွန်အောင် စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် တစ်လှေတည်းစီး တစ်ခရီးတည်းအတူသွား၊ စိတ်တူကိုယ်တူ ရည်မှန်းချက်တူဖြင့် ပြည်ထောင်စုနိုင်ငံတော်ကြီးကို ပိုမိုစည်းလုံးညီညွတ်အောင်နှင့် ပိုမိုဖွံ့ဖြိုးတိုးတက်စည်ပင်သာယာစေရန် ကြိုးပမ်းတည်ဆောက်ကြရမှာ ဖြစ်ပါတယ်။

ဦးသူရိန်ဇော်၏ အဆိုနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်တော်အသီးသီးတို့၏ ပါဝင်ဖြည့်စွက်ဆွေးနွေးတင်ပြချက်များနှင့် ပတ်သက်၍ ယခင်အစိုးရ နိုင်ငံ့ခေါင်းဆောင်များအနေဖြင့် နိုင်ငံသားများ၏ ရေရှည်အမျိုးသားရေးအကျိုးစီးပွား၊ တောင်သူလယ်သမားများနှင့် ဒေသနေပြည်သူများ၏ လူနေမှုဘဝအခြေခံကောင်းများ တည်ဆောက်ပေးနိုင်ရေး အမြော်အမြင်ကြီးမားစွာဖြင့် တည်ဆောက်ထားရှိပေးခဲ့သော အမွေခံကောင်းများကို ပို၍တိုးတက်ကောင်းမွန်အောင် အပြုသဘောဆောင်စွာ လုပ်ဆောင်သင့်ပါကြောင်း ဦးတည်ချက်ဖြင့် ခြုံငုံ၍ ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် မိမိတို့နိုင်ငံတွင် မြေသယံဇာတကို ပိုမိုထိရောက်စွာ အသုံးချနိုင်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် ရေသယံဇာတအား လုံလောက်စွာ သိုမှီးထိန်းသိမ်းအသုံးပြုနိုင်ရေး ရည်မှန်းချက်ဖြင့် ပြည်ပစီးပွားရေး ပိတ်ဆို့မှုအဟန့်အတား အကျပ်အတည်းများ၊ ဘဏ္ဍာငွေအကန့်အသတ် အခက်အခဲများအကြား၊ နည်းပညာ အခက်အခဲများအကြားမှ ဆည်တမံကြီးများစွာ၊ မြစ်ရေတင်စီမံကိန်းများစွာ ချမှတ်တည်ဆောက်ပေးခဲ့မှုအပေါ်တွင် မိမိတို့ကာလ စေတနာမှန်ဖြင့် ပိုမို၍ ကောင်းသည်ထက်ကောင်းအောင် ပိုမိုပြီးပြည့်စုံအောင် အမွေခံကောင်းအဖြစ် ထားရှိခဲ့သည့် မပြီးပြတ်သေးသည့် ကဏ္ဍလိုက်လုပ်ငန်းတာဝန်များကို ပိုမိုတိုးတက်အောင်မြင်အောင်၊ နောင် မိမိတို့ လက်ဆင့်ကမ်းကြရမည့် နောင်လာနောက်သားများအတွက် "အစဉ်အလာကောင်းနှင့် စံနမူနာကောင်းအဖြစ်" စံနမူနာကောင်းအဖြစ် ပြသနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကမ္ဘာနှင့်အဝန်း ရာသီဥတုဖောက်ပြန်မှု အခြေအနေများအရ နောင်သားစဉ်မြေးဆက် အဆက်ဆက်တိုင်အောင် ရေချိုများကို သောက်သုံးရေသာမက စိုက်ပျိုးရေအဖြစ် ရေရှည်အသုံးပြုနိုင်ရေးအတွက် မြစ်၊ ချောင်းများမှ ပင်လယ်အတွင်းသို့ အလဟဿ စီးဆင်းပျောက်ကွယ်စေမည့်အစား ရေသိုလှောင်မည့်ဆည်များ တည်ဆောက်ပေးခြင်း၊ စိုက်ပျိုးရေသက်သက်အတွက်သာမဟုတ်ဘဲ ဒေသအတွင်း ရေကြီးနစ်မြုပ်မှု၊ ရေတိုက်စားမှုအန္တရာယ်ကိုပါ ကာကွယ်သောအားဖြင့် ရေသိုလှောင်ထိန်းသိမ်းကာကွယ်နိုင်မည့် ဆည်များ တည်ဆောက်ပေးခြင်း၊ ဥပမာ- စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ကျေးပင်အက်ဆည်ဖြင့် ရွှေဘို-မြစ်ကြီးနား မီးရထားလမ်း နှစ်စဉ်ရေကြီးထိခိုက်မှုအန္တရာယ်မှ ကာကွယ်ပေးခြင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ မမြဆည်ဖြင့် ပုသိမ်-မုံရွာကားလမ်းနှင့် မီးရထားလမ်းများကို ရေကြီးထိခိုက်မှုအန္တရာယ်မှ ကာကွယ်ပေးခြင်းဖြစ်ပါတယ်။

ယခုတည်ဆောက်နေတဲ့ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကိုဒူကွဲဆည်၊ စလူဆည်၊ ရွှေလောင်းဆည်တို့ဖြင့် ပဲခူးမြို့နယ်၊ ကဝမြို့နယ်၊ သနပ်ပင်မြို့နယ်များ၏ နှစ်စဉ်ရေကြီးမှုအန္တရာယ်ကို ကာကွယ်ပေးခြင်းအပြင် ရန်ကုန်တိုင်းဒေသကြီး မိုင်(၃၀)ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုခြင်း၊ အပူပိုင်းဒေသတွင် ဆားငန်ဓာတ်ပေါက်နေသဖြင့် စိုက်ပျိုးလုပ်ကိုင်ရန် အခက်အခဲဖြစ်နေသော စိုက်ပျိုးမြေများကို ဆည်ရေပေးသွင်း၍ ဆေးကြောပြီး ဆားငန်ဓာတ်တဖြည်းဖြည်း လျော့နည်းကျဆင်းအောင် ဆောင်ရွက်ပေးရန် ရည်ရွယ်ချက်ဖြင့် ဆည်များတည်ဆောက်ပေးခြင်း (ဥပမာ- မန္တလေး တိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်ရှိ ပြောင်းပြာဆည်၊ ခက်လန်းဆည်နှင့် ဇီးတောဆည်) စသည့် ရေသိုလှောင်ဆည်ကြီးများ၏ လက်ငင်းအကျိုးအပြင် နောင်အနာဂတ်ကာလ သားစဉ်မြေးဆက်တိုင်အောင် အမြော်အမြင်ကြီးမားစွာဖြင့် အကျိုးပြုနိုင်မှုအပေါ် အလေးထားကြရမှာ ဖြစ်ပါတယ်။

အလားတူ မြစ်ရေတင်စီမံကိန်းများကြောင့် ယခင်ကာလက ရေရှားပါးမှု၊ ပူပြင်းခြောက်သွေ့မှု၊ သောက်ရေအခက်အခဲ၊ သုံးရေအခက်အခဲအပါအဝင် မျက်ခမ်းစပ်ရောဂါ၊ ရေရှားပါးမှုကြောင့် ဖြစ်ပေါ်ခံစားရသော ဆင်းရဲဒုက္ခအမျိုးမျိုးကို ရင်ဆိုင်ခဲ့ရသည့် ပြည်သူများမှာ တန်ဖိုးမဖြတ်နိုင်သည့် ရေ၏ အကျိုးကျေးဇူးကြောင့် ကြည်နူးဝမ်းသာ ခံစားနေရမှုများကိုလည်း စီးပွားရေးအမြင်သက်သက်၊ ငွေကြေးတန်ဖိုးသက်သက်သာ မတွက်ချက်ဘဲ မိခင်ဖခင်တို့မှ သားသမီးတို့အပေါ်တွင် ထားရှိအပ်သည့် စိတ်စေတနာ စာနာစိတ်အပြည့်အဝဖြင့် ရင်းနှီးမြှုပ်နှံတည်ဆောက်ပေးခဲ့မှုများအပေါ်တွင်လည်း အထူးအလေးထားရပါမယ်။

ယခင်အစိုးရကာလ နိုင်ငံ့တာဝန်ယူခဲ့ကြသူများအနေဖြင့် ဆည်မြောင်းတာတမံနှင့် မြစ်ရေတင်စီမံကိန်းကြီးများကို စီးပွားရေးတွက်ခြေကိုက်မှု တစ်ခုတည်းကိုသာလျှင် မကြည့်ဘဲ စိုက်ပျိုးရေးအပါအဝင် ဒေသနေလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးရည်ရွယ်ချက်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တစ်ချိန်တည်း တစ်ပြိုင်တည်း သောက်သုံးရေအခက်အခဲတွေ့ရှိနေရသော ပူပြင်းခြောက်သွေ့သည့် မိုးနည်းရပ်ဝန်းဒေသများအတွက် ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဒေသနေပြည်သူလူထု၏ အခက်အခဲနှင့် လူနေမှုဘဝအား အထိုက်အလျောက် တိုးတက်မှုရရှိစေနိုင်ရေး ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါတယ်။

ယနေ့ကမ္ဘာ့လူဦးရေသည် သန်းပေါင်း (၇၀၀၀)ကျော်ထိ တိုးတက်များပြားလာနေပြီး ကမ္ဘာမြေကြီးကို ထပ်မံမတိုးချဲ့နိုင်ဘဲ စားရေရိက္ခာလိုအပ်ချက်မှာ နေ့စဉ်တိုးတက်မြင့်မားနေပါတယ်။ ထို့အပြင် ထူးကဲရာသီဥတု ဖောက်ပြန်မှုများဖြစ်သည့် မုန်တိုင်းများကျရောက်ခြင်း၊ ငလျင်လှုပ်ခြင်း၊ မိုးကြီးရေနစ်မြုပ်ခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ မီးလောင်ခြင်း စသည့်ဘေးအန္တရာယ်များကြောင့် စားရေရိက္ခာအခက်အခဲအပါအဝင် သောက်သုံးရေအခက်အခဲအပေါ် နိုင်ငံတိုင်း အလေးဂရုပြုနေကြရပါတယ်။

မိမိတို့နိုင်ငံတော်တွင် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း၊ ၂၀၁၀ ခုနှစ် ဂီရိမုန်တိုင်း အန္တရာယ်ကျရောက်ခဲ့ရသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်၏ ထိုစဉ်က ရုန်းကန်ခဲ့ရသည့်အခြေအနေများ၊ ၂၀၁၁ ခုနှစ် လွန်ကဲမိုးရွာသွန်းမှုကြောင့် မိုးကြီးရေနစ်မြုပ်မှုဒဏ်ကျရောက်ခံစားခဲ့ကြရသည့် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အချို့၊ မန္တလေးတိုင်းဒေသကြီး မြို့နယ်အချို့တို့တွင် ကြုံတွေ့ခဲ့ရသော သဘာဝဘေးဒဏ်ပြဿနာများကို သုံးသပ်ဆင်ခြင်၍ သဘာဝဘေးဒဏ်ကာကွယ်ရေးနှင့် စားရေရိက္ခာဖူလုံရေး(Food Security) လိုအပ်ချက်အတွက် အလေးအနက်ထား စီမံလုပ်ဆောင်သွားကြရမှာ ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအဖွဲ့အနေဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအား တိကျခိုင်မာသော ဆုံးဖြတ်ချက်ဖြင့် လုပ်ငန်းတာဝန်များ အဆင့်ဆင့်ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်စေလျက်ရှိနေပါတယ်။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံနေရဆဲဖြစ်သော နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ အမျိုးသားအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု (GDP) တန်ဖိုး (၃၀)ရာခိုင်နှုန်းကျော်သည် လယ်ယာကဏ္ဍအပေါ်တွင် တည်မှီနေရဆဲဖြစ်ပါတယ်။ **"နိုင်ငံတော်၏ကိုယ်ခံအား တောင့်တင်းခိုင်မာအောင်"** လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိထိရောက်ရောက် ရင်းနှီးမြှုပ်နှံကြရပါမယ်။

ကမ္ဘာ့ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်ဖြစ်သည့် ၂၀၁၅ ခုနှစ်တွင် မိမိတို့နိုင်ငံတော်၏ ဆင်းရဲမွဲတေမှုကိန်းဂဏန်းရာခိုင်နှုန်းကို (၂၆)ရာခိုင်နှုန်းမှ (၁၆)ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရေးအတွက် နှစ်စဉ်ပျမ်းမျှ (၂)ရာခိုင်နှုန်းလျှော့ချရန်မှာ လယ်ယာကဏ္ဍထုတ်ကုန်များတိုးတက်ရေးနှင့် ကျေးလက်နေတောင်သူလယ်သမားများ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် လုံးလုံးလျားလျား တည်မှီနေကြောင်း ထင်ဟပ်နေပါတယ်။

ကမ္ဘာနှင့်အဝန်း ရာသီဥတုဖောက်ပြန်နေမှုများကြောင့် စားနပ်ရိက္ခာအခက်အခဲများ ကြုံတွေ့ရင်ဆိုင်နေရချိန်တွင် မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံခေါင်းဆောင်တာဝန်ယူခဲ့ကြသူများ၏ အမြော်အမြင်ကြီးမားစွာ တည်ဆောက်ထားရှိသည့် ဆည်မြောင်းတာတမံ၊ မြစ်ရေတင်စီမံကိန်းများကြောင့်သာ နွေစပါးနှင့် သီးထပ်၊ သီးညှပ်စိုက်ပျိုးသည့် အလေ့အထ၏အကျိုးဆက် ရိက္ခာဖူလုံမှုအတွက် မပူမပင် မကြောင့်မကြရှိနေရခြင်းဖြစ်ပါတယ်။

မကြာတော့မည့် နှစ်အနည်းငယ်ကာလအတွင်း တိုးပွားလာမည့် နိုင်ငံတော်၏ လူဦးရေ သန်း (၁၀၀)အတွက် လိုအပ်မည့်စားရေရိက္ခာ ဖူလုံမှုလိုအပ်ချက် (Food Security)အပေါ် ယနေ့ ကျွန်တော်တို့ကာလတွင် အမြော်အမြင်ရှိစွာဖြင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများအပေါ် မမိုတ်မသုန်ခိုင်မာစွာ ဆုံးဖြတ်လုပ်ကိုင်ကြရမည်ကိုလည်း ပြောကြားလိုပါတယ်။

လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းသည် အခြေခံလူတန်းစားများအတွက် **"အလုပ်အကိုင်အခွင့်အလမ်း"** ကျယ်ကျယ်ပြန့်ပြန့် ရရှိစေနိုင်ရုံမျှမက တစ်သီးပြီးတိုင်း တစ်သီး သီးနှံရာသီအလိုက် ဝင်ငွေအကြိမ်ကြိမ်အဖြစ် တိုးတက်ရရှိခံစားစေနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်၏ လယ်ယာကဏ္ဍအမျိုးသားရေးစီမံကိန်းတွင် ရာသီဥတုပေါ် မှီခိုစိုက်ပျိုးနေရသည့် မိုးကောင်းသောက်လယ်ယာစနစ်မှ ဆည်ရေသောက်စနစ် **"ရေရှည်တည်တံ့ခိုင်မြဲ ဖွံ့ဖြိုးသည့်လယ်ယာ"** ဖြစ်အောင် (Sustainable Agricultural Development)သို့ တိုးတက်ကူးပြောင်းရမည့် ရည်မှန်းချက်အပေါ် ခိုင်ခိုင်မာမာ ယုံယုံကြည်ကြည်ဖြင့် ရင်းနှီးမြှုပ်နှံအကောင်အထည်ဖော်ကြရမှာ ဖြစ်ပါတယ်။

မိမိတို့အစိုးရသစ် သက်တမ်း(၁၀)လကျော် ကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၏ ဒေသအလိုက် လိုအပ်ချက်များကို ပြည့်စုံအောင် အကောင်အထည်ဖော်ဖြည့်ဆည်းနိုင်ရန် ဘဏ္ဍာငွေအခက်အခဲ တွေ့ရှိနေရမှုအပေါ် နိုင်ငံတော်အစိုးရသစ်အနေဖြင့် မည်မျှတွက်ချက်ချိန်ဆနေကြရသည်ကို နှိုင်းယှဉ်ဆန်းစစ် စာနာနိုင်ကြခြင်းအားဖြင့် ယခင်အစိုးရကာလက အမွေဆက်ခံခဲ့ရသည့် လုပ်ငန်းများအပေါ် ပြီးပြည့်စုံသော စီမံကိန်းလုပ်ငန်းကြီးများဖြစ်အောင် နေ့ချင်းညချင်း(Total Solution) အဆင့်မရောက်ရှိခဲ့နိုင်ကြရသေးသည်ကိုလည်း လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအနေဖြင့် ပကတိအတိုင်း ရှုမြင်စာနာကြရန် လိုအပ်ပါတယ်။

ဤနေရာတွင် လယ်ယာကဏ္ဍနှင့်ပတ်သက်၍ (Total Solution)အား အနည်းငယ်မျှ နမူနာရှင်းလင်းသွားမှာဖြစ်ပါတယ်။

ဥပမာ။ ဆန်စပါးသီးနှံဆိုကြပါစို့၊

ဆည်တာတမံစီမံကိန်း/မြစ်ရေတင်စီမံကိန်းလုပ်ငန်း ➢ ရေမြောင်းစနစ်လုပ်ငန်း ➢ လယ်ယာမြေဖော်ထုတ်ပေးခြင်း ➢ သိပ္ပံနည်းကျ စိုက်နည်းစနစ်များလေ့ကျင့်ပေးခြင်း➢ လယ်ယာသုံးစက်ကိရိယာနှင့် အရည်အသွေးမီ သွင်းအားစုမြေဩဇာဖြန့်ဖြူးရောင်းချပေးခြင်း ➢ ဈေးကွက်ဝင် မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးခြင်း➢ ကိုယ်တိုင်စံနမူနာပြ ပါဝင်စိုက်ပျိုးပညာပေးခြင်း➢ထွက်ရှိလာသောစပါးများ အလေအလွင့်မရှိအောင်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✻

ပြည်ထောင်စုလွှတ်တော်မှ ပေးပို့သည့် ဆုံးဖြတ်ချက်တွင်ပါဝင်သည့် "နိုင်ငံသားများ၊ ဝန်ထမ်းများ၏ လုပ်ခ၊ လစာနှင့် ချီးမြှင့်ငွေများကို လာမည့် ဘဏ္ဍာရေးနှစ်အစတွင် မဖြစ်မနေ တိုးမြှင့်ပေးရေး" အဆိုမှာ ပြည်ထောင်စုအစိုးရက အကောင်အထည်ဖော်ရန် စဉ်းစားနေသည့်ကိစ္စဖြစ်

ဝန်ထမ်းလစာတိုးပေးရေးကိစ္စဆောင်ရွက်ရာတွင် နိုင်ငံတော်၏စီမံခန့်ခွဲမှုစနစ် အကောင်းဆုံးအနေအထားသို့ရောက်ရှိစေရန် အဓိကလိုအပ်

နိုင်ငံ့ဝန်ထမ်းများ၏ လစာ၊ လုပ်ခများ တိုးမြှင့်ပေးနိုင်ရန် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ပြီးမြောက်အောင် ဆောင်ရွက်ပြီးနောက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှသာ တိုးမြှင့်ရေးဆောင်ရွက်သင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

နိုင်ငံတော်အစိုးရက အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲရာတွင် လုပ်ငန်းလမ်းညွှန်အဖြစ် သတ်မှတ်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုလွှတ်တော်မှ တိုက်တွန်းကြောင်းအဆိုတွင်ပါရှိသော နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ခ၊ လစာစရိတ်နှင့် ချီးမြှင့်ငွေများကို လာမည့်ဘတ်ဂျက်နှစ်အစတွင် မဖြစ်မနေတိုးမြှင့်ပေးရေးကိစ္စနှင့် စပ်လျဉ်း၍ ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတကိုယ်စား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

လေးစားအပ်ပါသော ပြည်ထောင်စုလွှတ်တော်နာယကကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ဒီကနေ့ နိုင်ငံတော်အစိုးရကနေပြီးတော့ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲရာမှာ လုပ်ငန်းလမ်းညွှန်အဖြစ် သတ်မှတ်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်က တိုက်တွန်းကြောင်း အဆိုမှာပါရှိတဲ့ နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ခ၊ လစာစရိတ်နဲ့ ချီးမြှင့်ငွေများကို လာမယ့်ဘတ်ဂျက်နှစ်အစမှာ မဖြစ်မနေ တိုးမြှင့်ပေးရေးကိစ္စနှင့် စပ်လျဉ်းပြီး နိုင်ငံတော်သမ္မတ၏ကိုယ်စား ကျွန်တော် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းမှ ရှင်းလင်းဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

ကျွန်တော့်အနေဖြင့် ပြီးခဲ့သည့် ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ အထက်ပါ ဥပဒေကြမ်းနှင့် ငွေစာရင်းများကို ရေးဆွဲတင်ပြရာမှာ လုပ်ထုံးလုပ်နည်းအဆင့်ဆင့်ဖြင့် ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံတင်ပြချက်နှင့်အတူ အမျိုးသားစီမံကိန်းရည်မှန်းချက်ကိုလည်း ၂၀၁၂-၂၀၁၃ခု၊ ဘဏ္ဍာရေးနှစ်မှာ စီးပွားရေးတိုးတက်မှုနှုန်း(Growth Rate) ၇ ရာခိုင်နှုန်းရရှိအောင် ဆောင်ရွက်ရန်နှင့် ဂျီဒီပီမှာပါဝင်သည့် လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်း ၃ ဒသမ ၀ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏တိုးတက်မှုနှုန်း ၁၀ ဒသမ ၅ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်း ၈ ဒသမ ၃ ရာခိုင်နှုန်း ရရှိအောင် ဆောင်ရွက်ဖို့ ရည်မှန်းရေးဆွဲထားပါတယ်။

ထိုသို့ဆောင်ရွက်ရာမှာ ဂျီဒီပီ၌ နိုင်ငံပိုင်အခန်းကဏ္ဍပါဝင်မှု အချိုးအားလျှော့ချ၍ ပုဂ္ဂလိကပိုင်အခန်းကဏ္ဍပါဝင်မှုအချိုးအစား တိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးပါသည့် စက်မှုကဏ္ဍကြီး ဖွံ့ဖြိုးတိုးတက်မှု ပိုမိုရရှိအောင်ဆောင်ရွက်ရာမှာ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုသာမက ပြည်ပရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အမျိုးသားစီမံကိန်းရည်မှန်းချက်ပါ စီးပွားရေးတိုးတက်မှုနှုန်း ရရှိစေဖို့ ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းကို ရင်းနှီးမြှုပ်နှံမှုနှင့် ဂျီဒီပီအချိုး ၃၁ဒသမ ၉၄ ရာခိုင်နှုန်းနှင့် ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီ အချိုး ၄ ဒသမ ၉ ရာခိုင်နှုန်းဖြင့် ရေးဆွဲခဲ့ကြောင်း တင်ပြခဲ့ပြီးဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတကြီးက ပြည်ထောင်စုလွှတ်တော်၌ ပထမဦးဆုံး ပြောကြားခဲ့တဲ့ မိန့်ခွန်းမှာ ပြည်ထောင်စုအစိုးရ၏ မူဝါဒသဘောထားလမ်းစဉ်များကို ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ထိုသို့ ပြောကြားရာမှာ "တောင်သူလယ်သမားများ၊ အလုပ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာအောင် အားပေးပံ့ပိုးဆောင်ရွက်သွားရန် ဆုံးဖြတ်ချက် ချထားကြောင်း၊ အလုပ်သမားများနှင့် တစ်နေ့စာတစ်နေ့ ရှာဖွေစားကြရသည့် လက်လုပ်လက်စားသမားများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းပေါ်များရေး၊ ကုန်ဈေးနှုန်း တည်ငြိမ်ရေး၊ လုပ်ငန်းခွင်သက်သာချောင်ချိရေး၊ လူမှုဖူလုံရေး ခံစားခွင့်ရရှိရေးတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အပြင် အခြားတစ်ဖက်ကလည်း အနိမ့်ဆုံးလစာသတ်မှတ်ချက်ကို လက်ရှိ ဖြစ်ပေါ်နေသည့် လူနေမှုစရိတ်နှင့် မျှတလိုက်လျောညီထွေဖြစ်အောင် ညှိနှိုင်းကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများနှင့်အလုပ်သမားများသည် နိုင်ငံတော်၏အဓိကလူတန်းစားများဖြစ်သည့်အတွက် လုပ်လျှင်လုပ်သလောက် အကျိုးခံစားခွင့်ရရှိအောင် သင့်တင့်မျှတသည့် လူနေမှုဘဝကို ပိုင်ဆိုင်ပြီး နောင်ရေးအတွက် ပူပင်ကြောင့်ကြရန်မလိုသည့် အဆင့်မျိုးရရှိလာအောင် အစိုးရအဖွဲ့က ကြိုးပမ်းဖော်ဆောင်ပေးသွားမည်ဖြစ်ကြောင်း" မိန့်ကြားခဲ့ပြီး ဖြစ်ပါတယ်။

ကျွန်တော့်အနေနှင့် ဆက်လက်တင်ပြလိုသည်မှာ သာမန်အသုံးစရိတ်စာရင်းတွင် အမြဲတမ်းသုံးစွဲနေရသည့် ဝန်ထမ်းများ၏ လစာနှင့် ပင်စင်လစာကိစ္စများ ဖြစ်ပါတယ်။ ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် မတ်လ ၃၁ ရက်နေ့မှာ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ အကြီးအကဲများ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များအား မိန့်ခွန်းပြောကြားခဲ့ရာမှာ **"လွှတ်တော်ကိုယ်စားလှယ်အသီးသီး၏ တင်ပြချက်များအရ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှင့် ပင်စင်လစာတို့ကိုလည်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုကို အခြေခံ၍ နိုင်ငံတော်အတွင်း လှည့်လည်သုံးစွဲနေသော ငွေကြေးအခြေအနေ၊ ငွေကြေးဖောင်းပွမှုနှုန်းနှင့် ကုန်ဈေးနှုန်း အခြေအနေ၊ တစ်မျိုးသားလုံး၏ အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတို့ကို ထည့်သွင်းစဉ်းစားပြီး သင့်လျော်သောအချိန်ကာလတွင် တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း"** မိန့်ကြားခဲ့ပါတယ်။ နိုင်ငံတော် အစိုးရအနေဖြင့် ဝန်ထမ်းများအပါအဝင် နိုင်ငံသားအားလုံး၏ တစ်ဦးချင်းဝင်ငွေ တိုးတက်နိုင်ရေးအတွက် စီမံကိန်းရည်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်ကို လွှတ်တော်ကိုယ်စားလှယ်ကြီးများအသိပင် ဖြစ်ပါတယ်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးချိန်မှစ၍ နိုင်ငံတော်အစိုးရ အဆက်ဆက်တွင် နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများအား ပြင်ဆင်တိုးမြှင့် ထောက်ပံ့လာခဲ့တာကို ဆက်လက်တင်ပြလိုပါတယ်။ အစိုးရဝန်ထမ်းများ၏ လစာ၊ လုပ်ခ ပြင်ဆင်တိုးမြှင့်ပေးခြင်း၊ ရှားပါးစရိတ်ခွင့်ပြုပေးခြင်း၊ ထောက်ပံ့ကြေးခွင့်ပြုပေးခြင်းတို့ကို နိုင်ငံတော်အစိုးရမှ ၁၉၇၂ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် တစ်ကြိမ်၊ ၁၉၇၆ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် တစ်ကြိမ်၊ ၁၉၈၁ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် တစ်ကြိမ်၊ ၁၉၈၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် တစ်ကြိမ် ဆောင်ရွက်ပေးခဲ့ပါတယ်။ ၁၉၈၈ ခုနှစ် နောက်ပိုင်းမှာ ၁၉၈၉ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် တစ်ကြိမ်၊ ၁၉၉၃ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် တစ်ကြိမ်၊ ၂၀၀၀ ပြည့်နှစ် ဧပြီလ ၁ ရက်နေ့တွင် တစ်ကြိမ်၊ ၂၀၀၆ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် တစ်ကြိမ်၊ ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် တစ်ကြိမ် ဝန်ထမ်းများ၏ စားဝတ်နေရေးနှင့် သက်သာချောင်ချိရေးတို့အတွက် လစာနှုန်းထားများ၊ ပင်စင်လစာနှင့် လုပ်ခများ တိုးမြှင့်သတ်မှတ်ပေးခဲ့ပါတယ်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးလှထွန်း ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့သက်တမ်းမှာ ယခုဆိုလျှင် (၁၁)လရှိပြီ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရသစ်အနေနဲ့ စတင်တာဝန်ယူစဉ်က ပြောကြားခဲ့တဲ့ မူဝါဒသဘောထားလမ်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး လုပ်ဆောင်ဖွယ်ရာရှိသည်များကိုလည်း လုပ်ငန်းအဆင့်အလိုက် ပြင်ဆင်ပြောင်းလဲပြီး ဆောင်ရွက်နေတာကို လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မြင်တွေ့နိုင်မှာဖြစ်ပါတယ်။ ဒီလို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာမှာ နိုင်ငံတော်သမ္မတကြီးမှ ပြောကြားခဲ့သည့်အတိုင်း အဆောတလျင် ဆောင်ရွက်ပေးဖို့ လိုအပ်တဲ့ အငြိမ်းစားဝန်ထမ်းများရဲ့ လစာငွေများကို ပြည်ထောင်စုအစိုးရမှ ၂၀၁၁ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှစပြီး တိုးမြှင့်ပေးခဲ့ပြီးဖြစ်ပါတယ်။ ထိုသို့ တိုးမြှင့်ခဲ့သည့်အတွက် ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကုန်ကျမည့် ပင်စင်လစာ စုစုပေါင်းကျပ် ၂၆၁ ဒသမ ၀၁၈ ဘီလီယံဖြစ်၍ မူလပင်စင်အသုံးစရိတ်ထက် **ကျပ် ၁၇၄ ဒသမ ၆၅၁ ဘီလီယံ**ပိုမို ကုန်ကျခဲ့ပါတယ်။ နိုင်ငံ့ဝန်ထမ်းပင်စင်စားများအတွက် ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း (၉)လစာသာ တိုးပေးခဲ့ရသော်လည်း လာမည့်နှစ် ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ် ပင်စင်လစာ တစ်နှစ်စာလုံးထုတ်ပေးရမည်ဖြစ်ပါသဖြင့် **ကျပ် ၃၃၅ ဒသမ ၄၁၅ ဘီလီယံ** ကုန်ကျမည်ဖြစ်ပြီး နှစ်စဉ်တိုးတက်လာသော အငြိမ်းစားဝန်ထမ်းများအတွက် ပင်စင်လစာများကိုလည်း ပိုမိုသုံးစွဲသွားရမှာဖြစ်ပါတယ်။ ဝန်ထမ်းများရဲ့ လစာငွေများကို တိုးမြှင့်ပေးရမည်ဆိုပါက ပင်စင်စားများ၏ လစာငွေများကိုလည်း ထပ်မံတိုးပေးရမည့် အခြေအနေရှိကြောင်းလည်း တင်ပြအပ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်တွင် ဝေးလံခေါင်သီတဲ့ဒေသတွေမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းတွေအတွက် ယခင်က သတ်မှတ်ခဲ့တဲ့ဒေသ စရိတ်နှုန်းထားတွေဟာ ခေတ်ကာလ အခြေအနေနဲ့ကိုက်ညီမှုမရှိတာကတစ်ကြောင်း၊ ဒီလိုနေရာမျိုးတွေမှာ အနစ်နာခံပြီး သွားရောက်ထမ်းဆောင်ကြတဲ့ ဝန်ထမ်းတွေအတွက် နိုင်ငံတော်အနေနဲ့ ချီးမြှင့်လိုတာကတစ်ကြောင်း၊ ဒီလိုဒေသတွေမှာ သွားရောက်ထမ်းဆောင်ချင်တဲ့ ဝန်ထမ်းအရေအတွက် တိုးပွားလာစေချင်တာက တစ်ကြောင်း၊ ပြည်သူ့အကျိုးအတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးများမှ တိုက်တွန်းတင်ပြခဲ့တာက တစ်ကြောင်းတို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ဝေးလံခေါင်သီတဲ့ဒေသတွေမှာ တာဝန်ထမ်းဆောင်ကြတဲ့ ဝန်ထမ်းများရဲ့ ဒေသစရိတ်နှုန်းထားများကို ပြင်ဆင်သတ်မှတ်ရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

လူမှုရေးခက်ခဲတဲ့ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်များနဲ့ အဲဒီမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းအခြေအနေကို တင်ပြရမယ်ဆိုလျှင်-

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	လူမှုရေးခက်ခဲသော မြို့နယ်များ	ဝန်ထမ်းဦးရေ
(က)	ကချင်ပြည်နယ်	၁၅	၄၂၆၀
(ခ)	ကယားပြည်နယ်	၅	၁၂၀၈
(ဂ)	ကရင်ပြည်နယ်	၁၀	၄၀၅၂
(ဃ)	ချင်းပြည်နယ်	၁၂	၁၂၉၈၂
(င)	စစ်ကိုင်းတိုင်းဒေသကြီး	၁၁	၆၇၄၉
(စ)	တနင်္သာရီတိုင်းဒေသကြီး	၂	၁၂၅၈
(ဆ)	ရခိုင်ပြည်နယ်	၂	၁၂၆၆
(ဇ)	ရန်ကုန်တိုင်းဒေသကြီး	၁	၁၆၈
(ဈ)	ရှမ်းပြည်နယ်	၂၇	၅၈၇၃
	စုစုပေါင်း	၈၅	၃၇၈၁၇

အဲဒီဒေသစရိတ်နှုန်းထားတွေကို လက်ရှိရရှိနေတဲ့ မူရင်းလစာအပေါ်မှာ ၁၀၀ ရာခိုင်နှုန်း ထပ်ဆောင်းခွင့်ပြုမယ်ဆိုရင် ဝေးလံခေါင်သီတဲ့ ဒေသတွေမှာ တာဝန်ထမ်းဆောင်ကြတဲ့ ဝန်ထမ်းပေါင်း (၃၇၈၁၇) ဦးအတွက် ထပ်မံ ကုန်ကျမယ့်ငွေဟာ ကျပ်၂၂ ဒသမ ၅၈၉ ဘီလီယံ ဖြစ်လာမှာ ဖြစ်ပါတယ်။

နာယကကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ **"ကျောင်းဆရာ၊ ဆရာမများ၏ လစာနှင့် စရိတ်၊ ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ဝန်ထမ်းများနှင့် အောက်ခြေအုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ လစာနှင့်စရိတ်များကို လုံလောက်မျှတစွာ ချီးမြှင့်ပေးရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နေကြသည့် လိုအပ်လျှင် နိုင်ငံနှင့် နိုင်ငံသားများအတွက် အသက်ပေးစွန့်လွှတ်နေကြသော တပ်မတော်သားများ၏ ရိက္ခာစရိတ်၊ စစ်ဝတ်နှင့် အသုံးအဆောင်စရိတ် အပါအဝင် အခြားစရိတ်များကိုလည်း အနည်းဆုံး ၁၉၅၉-၁၉၆၀ ခုနှစ်က ရရှိထားသည့် စရိတ်များ၏ တန်ဖိုးအတိုင်းရရှိအောင် ခွင့်ပြုပေးသင့်ကြောင်း"** ကို ပြောကြားခဲ့ပါတယ်။ ဒီလို ပြောကြားချက်နဲ့ပတ်သက်ပြီး လစာမှာ စရိတ်တစ်ခုတည်းကိုသာ မစဉ်းစားဘဲ လစာနှင့်စရိတ်ကို တစ်ပေါင်းတည်း တွက်ချက်ပြီး ၁၉၅၉-၁၉၆၀ ခုနှစ်ရဲ့ နှုန်းထားနဲ့ ယနေ့ဖြစ်ပေါ်မယ့်အခြေအနေကို ရှင်းလင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

နိုင်ငံ့ဝန်ထမ်းအားလုံးရဲ့ လုပ်ခ၊ လစာစရိတ်နှင့် ချီးမြှင့်ငွေတွေကို ၁၉၅၉-၁၉၆၀ ခုနှစ်က ရရှိထားတဲ့ စရိတ်များရဲ့ တန်ဖိုးအတိုင်းရရှိအောင် ဆောင်ရွက်ပေးကြရမယ်ဆိုရင် အဲဒီတုန်းက စပါးဈေး၊ ဆန်ဈေး၊ ရွှေဈေးနဲ့ လုပ်ခ၊ လစာစရိတ်တွေကို သိရှိနိုင်ဖို့ လိုအပ်ပါမယ်။ အဲဒီအချိန်တုန်းက စပါးဈေးနှုန်းကို ပြန်ကြည့်မယ်ဆိုရင် စပါးတင်းတစ်ရာကို ၃၅၀ ကျပ်၊ ဆန်တစ်ပြည်ကို ၈၈ ပြားနဲ့ ရွှေတစ်ကျပ်သားလျှင် ၂၇၂ ကျပ်ဖြစ်ပါတယ်။ ထိုအချိန်က အနိမ့်ဆုံးမြို့ပြဝန်ထမ်းတစ်ဦး၏ လစာမှာ ၈၂ ကျပ်ဖြစ်ပြီး ဒီလစာနဲ့ ရွှေ ၀ ဒသမ ၃၀ကျပ်သား ဝယ်ယူနိုင်ကြောင်း တွေ့ရပါတယ်။ ယနေ့ရွှေပေါက်ဈေးအရ ရွှေ ၀ ဒသမ ၃၀ ကျပ်သားဝယ်ယူဖို့ ငွေကျပ် ၂၁၀၀၀၀ ကုန်ကျမှာဖြစ်လို့ အနိမ့်ဆုံးဝန်ထမ်းရဲ့ လစာကို ကျပ် ၂၁၀၀၀၀ ခန့်အထိ ထားရှိပေးဖို့ အခြေခံစဉ်းစားရမှာ ဖြစ်ပါတယ်။ ယင်းငွေပမာဏမှာ ယနေ့နိုင်ငံခြားငွေဈေးအရ အမေရိကန်ဒေါ်လာ ၂၆၃ ခန့်ဖြစ်ပါတယ်။ ပတ်ဝန်းကျင်နိုင်ငံအချို့၏ အနည်းဆုံးလစာမှာ အမေရိကန်ဒေါ်လာ ၁၀၀ အောက်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါ့ကြောင့် ဝန်ထမ်းလစာများ တိုးပေးဖို့ စဉ်းစားတဲ့နေရာမှာ လက်ရှိရွှေဈေးနှုန်းအရ တိုးတက်လာသည့်အဆပေါင်းမှာ ၂၅၀၀ ကျော်ရှိပြီး လက်ရှိ စပါးဈေးနှုန်းအရ တိုးတက်လာသည့် အဆပေါင်းမှာ ၁၀၀၀ ကျော်ရှိသည့်အတွက် ရွှေဈေးနှုန်းဖြင့် မတွက်တော့ဘဲ သူ့ထက်နည်းတဲ့ စပါးဈေးနှုန်းနဲ့ နှိုင်းယှဉ်တွက်ချက်ကြည့်ပါမယ်။

၁၉၅၉-၁၉၆၀ ခုနှစ် စပါးဈေးနှုန်းများနှင့်နှိုင်းယှဉ်လျှင် ယနေ့ခေတ် ဈေးနှုန်းမှာ အဆ ၁၀၀၀ ကျော်ရှိမည်ဖြစ်ပါသဖြင့် ဝန်ထမ်းလစာကို အဆ ၁၀၀၀ ဖြင့် တွက်ချက်ပါက အောက်ပါအတိုင်းဖြစ်လာပါမယ်-

(က) အနိမ့်ဆုံးမြို့ပြဝန်ထမ်းတစ်ဦး (သို့မဟုတ်) တပ်မတော်သားတစ်ဦး၏ လစာ ကျပ် ၈၂၀၀၀နှင့် အမြင့်ဆုံးဝန်ထမ်းတစ်ဦး၏ လစာကို ကျပ် ၁၆၀၀၀၀၀ အထိ တိုးမြှင့်ပေးရမည်ဖြစ်ပါတယ်။

(ခ) သို့ပါ၍ လစာနှင့်စရိတ် စုစုပေါင်း ကျပ် ၃၃၀၉ ဒသမ ၂၈၆ ဘီလီယံ သုံးစွဲရမည်ဖြစ်သဖြင့် လက်ရှိလစာနှင့် စရိတ် စုစုပေါင်း ကျပ် ၉၁၁ ဒသမ ၃၈၅ ဘီလီယံထက် ကျပ် ၂၃၉၇ ဒသမ ၉၀၁ ဘီလီယံ ပိုမိုကုန်ကျပါမယ်။

(ဂ) အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာကို ဝန်ထမ်းလစာ တိုးသကဲ့သို့ လိုက်လျောညီထွေတိုးမြှင့်ရမှာဖြစ်တဲ့အတွက် ပင်စင် လစာစုစုပေါင်း ကျပ် ၁၉၂၅ ဒသမ ၂၈၂ ဘီလီယံ သုံးစွဲရမှာဖြစ်ပြီး လက်ရှိပင်စင်လစာ စုစုပေါင်း ကျပ် ၃၃၅ ဒသမ ၄၁၅ ဘီလီယံထက် ကျပ် ၁၅၈၉ ဒသမ ၈၆၇ ဘီလီယံ ပိုမိုကုန်ကျပါမယ်။

(ဃ) ထိုနည်းတူ ဝေးလံခေါင်သီပြီး လူမှုရေးခက်ခဲတဲ့ ဒေသတွေမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းများရဲ့ လစာများ ထပ်ဆောင်းပေးပါက ကုန်ကျမယ့်ငွေဟာ ကျပ် ၁၂၉ ဒသမ ၆၆၀ ဘီလီယံဖြစ်တဲ့အတွက် ကျပ် ၁၀၇ ဒသမ ၀၇၂ ဘီလီယံ ပိုမိုကုန်ကျပါမယ်။

(င) ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ရသုံးခန့်မှန်းခြေငွေစာရင်းလိုငွေမှာ ကျပ် ၂၅၁၇ ဒသမ ၈၈၈ ဘီလီယံဖြစ်လို့ ယခုကဲ့သို့ ၁၉၅၉-၁၉၆၀ ခုနှစ် တန်ဖိုးအတိုင်းရရှိအောင် လစာကို တိုးမြှင့်လိုက်ပါက ဘတ်ဂျက်လိုငွေမှာ ကျပ် ၆၆၀၂ ဒသမ ၇၂၈ ဘီလီယံ ဖြစ်ပေါ်လာပါမယ်။

(စ) သို့ပါ၍ လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၁၂ ဒသမ ၈၇ ရာခိုင်နှုန်း ဖြစ်လာပါမယ်။

အကယ်၍ ဝန်ထမ်းများရဲ့ လစာကို လက်ရှိလစာ၏ ၁၀၀ ရာခိုင်နှုန်း တိုးမြှင့်တွက်ချက်မည်ဆိုလျှင် အောက်ပါအတိုင်း ဖြစ်လာပါမယ်-

(က) အနိမ့်ဆုံးလစာမှာ ကျပ် ၇၀၀၀၀ နဲ့ အမြင့်ဆုံးလစာ ကျပ် ၄၂၀၀၀၀ ဖြစ်သဖြင့် လစာနှင့်စရိတ် စုစုပေါင်းကျပ် ၁၈၂၂ ဒသမ ၇၇၀ ဘီလီယံ သုံးစွဲရမည် ဖြစ်ပါတယ်။

(ခ) သို့ပါ၍ လက်ရှိလစာနဲ့ စရိတ်ထက် ကျပ် ၉၁၁ ဒသမ ၃၈၅ ဘီလီယံ ပိုမိုကုန်ကျပါမယ်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

စက်မှုဖွံ့ဖြိုးရေးစီမံကိန်းကြောင့် ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ အဆင့်မြင့်နည်းပညာများ ဖွံ့ဖြိုးတိုးတက်နိုင်ခြင်း၊ စက်ပစ္စည်းများကို ပြည်ပအမှီအခိုကင်းစွာ ထုတ်လုပ်နိုင်ခြင်း၊ စက်ရုံစက်လိုင်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထုတ်လုပ်ပြီး SME များ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ အနာဂတ်စက်မှုလိုအပ်ချက်များအပေါ် မိမိကိုယ်တိုင် ပုံစံထုတ်၍ ထုတ်လုပ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ဆင့်ပွားရရှိခံစားနိုင်မည်ဖြစ်

နိုင်ငံတော်၏ ရေရှည်ရည်မှန်းချက်ဖြစ်သည့်အတွက် စက်မှုဖွံ့ဖြိုးရေး ရင်းနှီးမြှုပ်နှံမှုများကို ယခုအချိန်မှစ၍ စွမ်းအားရှိသမျှ စတင်ဆောင်ရွက်သင့်

မြန်မြန်ဆန်ဆန်ပြီးစီးသည်နှင့်အမျှ နိုင်ငံအတွက် အကျိုးဖြစ်ထွန်းမည်ကို မဟာဗျူဟာအမြင်ဖြင့် ရှုမြင်ဆင်ခြင်အပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ စက်မှုဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ နိုင်ငံတော်၏ မူဝါဒများနှင့် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသော ကိစ္စရပ်များနှင့်ပတ်သက်၍ ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတကိုယ်စား မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးက ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

လေးစားအပ်ပါသော ပြည်ထောင်စုလွှတ်တော် နာယကကြီးခင်ဗျား-

နာယကကြီး၏ ခွင့်ပြုချက်အရ ယနေ့ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၏ အကြံပြုဆွေးနွေးချက်များအပေါ် ပြည်ထောင်စုလွှတ်တော် နည်းဥပဒေ ၁၂၇ နှင့်အညီ စက်မှုဖွံ့ဖြိုးရေးဆိုင်ရာ နိုင်ငံတော်၏ မူဝါဒများနှင့် နိုင်ငံတော်၏ အခြေအနေ အရပ်ရပ်နှင့်စပ်လျဉ်းသော ကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတကိုယ်စား မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ တင်ပြသွားမှာ ဖြစ်ပါတယ်။

စက်မှုဖွံ့ဖြိုးရေးစီမံကိန်းနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို ၁-၂-၂၀၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် တင်ပြခဲ့ပြီးဖြစ်သဖြင့် ထပ်မံတင်ပြခြင်း မပြုတော့ဘဲ နိုင်ငံတော်၏ စက်မှုဖွံ့ဖြိုးရေးမူဝါဒများ၊ စီမံကိန်း၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်၊ စီမံကိန်းအတွက် အခြေခံစဉ်းစားဆောင်ရွက်ခဲ့သည့် စက်မှုအခြေခံအချက်အလက်များ၊ လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းဖြစ်နိုင်စွမ်းနှင့် စီးပွားရေးအရ တွက်ခြေကိုက်မှုဆိုင်ရာ အချက်အလက်များ၊ နိုင်ငံအကျိုးနှင့် ပြည်သူလူထု အကျိုးဖြစ်ထွန်းမှုဆိုင်ရာ ရည်မှန်းချက်များနှင့် ပကတိအခြေအနေအရပ်ရပ်တို့ကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတက (၃၀-၃-၂၀၁၁) ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်၌ အခြေပြု မိန့်ခွန်းပြောကြားရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ မူဝါဒသဘောထား လမ်းစဉ်ကို အောက်ပါအတိုင်း ဖော်ပြခဲ့ပါတယ်-

(က) **ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံဆိုပြီး အစိုးရအဆက်ဆက် စိုက်ပျိုးရေးကိုပဲ ဇောင်းပေးပြီး လုပ်ခဲ့ကြပါတယ်။ အဲဒီလိုလုပ်ခဲ့တဲ့အတွက် စားရေရိက္ခာဖူလုံမှုရှိတဲ့အပြင် ပိုလျှံမှုလည်း ရှိပါတယ်။ နောင်တိုးလာမယ့် လူဦးရေအတွက်လည်း စားနပ်ရိက္ခာအတွက် ပူပင်ကြောင့်ကြမှု မရှိရအောင် ဆည်မြောင်းတာတမံတွေ၊ မြစ်ရေတင်လုပ်ငန်းတွေ စသည်ဖြင့် လယ်ယာကဏ္ဍ အခြေခံကောင်းတွေ ရှိနေပြီဖြစ်ပါတယ်။ သို့သော်လည်း စိုက်ပျိုးရေးနဲ့ ချမ်းသာကြွယ်ဝတဲ့နိုင်ငံ ဖြစ်မလာနိုင်တဲ့အတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံ၊ ချမ်းသာကြွယ်ဝတဲ့နိုင်ငံ၊ အလုပ်အကိုင်တွေပေါ်များပြီး လူတစ်ဦးချင်း ဝင်ငွေတွေ တိုးပွားတဲ့နိုင်ငံဖြစ်အောင် စက်မှုနိုင်ငံ ထူထောင်ရပါမယ်။**

(ခ) **စက်မှုနိုင်ငံ ထူထောင်နိုင်ဖို့အတွက် ကျွန်တော်တို့နိုင်ငံမှာ သဘာဝအရင်းအမြစ်တွေရှိပါတယ်။ သို့သော်လည်း အရင်းအနှီးတွေ လိုပါတယ်။ စွမ်းအင်လိုပါတယ်။ အသိပညာရှင်၊ အတတ်ပညာရှင် စတဲ့ လူသားအရင်းအမြစ်တွေ လိုပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီးတော့လည်း ထိုက်သင့်တဲ့ အမွေခံကောင်းတွေ ရရှိထားပြီးဖြစ်လို့ ကျွန်တော်တို့ ကြိုးစားပြီးလုပ်သွားရင် ဖြစ်မလာနိုင်စရာ မရှိပါဘူး။ ဒါကြောင့် ကျွန်တော်တို့အစိုးရအနေနဲ့ လက်ရှိတိုးတက်မှုရှိနေတဲ့ စိုက်ပျိုးရေး ကဏ္ဍကို အရှိန်အဟုန်မပျက် ဆက်လက်တိုးတက်အောင် ဆောင်ရွက်ရင်း စက်မှုနိုင်ငံအဖြစ် ကူးပြောင်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။**

(ဂ) **နောက်တစ်ချက်က တိုင်းပြည် တကယ်ခေတ်မီဖွံ့ဖြိုးတိုးတက်စေချင်တယ်၊ စီးပွားရေး တကယ်အောင်မြင် မြင့်မားစေချင်တယ်ဆိုရင် စက်မှုကဏ္ဍကို အဓိကထားပြီး ဆောင်ရွက်ရပါမယ်။ ဒါကြောင့် တပ်မတော်အစိုးရက စက်မှုနိုင်ငံအဆင့်ကို လှမ်းတက်နိုင်ဖို့ တတ်စွမ်းသမျှ ကြိုးပမ်းဖော်ဆောင်ခဲ့ခြင်းပဲဖြစ်ပါတယ်။ ယခုအချိန်မှာ ခေတ်မီစက်မှုနိုင်ငံ တစ်နိုင်ငံရဲ့ အစခရီးကို စတင်လျှောက်လှမ်းနိုင်ခဲ့ပြီး ဆက်လက်တိုးတက်ဖွံ့ဖြိုးလာမယ့် အလားအလာကောင်းများကိုလည်း ပိုင်ဆိုင်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ စက်မှုနိုင်ငံအဆင့် တက်လှမ်းနိုင်ဖို့ ကြိုးပမ်းရာမှာ စိုက်ပျိုးရေးကဏ္ဍက ရရှိလာတဲ့ ခွန်အင်အားနှင့် ပြည်တွင်းပြည်ပ အရင်းအနှီးများကို ရယူပြီး ခေတ်မီစက်မှုနိုင်ငံအဖြစ် ထူထောင်သွားဖို့ ရည်မှန်းထားပါတယ်။**

နိုင်ငံတော်သမ္မတ၏ အခြေပြုမိန့်ခွန်းပါ ပြည်ထောင်စုအစိုးရ၏ စက်မှုဖွံ့ဖြိုးရေး မူဝါဒသည် မြန်မာနိုင်ငံ၏ လက်ရှိပကတိအခြေအနေအရပ်ရပ်နှင့် ကိုက်ညီသည်သာမက လက်ရှိနိုင်ငံတကာအခြေအနေ၊ ဒေသတွင်းအခြေအနေများနှင့်ပါ ထင်ဟပ်မှုရှိကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံအားလုံးသည် စက်မှုဖွံ့ဖြိုးသည့် နိုင်ငံများ ဖြစ်ပါတယ်။ အိမ်နီးချင်းထိုင်းနိုင်ငံ၏ GDP တွင် စက်မှုကဏ္ဍအချိုး ၄၅ ဒသမ ၆%နှင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၂၆၇ ဒသမ ၆၃ ဘီလီယံဖိုးရှိပါတယ်။ မြန်မာနိုင်ငံ၏ GDP တွင် စက်မှုကဏ္ဍအချိုး ၂၄ ဒသမ ၃%နှင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၅၈ ဘီလီယံရှိသည်ကို နှိုင်းယှဉ်ပါက လက်ရှိစက်မှုဖွံ့ဖြိုးမှု အခြေအနေမှ တိုးတက်အောင် မည်မျှကြိုးစားရမည်ကို ထင်ရှားစွာ သိမြင်နိုင်ပါတယ်။ အခြားသော အာဆီယံနိုင်ငံများ၏ GDP တွင် စက်မှုကဏ္ဍပါဝင်မှု အချိုးအစားများကို ဆန်းစစ်ပါက အင်ဒိုနီးရှားနိုင်ငံ ၄၆ ဒသမ ၄%၊ ထိုင်းနိုင်ငံ ၄၅ ဒသမ ၆%၊ မလေးရှားနိုင်ငံ ၄၁ ဒသမ ၆%၊ ဗီယက်နမ်နိုင်ငံ ၄၁ ဒသမ ၁%၊ လာအိုနိုင်ငံ ၃၁ ဒသမ ၇%၊ ဖိလစ်ပိုင်နိုင်ငံ ၃၁ ဒသမ ၃%နှင့် ကမ္ဘောဒီးယားနိုင်ငံ ၂၁ ဒသမ ၄% အသီးသီး ဖြစ်သဖြင့် မြန်မာနိုင်ငံ၏ စက်မှုကုန်ထုတ်လုပ်မှုအခြေအနေ နိမ့်ကျနေမှုကို သုံးသပ်နိုင်ပါတယ်။

မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ASEAN Vision 2020 တွင် အာဆီယံနိုင်ငံများသည် စက်မှုစီးပွားရေးဘဝ (Industrialized Economy)သို့ တက်လှမ်းရန် ရည်မှန်းချက်ထားရှိပြီးဖြစ်ပါတယ်။ CLMV နိုင်ငံများတွင် ပါဝင်သော ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့သည် စက်မှုနိုင်ငံဖြစ်ထွန်းရေး ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နေကြပြီဖြစ်ပါတယ်။

နိုင်ငံတော်၏ အမျိုးသားစီမံကိန်း ပဉ္စမကာလတို (၅)နှစ်စီမံကိန်း ရည်မှန်းချက်အရ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၄ ဒသမ ၂% အထိ ဖြစ်ပေါ်စေရန်နှင့် နှစ်စဉ်တိုးတက်မှု ၁၄ ဒသမ ၁% ရရှိစေရန် ရည်မှန်းချက်ထားရှိပါတယ်။ ယင်းသို့ တိုးတက်မှုရှိရန်အတွက် စက်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုကို မလွဲမသွေပြုလုပ်ရန် လိုအပ်မည်ဖြစ်ပါတယ်။ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာ၊ အတတ်ပညာနှင့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုကို အားပေးရေး၊ နိုင်ငံပိုင်ကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍ၊ အများပိုင်ကဏ္ဍ၊ ဖက်စပ်ပိုင်ကဏ္ဍ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့ ကျယ်ကျယ်ပြန့်ပြန့် ပေါင်းစပ်ပါဝင်သော အမျိုးသားစက်မှုဖွံ့ဖြိုးရေး အခြေအနေ ဖြစ်ပေါ်ရေးတို့ကို မူဝါဒတွင် ထည့်သွင်းချမှတ်ထားခြင်းဖြစ်ပါတယ်။

စက်မှုဖွံ့ဖြိုးရေးစီမံကိန်း၏ အခြေခံအချက်အလက်များကို စဉ်းစားရာတွင် နိုင်ငံအကျိုးနှင့် ပြည်သူလူထုအကျိုးကို ပထမဦးစားပေး၍ စဉ်းစားခဲ့ပါတယ်။ စက်မှုနိုင်ငံအဖြစ်သို့ တက်လှမ်းနိုင်ခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ၊ ချမ်းသာကြွယ်ဝသည့်နိုင်ငံ၊ အလုပ်အကိုင်အခွင့်အလမ်းပေါ်များပြီး လူတစ်ဦးချင်း ဝင်ငွေတိုးပွားသည့် နိုင်ငံဖြစ်တည်ရေးဟူသော နိုင်ငံအကျိုးကို ပထမဦးစားပေး၍ စဉ်းစားခဲ့ပါတယ်။ တစ်ဆက်တည်း၌ပင် ပြည်သူလူထုအကျိုးကို ရှေးရှုလျက် စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုရန် အခက်အခဲရှိနေသော မြန်မာနိုင်ငံအလယ်ပိုင်း မိုးခေါင်ရေရှားဒေသရှိ ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရေးကို ရည်မှန်းချက်ထားကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

စီမံကိန်းဒေသတွင် အကျုံးဝင်သည့် မြင်းခြံခရိုင်၊ ပခုက္ကူခရိုင်၊ မကွေးခရိုင်၊ မင်းဘူးခရိုင်၊ မိတ္ထီလာခရိုင်၊ ညောင်ဦးခရိုင်၊ ကျောက်ဆည်ခရိုင်တို့တွင် လူဦးရေ (၈)သန်းကျော် နေထိုင်ကြပြီး မြေဧက (၉၄၃၉၃၆) ခန့် ရှိသော်လည်း မိုးရေချိန်ပျမ်းမျှ ၂၀ လက်မမှ ၃၀ လက်မခန့်သာ ရွာသွန်းသည့်အတွက် ဆည် (၇၇) ခုနှင့် မြစ်ရေတင်စီမံကိန်း (၁၁၄) ခုကို ဆောင်ရွက်ပေးပြီးဖြစ်သည့်တိုင် စိုက်ပျိုးရေး ရေအခက်အခဲရှိနေဆဲပင် ဖြစ်ပါတယ်။ နွေရာသီကာလတွင် သောက်သုံးရေအတွက်ပင် အခက်အခဲရှိသဖြင့် ပြည်သူများသည် ဝေးလံသော ရှမ်းပြည်နယ်သို့ သွားရောက်၍ လက်ဖက်ခူးအလုပ်လုပ်ကိုင်ခြင်း၊ နိုင်ငံအနှံ့အပြားသို့ သွားရောက်၍ ဆောက်လုပ်ရေးလုပ်ငန်းများတွင် အလုပ်ကြမ်းလုပ်ကိုင်ခြင်း၊ ထင်းခုတ်၊ ဝါးခုတ် အလုပ်တို့ဖြင့် အသက်မွေးဝမ်းကျောင်း ပြုရသည့်အတွက် တောပြုန်းမှု၊ သဘာဝပတ်ဝန်းကျင် ပျက်ယွင်းမှုများဖြစ်ပေါ်ကာ ရာသီဥတု ပိုမိုဖောက်ပြန်သည့် အဆိုးသံသရာများဖြင့် ကျင်လည်ခဲ့သည်မှာ ပကတိအခြေအနေများပင် ဖြစ်ပါတယ်။

အဆိုပါဒေသတွင် စက်မှုဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ခြင်းဖြင့် စီမံကိန်းပြီးစီးသည့်အချိန်တွင် ပင်မစက်ရုံများ၌ပင် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၀၀၀၀၀ ခန့်ကို ဖန်တီးပေးနိုင်မှာ ဖြစ်ပါတယ်။ ဆက်လက်ဖြစ်ထွန်းလာသည့် ဆင့်ပွားစက်ရုံ များ၏ သဘောသဘာဝအရ စက်ရုံအရေအတွက် ပိုမိုများပြားခြင်း၊ လူအင်အား ပိုမိုများပြားခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိမည်ဖြစ်သည့်အပြင် ယင်းစက်မှုလုပ်ငန်းများကို အခြေပြု၍ သယ်ယူပို့ဆောင်ရေး၊ အရောင်းအဝယ်၊ ဝန်ဆောင်မှု၊ ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများ အစရှိသည့် Secondary Business များ ထပ်မံဖြစ်ထွန်းလာသော သဘာဝရှိသည့်အားလျော်စွာ စုစုပေါင်း အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၀၀၀၀၀ မှ ၅၀၀၀၀၀ ခန့်အထိ ဖြစ်ထွန်းလာမည်ဟု ရည်မှန်းထားရှိပါတယ်။

ယင်းကဲ့သို့သော အလုပ်အကိုင်အခွင့်အလမ်း ဖြစ်ထွန်းမှုမှတစ်ဆင့် စက်ရုံများ၏ လူနေအဆောက်အအုံများ၊ လူနေဇရိယာများသည် လက်ရှိကျေးရွာများနှင့် အဆင့်ဆင့် ပေါင်းစည်းလျက် နေထိုင်ရေးအဆင့်အတန်း ပိုမိုမြင့်မားသော စက်မှုမြို့များအဖြစ် ထွန်းကားလာပြီး ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အကျိုးကျေးဇူးများကိုလည်း ဖြစ်ထွန်းလာစေမည်ဟု မျှော်မှန်းသုံးသပ်ပါတယ်။

စက်မှုဖွံ့ဖြိုးရေးစီမံကိန်းဒေသကို ရွေးချယ်ရာတွင် ဒေသ၏ လူမှုစီးပွားရေး အခြေခံ အချက်အလက်များအပြင် စီမံကိန်း၏သွင်းအားစုနှင့် သက်ဆိုင်သော အချက်အလက်များနှင့် စက်မှုအခြေခံအချက်အလက်များကိုလည်း အောက်ပါအတိုင်း စဉ်းစားဆောင်ရွက်ခဲ့ပါတယ်-

(က) ကုန်ကြမ်းရရှိမှု
(ခ) စွမ်းအင်လိုအပ်ချက်များဖြစ်သော လျှပ်စစ်ဓာတ်အား၊ သဘာဝဓာတ်ငွေ့နှင့် ရေရရှိမှု
(ဂ) သယ်ယူပို့ဆောင်ရေးအခြေအနေ
(ဃ) လူသားအရင်းအမြစ်ရရှိမှု
(င) အခြားသောစက်မှုလုပ်ငန်းများနှင့် ပေါင်းစည်းဆက်နွယ်မှု

စက်မှုဖွံ့ဖြိုးရေးစီမံကိန်း၏ အဓိကကုန်ကြမ်းလိုအပ်ချက်မှာ သံမဏိနှင့် သက်ဆိုင်သော Pig Iron, Steel Scrap နှင့် Steel Slab များဖြစ်ပါတယ်။ မြင်းခြံသံမဏိစက်ရုံ Integrated Steel Complex တွင် ပင်းပက်မှ Iron Ore ကို အသုံးပြုလျက် Pig Iron, Steel Slab, Steel plate များကို နှစ်စဉ်တန်ချိန် (၄၅၀၀၀၀) အထိ ထုတ်လုပ်ပေးနိုင်သဖြင့် ယင်းကုန်ကြမ်းကို အသုံးပြုနိုင်မှာဖြစ်ပါတယ်။ အထူးအစိတ်အပိုင်းများအတွက် လိုအပ်သော Special Alloy Steel အမျိုးမျိုးကို Pig Iron နှင့် Scrap ကုန်ကြမ်းများအသုံးပြုလျက် စီမံကိန်းစက်ရုံ၌ပင် ထုတ်လုပ်နိုင်စွမ်းရှိမည်ဖြစ်ပါတယ်။ အပြန်အလှန်အားဖြင့် မြင်းခြံသံမဏိစက်ရုံအတွက် လိုအပ်သော Steel Mill Machinery များ၊ Rolls များ၊ Spares များကို စီမံကိန်းစက်ရုံမှ ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည့်အပြင် အနာဂတ်တိုးချဲ့မှုများအတွက် Steel Mill Plant တစ်ခုလုံးကိုလည်း ကိုယ်တိုင် ပုံစံထုတ်၍ ထုတ်လုပ်ပေးနိုင်စွမ်းရှိမည်ဖြစ်ပါတယ်။

အလားတူ စက်မှုဖွံ့ဖြိုးရေးစီမံကိန်းဒေသတွင်း၌ တည်ရှိသော စက်နှင့်စက်ကိရိယာပစ္စည်းထုတ်လုပ်မှု စက်ရုံ(မြိုင်)နှင့် မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ (မကွေး)တို့နှင့်လည်း အပြန်အလှန် အထောက်အကူပြု ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပါတယ်။ ထို့အတူ စီမံကိန်းဒေသတွင်း၌ ဘိလပ်မြေစက်ရုံ (၁၈)ရုံခန့် တည်ရှိ သည့်အားလျော်စွာ ပြည်ပမှ မှီခိုနေရသည့် Spare Parts များကို ထုတ်လုပ်ပေးခြင်း ဖြင့် ဘိလပ်မြေစက်ရုံများ၏ ထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပါတယ်။ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဘိလပ်မြေတန်ချိန် (၁ ဒသမ ၆) သန်းခန့် ပြည်ပမှ ဝယ်ယူ ခဲ့ရပြီး နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ သန်း (၁၅၀)ခန့် သုံးစွဲရသည်ဖြစ်ရာ ယင်းအနေအထားမှ ရုန်းထွက်နိုင်ရန် ကြိုးပမ်းရမည်ဟု သုံးသပ်ရပါတယ်။

Source Industry ထူထောင်ရာတွင် စွမ်းအင်လိုအပ်ချက်များ၏ အဓိကအရေးကြီးသည့်အချက်ကိုလည်း အထူးအလေးထား စဉ်းစားဆောင်ရွက်ခဲ့ပါတယ်။ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ရဲရွာရေအားလျှပ်စစ် စက်ရုံမှ နဘူးအိုင်ဓာတ်အားခွဲရုံသို့ ၂၃၀ ကေဗွီဓာတ်အားလိုင်းဖြင့် ဆက်သွယ်ရန် စီမံထားပြီးဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အား တည်ငြိမ်မှုအတွက် မြင်းခြံတွင် Gas Turbine တည်ဆောက်ရန် စီမံထားရှိပြီး Gas Turbine နှင့် စီမံကိန်းစက်ရုံအတွက် လိုအပ်သော သဘာဝဓာတ်ငွေ့ကို တရုတ်နိုင်ငံသို့ သွယ်တန်းသည့် Gas Pipe Line မှ Spur Line ဖြင့် သွယ်တန်းရယူရန် စီမံဆောင်ရွက်ထားရှိပါတယ်။ စီမံကိန်းအရ စက်များ စတင်လည်ပတ်မည့်အချိန် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် အဆင်သင့်ဖြစ်ရန် စီမံထားပါတယ်။

ရဲရွာရေအားလျှပ်စစ်စက်ရုံနှင့် စီမံကိန်းစက်ရုံဇရိယာသည် (၆၆ ဒသမ ၃)မိုင်ခန့်သာ ကွာဝေးပြီး Natural Gas ပိုက်လိုင်းမှာလည်း စီမံကိန်းဒေသအတွင်း ဖြတ်သန်းသွားသဖြင့် စွမ်းအင်အတွက် စိတ်ချရမှုနှင့် ကုန်ကျစရိတ်သက်သာမှု အကျိုးကျေးဇူးများ ရရှိစေမှာဖြစ်ပါတယ်။ ရေရရှိရေးအနေဖြင့်လည်း ဧရာဝတီမြစ် မှ ရယူရန် စီမံထားရှိရာ စက်ရုံသည် မြစ်နှင့် (၃)မိုင်ခန့်သာ ကွာဝေးသဖြင့် သေချာမှုနှင့် စရိတ်သက်သာမှုရရှိစေမှာ ဖြစ်ပါတယ်။ သယ်ယူပို့ဆောင်ရေးအတွက်လည်း ဧရာဝတီမြစ်ကြောင်းကိုပင် အသုံးပြုမည်ဖြစ်သည့်အတွက် ရေရှည်တည်တံ့မှုနှင့် ကုန်ကျစရိတ်သက်သာမှုကို ရရှိစေမှာဖြစ်ပါတယ်။

လူသားအရင်းအမြစ်လိုအပ်ချက်နှင့်စပ်လျဉ်း၍ စီမံကိန်းဒေသအတွင်း၌ နည်းပညာတက္ကသိုလ် (၇)ခု၊ ကွန်ပျူတာတက္ကသိုလ် (၅)ခု၊ နည်းပညာကောလိပ်/သိပ္ပံ (၇)ခုနှင့် နည်းပညာအထက်တန်းကျောင်း (၅)ကျောင်း တည်ရှိပြီး နည်းပညာဆိုင်ရာ လက်မှတ်ရ ဒီပလိုမာရ ဘွဲ့ရ (၃၃၄၃၄)ဦး တက်ရောက်လျက်ရှိပြီး ယင်းဒေသအတွင်း၌ပင် စက်မှုသင်တန်းကျောင်း (၅)ကျောင်း တည်ရှိလျက်ရှိရာ ယင်းကျောင်းများမှ နှစ်စဉ် စက်မှုပညာသည် (၈၅၀)ဦးခန့်ကို မွေးထုတ်ပေးနိုင်မည်ဖြစ်သဖြင့် စီမံကိန်း စက်ရုံများအတွက် လိုအပ်သော လူသားအရင်းအမြစ်များကို လုံလောက်စွာ ဖြည့်တင်းပေးနိုင်မည့် အခြေအနေဖြစ်ပါတယ်။ ထို့ပြင် ဒေသခံလူငယ်လူရွယ် အမျိုးသား အမျိုးသမီးများကို Vocational Training, Occupational Training များ သင်ကြားပေးခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးတို့ကို တစ်ပြိုင်နက်တည်း စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(သို့မဟုတ်) လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးစီမံကိန်းကို လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်များ ထည့်သွင်းပြီး ပြည်ထောင်စုအစိုးရက ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားမည်

အသွင်ကူးပြောင်းရေးကာလများတွင် တွေ့ကြုံရမြဲဖြစ်သည့် ရှေးယခင်ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် နောင်ဆက်သွားမည့်လုပ်ငန်းများ တစ်ခုနှင့်တစ်ခုချိတ်ဆက်ပြီး အကောင်းဆုံးဖြစ်အောင် ထိန်းကျောင်း၍ပြုပြင်ပြောင်းလဲရန်ရှိသည်များကို ခေတ်နှင့်အညီပြောင်းလဲသွားရန် ပြည်ထောင်စုအစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

အမျိုးသားအကျိုးစီးပွားအတွက် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရေးဆွဲထည့်သွင်းရန် လိုအပ်နေသေးကြောင်း၊ နိုင်ငံနှင့် နိုင်ငံသားများ၏ လက်ငင်း၊ ရေတိုနှင့် ရေရှည်အကျိုးဖြစ်ထွန်းစေသော ထာဝစဉ်ရှင်သန်စေမည့်၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသို့မဟုတ် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုများကို တင်ပြဆောင်ရွက်ပေးရန် သက်ဆိုင်ရာသို့ တိုက်တွန်းကြောင်း ဆွေးနွေးချက်နှင့်စပ်လျဉ်း၍ ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတကိုယ်စား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

လေးစားအပ်ပါသော ပြည်ထောင်စုလွှတ်တော်နာယကကြီးခင်ဗျား-

အမျိုးသားအကျိုးစီးပွားအတွက် "အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း" ရေးဆွဲထည့်သွင်းရန် လိုအပ်နေသေးကြောင်း၊ နိုင်ငံနှင့် နိုင်ငံသားများ၏ လက်ငင်း၊ ရေတိုနှင့် ရေရှည်အကျိုးဖြစ်ထွန်းစေသော ထာဝစဉ်ရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (သို့မဟုတ်) လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုများကို တင်ပြဆောင်ရွက်ပေးရန် သက်ဆိုင်ရာသို့ တိုက်တွန်းကြောင်း ဆွေးနွေးချက်နှင့် စပ်လျဉ်းပြီး နိုင်ငံတော်သမ္မတကြီးကိုယ်စား ကျွန်တော် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကျွန်တော် ဦးတင်နိုင်သိန်းက ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုလွှတ်တော်ကို တင်သွင်းတဲ့ အမျိုးသားစီမံကိန်းများအပေါ် အချိန်တိုအတွင်း ပြည့်စုံစွာ ကြိုးစားတင်ပြခြင်းအတွက် ချီးကျူးဂုဏ်ပြုခြင်းနှင့် အမျိုးသားအကျိုးစီးပွားအတွက် အမျိုးသားစီမံကိန်းဥပဒေကြမ်းအပေါ် အပြုသဘောနဲ့ ဝေဖန်အကြံပြု ဆွေးနွေးခြင်းများအတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပဏာမတင်ပြအပ်ပါတယ်။

ပြည်ထောင်စုလွှတ်တော် နာယကကြီးခင်ဗျား-

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၀(ခ)၌ " ပြည်ထောင်စုအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော နိုင်ငံတော်၏ အမျိုးသားစီမံကိန်း၊ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်" ဟူ၍ အမျိုးသားစီမံကိန်းကိုသာလျှင် တင်သွင်းရန်ပါရှိပြီး အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(သို့မဟုတ်)လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းကို တင်သွင်းရမည်ဟူ၍ မပါရှိသည့်အတွက် ဥပဒေနှင့်အညီ အမျိုးသားစီမံကိန်းကိုသာလျှင် ပြုစုတင်သွင်းခဲ့ခြင်းဖြစ်ပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။

ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းသော အမျိုးသားစီမံကိန်း၏ နိဒါန်းတွင် မူဝါဒဦးတည်ချက်(၄)ရပ် ဖော်ပြထားသည့်အနက် ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးဟူသော အချက်ပါဝင်ပြီး ပညာရေး၊ ကျန်းမာရေးကဏ္ဍများအပါအဝင် ကဏ္ဍ(၁၄)ခုနှင့် ဒေသန္တရစီမံကိန်းများကို နှစ်အလိုက် ဖွံ့ဖြိုးတိုးတက်လာအောင် အမျိုးသားစီမံကိန်းအဖြစ် မူဝါဒချမှတ်ရေးဆွဲတင်သွင်းထားခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ပြည်ထောင်စုလွှတ်တော် နာယကကြီးခင်ဗျား-

အမျိုးသားအကျိုးစီးပွားတိုးတက်အောင်ဆောင်ရွက်ရာမှာ ဘက်စုံဖွံ့ဖြိုးတိုးတက်စေလိုသော စေတနာဖြင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရေးဆွဲထည့်သွင်းရန် လိုအပ်နေသေးကြောင်း ဆွေးနွေးချက်ဟာ အခြားနိုင်ငံများထက် တိုးတက်ဖွံ့ဖြိုးမှု နောက်ကျနေတဲ့ ကျွန်တော်တို့နိုင်ငံကို အခြားနိုင်ငံများနဲ့ ရင်ပေါင်တန်းပြီး တစ်မျိုးသားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းရေးတိုက်တွန်းနှိုးဆော်တဲ့ ဆွေးနွေးချက်ဖြစ်တာကို တွေ့ရှိရပါတယ်။ ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်တဲ့ လုပ်ငန်းဖြစ်သလို အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဟု အမည်နာမ မတပ်သော်လည်း တစ်မျိုးသားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး All-Round Development and Inclusive Growth ရရှိအောင် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့ ပြည်ထောင်စုအစိုးရရဲ့ လုပ်ငန်းစဉ်များနဲ့လည်း အခြေခံသဘောနဲ့ အနှစ်သာရအားဖြင့် တူညီနေတာဖြစ်တဲ့အတွက် ပြည်ထောင်စုအစိုးရက ဆောင်ရွက်နေသော တစ်မျိုးသားလုံး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ(သို့မဟုတ်) **အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်ကြီးများ သိရှိနိုင်ပါရန် ရှင်းလင်းဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်။

နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာမှာ အစိုးရတိုင်းဟာ မူဝါဒ၊ ဦးတည်ချက်၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များကို ရေတို၊ ရေရှည်၊ အစီအမံများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ကြရပါတယ်။ ယခင်အစိုးရဖြစ်တဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ဖွံ့ဖြိုးရေးကောင်စီရဲ့ နှစ်(၃၀) နှစ်ရှည်စီမံကိန်းနဲ့ ကာလတိုငါးနှစ်စီမံကိန်းများသည် လည်းကောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဒေသကြီး (၂၄)ခုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ခေါ် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း စသည်တို့ဟာ တစ်မျိုးသားလုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာမှာ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဟူ၍ အမည်နာမ မတပ်ခဲ့သော်လည်း နိုင်ငံနှင့် ပြည်သူများအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်မှု(All Round Development and Inclusive Growth) ရအောင် အစီအမံများ ချမှတ်ဆောင်ရွက်သွားခဲ့တာကို တွေ့ရှိရပါတယ်။ ထို့အပြင် မူဝါဒ လမ်းစဉ်(၇)ရပ်ချမှတ်ပြီး အေးချမ်းစွာနဲ့ငြိမ်းချမ်းညင်သာစွာ ဖန်တီးတည်ဆောက်လွှဲပြောင်းပေးခဲ့တာကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးက ကျေးဇူးတင်ဂုဏ်ပြုကြောင်း ပြောကြားသွားခဲ့ပါတယ်။

ယခင်အစိုးရကာလမှာ စီမံကိန်းဘယ်လိုပဲဆွဲဆွဲ၊ ဘယ်လိုပဲ ကောင်းကောင်း လက်တွေ့ဘဝမှာတော့ ပြည်တွင်းပဋိပက္ခများနဲ့ စီးပွားရေးပိတ်ဆို့မှုဒဏ်ကြောင့် နိုင်ငံတော်ရော ပြည်သူများရဲ့လူမှုစီးပွားရေးဘဝကို အခြားနိုင်ငံများနည်းတူ တိုးတက်အောင်မဆောင်ရွက်နိုင်ခဲ့တဲ့ အခြေအနေကိုလည်း မသိကျိုးကျွံပြုလို့မရတဲ့ အနေအထားဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ ဒါနဲ့စပ်လျဉ်းပြီး နိုင်ငံတော်သမ္မတကြီး ရဲ့ ၂၀၁၁ခုနှစ် မတ်လ ၃၁ ရက်နေ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ အကြီးအကဲများ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များအား သမ္မတအိမ်တော်တွင် မိန့်ခွန်းပြောကြားခဲ့ရာ၌ "ယခင့်ယခင်ကနဲ့စာလျှင် တပ်မတော်အစိုးရလက်ထက်မှာ တိုးတက်လာတာ မှန်သော်လည်း စားဝတ်နေရေးပြည့်စုံဖူလုံမှုမရှိသူတွေ၊ တစ်နေ့စာတစ်နေ့ ရှာဖွေစားသောက်နေရတဲ့ လက်လုပ်လက်စားသမားတွေ၊ အလုပ်အကိုင်မရှိသူတွေ ရှိနေဆဲဖြစ်တဲ့အတွက်

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

ပြည်သူတွေအပေါ် စေတနာထားသော၊ ပြည်သူ့အကျိုးစီးပွားကို အကာအကွယ်ပေးသော၊ ပြည်သူကိုအလုပ်အကျွေးပြုသော အစိုးရကောင်းတစ်ရပ် ဖြစ်ရေးကြိုးစားသွားရန်" မှာကြားခဲ့ပါတယ်။

ပြည်ထောင်စုလွှတ်တော်နာယကကြီးခင်ဗျား-

ပြည်ထောင်စုအစိုးရ စတင်တာဝန်ယူစဉ်ကာလမှာ ပြည်ထောင်စုအစိုးရနဲ့ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရတို့ စတင်ဖွဲ့စည်းချိန်အသားမကျမီ ယခင်အစိုးရက ရေးဆွဲပေးသွားတဲ့ အမျိုးသားစီမံကိန်းအပေါ် အရှိန်အဟုန်မပျက် ဆောင်ရွက်သွားပြီး ပြည်ထောင်စုအစိုးရနဲ့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ အပြန်အလှန် ညှိနှိုင်းတွက်ချက်၍ ပဉ္စမငါးနှစ်ကာလတိုစီမံကိန်းကို လျာထားရေးဆွဲပြီးနောက် ပထမနှစ်နှင့် ဒုတိယနှစ်တို့အတွက် နှစ်စဉ်တစ်နှစ်ချင်း အမျိုးသားစီမံကိန်းကို နောက်ဆုံးအခြေအနေနှင့်ကိုက်ညီအောင် ရေးဆွဲပြုစုတင်ပြထားခြင်း ဖြစ်ပါတယ်။ စီမံကိန်းရေးဆွဲရာမှာ မူဝါဒ၊ ရည်မှန်းချက်တွေဟာ စီမံကိန်းရဲ့ အနှစ်သာရဖြစ်ပြီး အရေးအကြီးဆုံးဖြစ်ပါတယ်။ ဒီမူဝါဒ၊ ရည်မှန်းချက်တွေဟာပြုစုရေးဆွဲမှ ပေါ်ထွက်လာတာမဟုတ်ဘဲ ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့က ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတကြီးရဲ့မိန့်ကြားချက်မှာကတည်းက နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကို ပြောကြားရာ၌ ပြည်ထောင်စုအစိုးရရဲ့ မူဝါဒရည်မှန်းချက်များကို ချမှတ်ပြောဆိုသွားခဲ့တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ အဲဒီမိန့်ခွန်းထဲမှာ ဆင်းရဲချမ်းသာကွာဟမှု လျှော့ချရေး၊ မြို့ပြကျေးလက်လူနေမှုအဆင့် ကွာဟမှုလျှော့ချရေး၊ သဟဇာတမျှတသော ဈေးကွက်စီးပွားရေးစနစ်ပေါ်ထွန်းရေး၊ အထူးစီးပွားရေးဇုန်များ ဖော်ဆောင်ခြင်းဖြင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆွဲဆောင်ရေး၊ စိုက်ပျိုးရေးကဏ္ဍမှ ရရှိလာသော ဓနအင်အားနဲ့ ပြည်တွင်းပြည်ပ အရင်းအနှီးများရယူပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်သွားရေး၊ တောင်သူလယ်သမား၊ အလုပ်သမားများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်လာအောင် အားပေးဆောင်ရွက်သွားရေး၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာထွက်ကုန်များ သင့်တင့်သော ဈေးနှုန်းရရှိရေး၊ လယ်ယာထွက်ကုန်များ အရည်အသွေးမြင့်မားရေး၊ အလုပ်သမားများနဲ့ တစ်နေ့စာတစ်နေ့ ရှာဖွေစားကြရတဲ့ လက်လုပ်လက်စားသမားများအတွက်လည်း အဓိကအားဖြင့် အလုပ်အကိုင်အခွင့်အလမ်း ပေါ်များရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေး၊ လုပ်ငန်းခွင်သက်သာချောင်ချိရေး၊ လူမှုဖူလုံရေး ခံစားခွင့်များရရှိရေး၊ အခြားတစ်ဖက်ကလည်း အနိမ့်ဆုံးလစာသတ်မှတ်ချက်ကို လက်ရှိဖြစ်ပေါ်နေတဲ့ လူနေမှုစရိတ်နဲ့ မျှတ လိုက်လျောညီထွေဖြစ်အောင် ညှိနှိုင်းဆောင်ရွက်သွားရေး၊ သင့်တင့်မျှတတဲ့ လူနေမှုဘဝကိုပိုင်ဆိုင်ပြီး နောင်ရေးအတွက် ပူပင်ကြောင့်ကြဖို့မလိုတဲ့အဆင့်မျိုး ရောက်ရှိလာအောင် အစိုးရအဖွဲ့က ကြိုးပမ်းဆောင်ရွက်သွားရေး၊ ခေတ်မီတဲ့ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ်တည်ဆောက်ရာမှာ ထူးချွန်တဲ့ လူ့စွမ်းအားအရင်းအမြစ်ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင်တွေ အများကြီးလိုအပ်တဲ့အတွက် အနာဂတ်နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်ကြရမယ့် မျိုးဆက်သစ်လူငယ်များအပါအဝင် တစ်နိုင်ငံလုံးရဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အလေးထား အားပေးဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း မိန့်ကြားခဲ့ပါတယ်။

ယင်းမိန့်ကြားချက်များဟာ နိုင်ငံတော်တာဝန်ကို ကျရာဒေသ၊ ကျရာကဏ္ဍအသီးသီးမှာ ကြိုးပမ်းထမ်းဆောင်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းဦးရေ တစ်သန်းကျော်အတွက်သာမက လူဦးရေ သန်း ၅၀ ကျော်ရှိသော ပြည်သူလူထုတစ်ရပ်လုံးအတွက်ပါ အခြေခံစားဝတ်နေရေး၊ လူမှုရေးလောက်ပြေည့်စုံလာပြီး ပြည်သူလူထုရဲ့ လူမှုစီးပွားရေးဘဝ၊ ပြည်သူတို့ရဲ့ လူနေမှုဘဝအရည်အသွေး၊ လူနေမှုဘဝလုံခြုံရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် လူမှုစီးပွားရေး ဘက်စုံတိုးတက်အောင်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမယ့် မူဝါဒအနှစ်သာရ ရည်မှန်းချက်များဖြစ်တာကို တွေ့ရှိရမှာဖြစ်ပါတယ်။

ပြည်ထောင်စုလွှတ်တော်နာယကကြီးခင်ဗျား-

နိုင်ငံတော်သမ္မတကြီးအနေနဲ့ မူဝါဒဆိုင်ရာ မိန့်ကြားချက်များနဲ့အညီ ပြည်တွင်းပြည်ပ ပညာရှင်များ၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များနှင့် လွှတ်တော်ကိုယ်စားလှယ်အချို့အပါအဝင် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပ၍ လက်တွေ့အကောင်အထည်ဖော်မှုလုပ်ငန်းစဉ်များအဖြစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ဗဟိုကော်မတီနဲ့ ကော်မတီအဆင့်ဆင့်ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိခြင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ညှိနှိုင်းခြင်းများပြုလုပ်ပြီးနောက် ငွေရေးကြေးရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍများတွင် ခေတ်နှင့်မလျော်ညီတော့သော ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ပြောင်းလဲအကောင်အထည်ဖော်ခြင်းတို့ ဆောင်ရွက်ခဲ့တာကို တွေ့ရှိရမှာဖြစ်ပါတယ်။

စက်မှုဖွံ့ဖြိုးတိုးတက်သောနိုင်ငံဖြစ်ရန်အတွက် အရေးပါတဲ့ အထူးစီးပွားရေးဇုန်များ၊ ဒေသအလိုက် စက်မှုဇုန်များနဲ့ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ တိုးချဲ့တည်ထောင်ရေးနဲ့ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေရေးတို့အတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်တိုးချဲ့ဆောင်ရွက်ခြင်းများ၊ ဟိုတယ်ခရီးဝန်ဆောင်မှုလုပ်ငန်း၊ ဘဏ်ဝန်ဆောင်မှုလုပ်ငန်း၊ ပုဂ္ဂလိကပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဝန်ဆောင်မှု တိုးချဲ့ခွင့်ပြုရေးလုပ်ငန်းများ တိုးတက်ဆောင်ရွက်လာတာနဲ့အမျှ လုပ်ငန်းနယ်ပယ်ကဏ္ဍအသီးသီး၊ အလွှာအသီးသီးမှာ ကျွမ်းကျင်လူသားအရင်းအမြစ်လိုအပ်လာမှု သိသိသာသာ ကြုံတွေ့လာခဲ့ရပါတယ်။

ဒါကြောင့် ဒုတိယသမ္မတ(၂) ဒေါက်တာစိုင်းမောက်ခမ်း ဦးဆောင်၍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရေး ဗဟိုကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်း၍ စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒါနဲ့ဆက်စပ်ပြီး ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ(၁၃)ရက်နေ့တွင် MICC ၌ ကျင်းပသည့် Conference on Development Policy Option in Myanmar ဆွေးနွေးပွဲသည်လည်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံဉာဏ်များ ရရှိရေး၊ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရာတွင် အထောက်အကူပြုရေးအတွက် ကျင်းပခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ယင်းဆောင်ရွက်မှုများဟာ ကျန်းမာကြံ့ခိုင်၍ ပညာရည်မြင့်မားသော၊ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်သော အနာဂတ်နိုင်ငံ့စီးပွားရေးစွမ်းဆောင်ရှင်များ၊ မြန်မာ့လူနေမှုဘဝနှင့် လိုက်လျောညီသော စိတ်နေသဘောထား၊ ကျင့်ဝတ်သိက္ခာနှင့် ညီသည့် ကျွမ်းကျင်လိမ္မာသော ပညာရှင်များ မွေးထုတ်ပေးရန်နှင့် နိုင်ငံတော်ကိုအကျိုးပြုမည့် ပညာရှင်များ မွေးထုတ်ပေးရန် ရည်မှန်းဆောင်ရွက်နေခြင်းပဲ ဖြစ်ပါတယ်။

ပညာရေး၊ ကျန်းမာရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် အစိုးရက နှစ်အလိုက် ဘဏ္ဍာငွေကြေး ပိုမိုတိုးမြှင့်ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားရန် ရည်မှန်းထားရှိပြီး အခြားနိုင်ငံများနှင့် ရင်ပေါင်တန်း၍ တိုးတက်ရန်လိုအပ်သည့်အလျောက် နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများ မြှင့်တင်ပြုစုရေးအပြင် နိုင်ငံခြားတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများနှင့် သင်တန်းများ လာရောက်ရင်းနှီးမြှုပ်နှံတိုးချဲ့ဖွင့်လှစ်ရေး ပြည်တွင်းပြည်ပ ပုဂ္ဂလိကမှ ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဝန်ဆောင်မှုနှင့် အခြားဝန်ဆောင်မှုများ၌ ပိုမိုတိုးချဲ့၍ ရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာရေး၊ အစိုးရကဏ္ဍ၊ အဖွဲ့အစည်းကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ဘက်စုံရင်းနှီးမြှုပ်နှံ၍ ကျယ်ကျယ်ပြန့်ပြန့် အားသွန်ခွန်စိုက် အကောင်အထည်ဖော်ရေး စီမံဆောင်ရွက်လျက်ရှိပါတယ်။

လူ့စွမ်းအားအရင်းအမြစ် မွေးမြူလေ့ကျင့်ရန် လိုအပ်တဲ့အချိန်ကာလ အတိုင်းအတာတစ်ခုအထိ ကြာမြင့်နိုင်တဲ့အတွက် အချိန်တိုအတွင်း တိုင်းပြည်ဖွံ့ဖြိုးမှု နောက်မကျစေရန်အတွက် နိုင်ငံတော်သမ္မတကြီးအနေနဲ့ အမိမြန်မာနိုင်ငံကို ချစ်ခင်မြတ်နိုးကြသော ပြည်ပရောက် မြန်မာပညာရှင်များ၊ ကျွမ်းကျင်သူများအားလုံးကို လက်ကမ်းကြိုဆိုဖိတ်ခေါ်နေခြင်းသည်လည်း နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံသားအားလုံးက မည်သည့်နေရာတွင် ရောက်ရှိနေသည်ဖြစ်စေ မိမိနိုင်ငံအကျိုးအတွက် ကျရာကဏ္ဍက ပါဝင်ဆောင်ရွက်ရေးပင်ဖြစ်ပါတယ်။

ယင်းလက်တွေ့ လုပ်ငန်းစဉ်များသည် နိုင်ငံနှင့် နိုင်ငံသားများ၏ လက်ငင်း၊ ရေတိုနှင့်ရေရှည် အကျိုးဖြစ်ထွန်းစေသော ထာဝစဉ်ရှင်သန်စေမည့် အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (သို့မဟုတ်) လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုများကို တင်ပြဆောင်ရွက်ပေးရန် သက်ဆိုင်ရာသို့ တိုက်တွန်းကြောင်း ဆွေးနွေးချက်ပါအတိုင်း ပြည်ထောင်စုအစိုးရက ပီပီပြင်ပြင်လက်တွေ့ကျကျ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ဆောင်ရွက်နေမှုများ ဖြစ်ပါတယ်။

ဒါ့ကြောင့် ပြည်ထောင်စုအစိုးရအနေနဲ့ တစ်မျိုးသားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဟု စုစည်းအမည် မတပ်ခြင်းမှလွဲ၍ အောက်ဖော်ပြပါ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းအမျိုးမျိုးကို ပြည်တွင်းပြည်ပ ပညာရှင်များ၊ ဌာနဆိုင်ရာနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များသာမက အချို့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့သော ဆွေးနွေးပွဲရလဒ် အကြံဉာဏ်များဖြင့် လက်တွေ့ဆောင်ရွက်နေတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်-

(၁) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း(သို့မဟုတ်)စီမံကိန်း (Rural Development and Poverty Alleviation Plan)

(၂) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Human Resource Development Plan)

(၃) စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(Industrial Development Plan) (ယခင်စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီစီမံချက်အဆင့်မှ ပိုမို ကောင်းမွန်ပြည့်စုံသော စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးအတွက် စီမံကိန်း ရေးဆွဲရန် နိုင်ငံခြားကျွမ်းကျင်မှုရရှိရေးစီစဉ်ထားကြောင်း တင်ပြအပ်ပါတယ်)

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖

❋ **စာမျက်နှာ ၃ မှ**

ရိတ်သိမ်းခြင်း/အခြောက်ခံခြင်း ➢ ခေတ်မီအဆင့်မြင့် ဆန်စက်ဖြင့် ကြိတ်ခွဲခြင်း ➢ ဈေးကွက်ဝင်ဆန်အား ခေတ်မီထုပ်ပိုးပြီး ဈေးကွက်သို့တင်ပို့ခြင်း ➢ ဈေးနှုန်းကောင်းဖြင့် ရောင်းချပြီး ဈေးကွက်ဈေးနှုန်း (Market Price) လယ်သမားများ တွက်ခြေကိုက်အောင် ခွဲဝေခံစားရရှိစေခြင်း။ **"Commodity Supply Chain တစ်ခုလုံး"** ကို လယ်သမားများ တွက်ခြေကိုက် ဝင်ငွေပြန်ရသည်အထိ(အစ-အလယ်-အဆုံး)အကောင်အထည်ဖော်ရမည့်လုပ်ငန်းစဉ် ဖြစ်ပါတယ်။

ဆည်မြောင်းတာတမံစီမံကိန်းများနှင့် မြစ်ရေတင်စီမံကိန်းများအတွက် နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံထားသည့် ငွေကြေးအရင်းအနှီးများမှာ အထက်ပါအတိုင်း (Total Solution)အဆင့်အထိပြီးစီးအောင် အဆင့်ဆင့်အကောင်အထည်ဖော်နိုင်သည့်ကာလတွင် လယ်သမားတစ်ဦးချင်း၏ ဝင်ငွေအပါအဝင် နိုင်ငံတော်၏ လယ်ယာထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်လာစေနိုင်မည်ဖြစ်ပြီး ထိရောက်သော အကျိုးရလဒ်များကို ခံစားရရှိနိုင်မှာ ဖြစ်ပါတယ်။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အခြေခံသည့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်စေရန်မှာ နိုင်ငံတော်တစ်ဝန်းလုံးရှိ ပြည်သူများအားလုံး စည်းလုံးညီညွတ်မှုရှိစွာဖြင့် ရည်မှန်းချက်ပန်းတိုင် (Total Solution) ရောက်အောင် စိတ်တူကိုယ်တူဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ကြိုးပမ်းအကောင်အထည်ဖော်ကြရမှာ ဖြစ်ပါတယ်။

ယခင်အစိုးရကာလ မြစ်ရေတင်စီမံကိန်းလုပ်ငန်းများအား ဒေသဝမ်းစာဖူလုံရေးအတွက် စိုက်ပျိုးရေအခက်အခဲရှိသောဒေသများတွင် စပါးတစ်သီးစိုက်ပျိုးနိုင်ရန် ရည်ရွယ်ချက်နှင့် ဒေသနေလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်ဖြစ်ပြီး တစ်ချိန်တည်း တစ်ပြိုင်တည်း သောက်သုံးရေပင် အခက်အခဲတွေ့ရသော မိုးနည်းရေရှားရပ်ဝန်းဒေသများတွင် လူနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သောက်သုံးရေဖူလုံစေရန်နှင့် လူနေမှုဘဝ အထိုက်အလျောက်တိုးတက်စေရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သော်လည်း လျှပ်စစ်ဓာတ်အား မလုံလောက်မှုအခက်အခဲနှင့် စပါးသီးနှံအတွက် လုံလောက်သောရေ မရနိုင်ခြင်းအပေါ် တောင်သူလယ်သမားများ စီးပွားရေးတွက်ခြေကိုက်မည့် ဒေသရေမြေနှင့် ကိုက်ညီသော သီးနှံများကို စိတ်ကြိုက်ရွေးချယ်စိုက်ပျိုးခွင့် ရှိစေရပါမယ်။ ဈေးကွက်စီးပွားရေးအရလည်း စီးပွားရေးအရ တွက်ခြေကိုက်မည့် သီးနှံများကို တောင်သူများ စိတ်ကြိုက်ရွေးချယ်စိုက်ပျိုးခွင့်ရရှိစေရမှာ ဖြစ်ပါတယ်။

ငွေကြေးအရင်းအနှီးပမာဏများစွာဖြင့် ရင်းနှီးတည်ဆောက်ထားရသည့်အတွက် စပါးတစ်သီးစိုက်ရန် ရည်ရွယ်ချက်ရှိခဲ့သော်လည်း လက်တွေ့တွင် ရေတင်ရန် လျှပ်စစ်ဓာတ်အားလုံလောက်မှုမရှိခြင်း၊ ကွန်ကရစ်လိုင်နင်စနစ်၊ ပိုက်လိုင်းစနစ်များ မဆောင်ရွက်နိုင်သေးခြင်းကြောင့် စိုက်ပျိုးရေလုံလောက်ပါက ဝမ်းစာအတွက် စပါးတစ်သီးစိုက်ပျိုးရန်ဖြစ်သော်လည်း မြေသားမြောင်းတစ်လျှောက် ရေဆုံးရှုံးမှုများပြားခဲ့ရခြင်းကြောင့် စိုက်ပျိုးရေအပြည့်အဝ အသုံးမပြုနိုင်ခြင်းဖြစ်ပါက တွက်ခြေကိုက်သည့် သီးနှံများကိုသာ ရွေးချယ်စိုက်ပျိုးခွင့်ပြုရမှာ ဖြစ်ပါတယ်။

တစ်ဧကပေါ်တွင် ၂၀၁၁ ခုနှစ်စာရင်းအရ နိုင်ငံတော်မှ (၉၀၀၀)ကျပ်နှုန်းသာ ကောက်ခံသဖြင့် တစ်ဧကလျှင် (၂၃၄၉၀)ကျပ် စိုက်ထုတ်သုံးစွဲခဲ့ရပြီး အမှန်စိုက်ဧက (၄၈၈၃၃)အပေါ်တွင် နိုင်ငံတော်မှ (၁၁၄၇ ဒသမ ၀၉) ကျပ်သန်း စိုက်ထုတ်ခဲ့ရကြောင်း၊ တောင်သူများထံမှ ရေတင်ခရရန်အကြွေး (၉၂၉ ဒသမ ၁၇၅)ကျပ်သန်း ကျန်ရှိနေခြင်းအပေါ် စိစစ်၍ တောင်သူလယ်သမားများ အခက်အခဲအား ဖြေလျှော့နိုင်မည့်နည်းလမ်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပြည်နယ်/တိုင်းဒေသကြီးအလိုက် စီးပွားရေးအရ တွက်ခြေကိုက်သည့် သီးနှံများကိုသာ ရွေးချယ်စိုက်ပျိုးခွင့်ပေးသွားစေမှာ ဖြစ်ပါတယ်။

ပြည်သူ့ငွေစာရင်းကော်မတီ၏ အကြံပြုတိုက်တွန်းချက်ဖြစ်သည့် အကျိုးပြုဧက (၂၀၀၀)အောက် မြစ်ရေတင်စီမံကိန်းများကို (၂၀၁၂-၂၀၁၃)ဘဏ္ဍာနှစ်အတွင်းမှာပင် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လွှဲပေးသွားမည်ဖြစ်ပြီး စနစ်တကျဖြစ်စေရေးအတွက် လိုအပ်သည်များ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စုဖွဲ့ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးသည်နှင့် လွှဲပြောင်းပေးသွားရန် အသင့်ပြင်ဆင်ထားစေပြီး ဖြစ်ပါတယ်။ တစ်နိုင်ငံလုံး ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဧက(၂၀၀၀) အောက် မြစ်ရေတင်စီမံကိန်းလုပ်ငန်း စုစုပေါင်း (၂၇၀) ခုအား လွှဲပြောင်းပေးရန် အသင့်ပြင်ဆင်ထားပြီး ဖြစ်ပါတယ်။

မူလက ဆောင်ရွက်ဆဲမြစ်ရေတင်စီမံကိန်း (၄၁)ခုတွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ရွှေလှံဗိုလ်မြစ်ရေတင်စီမံကိန်းတစ်ခုတည်းကိုသာ ဆက်လက်တည်ဆောက်စေလျက်ရှိပြီး ကျန်စီမံကိန်း (၄၀)ခုအား ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာငွေခွဲဝေပေးထားခြင်းမရှိဘဲ ရပ်တန့်ထားပြီးဖြစ်ပါတယ်။

အထူးစီမံကိန်းမြစ်ရေတင်လုပ်ငန်းတစ်ခုဖြစ်သည့် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆီမီးခုံ(၃) ရောဝတီမြစ်ရေတင်စီမံကိန်းအားလည်း ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ နည်းပညာနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရရှိရေး ဆောင်ရွက်နိုင်မှသာ ပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်စေမှာ ဖြစ်ပါတယ်။ အဆိုပါစီမံကိန်းကို နိုင်ငံတော်အစိုးရအဖွဲ့အစည်းအဝေး (Cabinet)၏ ဆုံးဖြတ်ချက်ဖြင့် ရပ်ဆိုင်းထားခဲ့ပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ငွေစာရင်းကော်မတီ၏ အကြံပြုတိုက်တွန်းချက်တွင် ပါဝင်သည့် တည်ဆောက်ပြီးစီးပြီးဖြစ်သော ရေလှောင်တမံ/ရေလွှဲဆည် (၂၃၇)ခုအနက် လျာထားအကျိုးပြုဧက ပြည့်မီအောင်နှင့် လျာထားချက်ထက်ကျော်လွန်အောင် ရေပေးဝေနိုင်သည့် စီမံကိန်း (၃၉)ခု၊ လျာထားချက်၏ (၅၀)ရာခိုင်နှုန်းမှ (၉၀)ရာခိုင်နှုန်းအထိ ရေပေးဝေနိုင်သည့်စီမံကိန်း (၅၀) ခု၊ (၅၀) ရာခိုင်နှုန်းအောက်သာ ရေပေးဝေနိုင်သည့် စီမံကိန်း (၉၃)ခုဟု တွေ့ရှိရပါတယ်။

ရေသောက်စနစ်များမပြီးစီးသေး၍ ရာခိုင်နှုန်းမပြည့်သော ရေလှောင်တမံများ၊ မူလလျာထားဧကနှင့် အမှန်စိစစ်ပြီး ဧကကွဲလွဲချက်ပေါ်မူတည်၍ ရာခိုင်နှုန်းလျော့နည်းနေသော ရေလှောင်တမံများ၊ သက်တမ်းကာလကြာမြင့်၍ရေသောက်စနစ်များ ပြန်လည်ပြုပြင်ရန်လိုအပ်နေသည့် ရေလှောင်တမံများ၊ မာလာမုန်တိုင်း၊ နာဂစ်မုန်တိုင်း၊ ဂီရိမုန်တိုင်းသဘာဝဒဏ်ကြောင့် ချို့ယွင်းပျက်စီးနေခဲ့ရသည့်အတွက် (၅၀)ရာခိုင်နှုန်းအောက်လျော့နည်းရေပေးဝေနိုင်သော ရေသောက်စနစ်များကို အဆင့်ဆင့်ဦးစားပေးအစီအစဉ်များဖြင့် ပြန်လည်ပြုပြင်မွမ်းမံဆောင်ရွက်စေမှာ ဖြစ်ပါတယ်။

စိုက်ပျိုးရေ လုံးဝပေးဝေနိုင်ခြင်းမရှိဟု ဖော်ပြထားသော ရေလှောင်တမံ/ရေလွှဲဆည် (၆၅)ခုတွင် ရေရှားပါးသည့် အပူပိုင်းဒေသများ၏ သောက်သုံးရေရရှိရေး၊ ဒေသစိမ်းလန်းစိုပြည်ရေး၊ စက်ရုံများ သုံးရေရရှိရေးတို့အတွက် ရည်ရွယ်တည်ဆောက်ထားသည့် ရေလှောင်တမံ (၄၁)ခု၊ တည်ဆောက်ပြီးရေလှောင်တမံများ ရေပိုမိုသိုလှောင်နိုင်စေရန်နှင့် အန္တရာယ်ကြိုတင်ကာကွယ်မှု(Safety)အတွက် ရည်ရွယ်၍ တည်ဆောက်ခဲ့သည့် ရေကူရေလှောင်တမံ (၁၀)ခု၊ တည်ဆောက်ပြီးရေလှောင်တမံများ ဆည်ရေပေးဝေနိုင်ရန် ပါဝင်တည်ဆောက်ရသော ရေလွှဲဆည် (၃)ခု၊ ရေလှောင်တမံပြီးစီးသော်လည်း ဆည်ရေသောက်စနစ် ပြီးစီးခြင်းမရှိသေးသည့် ဆည်(၃)ခု၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းဆည် (၁)ခု၊ မိုးရာသီရေကြီးမှုနှင့် နွေရာသီ ဆားငန်ရည်ဝင်ရောက်မှုကာကွယ်ရန်နှင့် နွေရာသီတွင် ရေချိုထိန်းသိမ်းသိုလှောင်ရန် ရည်ရွယ်ပြီး တည်ဆောက်ထားသော ရေထိန်းတံခါး (၇)ခု စုစုပေါင်း (၆၅)ခုဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ဆောင်ရွက်ပြီးရေလှောင်တမံ/ရေလွှဲဆည်များကို စွမ်းဆောင်ရည်မြင့်မားလာစေရေးအတွက် လည်းကောင်း၊ ဆောင်ရွက်ဆဲရေလှောင်တမံ/ရေလွှဲဆည်များကိုလည်း သတ်မှတ်စံချိန်စံညွှန်းများနှင့်ကိုက်ညီစွာ တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်စေလျက်ရှိပါတယ်။

မြစ်ရေတင်စီမံကိန်းများအပါအဝင် ဆည်ရေသောက်စနစ်အားလုံးတို့အပေါ် တောင်သူလယ်သမားများ အဓိကစားသုံးသီးနှံဖြစ်သည့် ဆန်စပါးသီးနှံကို တစ်ကြိမ်ထိထိရောက်ရောက်စိုက်ပျိုးပြီး ကျန်ရှိသည့်ရာသီများတွင် စီးပွားရေးအရ တွက်ခြေကိုက်မည့် သီးနှံအမယ်များကို စိတ်ကြိုက်စိုက်ပျိုးကြစေရန် အစိုးရအဖွဲ့အစည်းအဝေးများတွင် လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစီးပြုလုပ်သည့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် လယ်ယာကဏ္ဍအစည်းအဝေးများတွင် လည်းကောင်း တိတိကျကျ ဖော်ပြရှင်းလင်းခဲ့ပြီးဖြစ်ပါတယ်။ စိုက်ပျိုးရေမလုံလောက်သောဒေသများတွင် ဒေသတွင်ဖြစ်ထွန်းပြီး တွက်ခြေကိုက်သောသီးနှံကိုသာ စိတ်ကြိုက်ရွေးချယ်စိုက်ပျိုးကြရန်မှာ တောင်သူလယ်သမားများ၏ မူလအခွင့်အရေးပင် ဖြစ်ပါတယ်။

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားရပ်ဝန်းဒေသနေ ပြည်သူလူထုတို့၏ လိုအင်ဆန္ဒအစစ်အမှန်ဖြစ်သည့် **"ငွေကိုမလို၊ ရွှေကိုမလို၊ ရေကိုသာလိုအပ်ပါ၏"** ဆိုသည့် လိုအင်ဆန္ဒကို ဖြည့်ဆည်းအကောင်အထည်ဖော်ပေးခဲ့ကြသည့် နိုင်ငံတော်၏ စေတနာအားလည်း နေ့စဉ်လူထု၏ သောက်သုံးရေအခက်အခဲသာမက ကျွဲ/ နွား တိရစ္ဆာန်များ၏ သောက်ရေလိုအပ်ချက်အား တစ်နေကုန်စုဆောင်းသည့်တိုင်အောင် လုံလောက်မှုမရှိခဲ့ကြသည့်အတွက် ဒုက္ခခံစားခဲ့ကြရသော လူထု၏လိုအပ်ချက်အား မြစ်ရေတင်လုပ်ငန်းများမှ မည်မျှအကျိုးကျေးဇူး ဖြစ်ထွန်းခံစားရရှိစေနိုင်ခဲ့သည်ကို ထိုဒေသတွင် လက်ရှိနေထိုင်လျက်ရှိသော ကိုယ်စားလှယ်တော်ကြီးများကိုယ်တိုင် အသိရှိဆုံးဖြစ်မည်ဟု ယုံကြည်ပါတယ်။

ယခင်အစိုးရကာလ တည်ဆောက်ပြီးစီးခဲ့ပြီးဖြစ်သော ဆည်တာတမံလုပ်ငန်းများကို မူလရည်မှန်းချက်အတိုင်း အပြည့်အဝအကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် တည်ဆောက်ရန်ကျန်ရှိနေသော ဆည်ရေသောက်စနစ်များအပါအဝင် သက်တမ်းကာလကြာမြင့်မှုနှင့် ပြန်လည်မွမ်းမံထိန်းသိမ်းရန်လိုအပ်နေသည့် ဆည်၊ တာတမံများနှင့် မြောင်းစနစ်များကို အရှိန်အဟုန်ဖြင့် ဦးစားပေးအဆင့်အလိုက် ဆက်လက်တည်ဆောက်အကောင်အထည်ဖော်စေမှာ ဖြစ်ပါတယ်။

နောင်အသစ်ထပ်မံပြုလုပ်ရန်ရှိသော စီမံကိန်းအသစ်များ ရှိလာပါကလည်း နိုင်ငံတကာအဆင့်မီ စူးစမ်း၊ လေ့လာ၊ ဆန်းစစ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်(Procedure) အရ ဆောင်ရွက်ပြီး နိုင်ငံတော်အစိုးရအဖွဲ့မှတစ်ဆင့် လွှတ်တော်သို့ အသိပေးအကြောင်းကြား ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်ထောင်စုလွှတ်တော်နာယကကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား -

နိုင်ငံတော်သမ္မတ၏ကိုယ်စား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေဖြင့် လိုအပ်သည်များကို အနှစ်ချုပ်ရှင်းလင်းတင်ပြဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

မိမိတို့အစိုးရသစ်ကာလတွင် လက်ဆင့်ကမ်းအကောင်အထည်ဖော်ရန်ရှိနေသော လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏ ရေရှည်အမျိုးသားရေးအကျိုးစီးပွားအတွက် ဆက်လက်ဆောင်ရွက်ရန်လိုအပ်နေသော စီမံကိန်းလုပ်ငန်းများအပေါ်တွင် ဘက်စုံထောင့်စုံမှ အရှည်ကိုမြော်တွေး၍ အရှိတရားကို ပကတိအတိုင်း စေတနာမှန်ဖြင့် ပြည်သူလူထု၏အကျိုးကိုရှေးရှုပြီး သုံးသပ်ဆုံးဖြတ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လွှတ်တော်မှ ဆက်လက်ဆောင်ရွက်သင့်သည့် ဆုံးဖြတ်ချက်အပေါ်တွင် နိုင်ငံတော်အစိုးရအပိုင်းမှ လိုအပ်သလိုဆက်လက်ဆောင်ရွက်ရန် အတည်ပြုတာဝန်ပေး ညွှန်ကြားချက်များအပေါ် မူတည်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဆက်လက်လုပ်ဆောင်သွားရန်ရှိပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်

နေပြည်တော် အထွေထွေရောဂါကုဆေးရုံကြီး ခုတင်(၁၀၀၀)၌ ဆေးဝါးကုသမှုခံယူနေသည့် လွှတ်တော်ကိုယ်စားလှယ်များအား ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်သည် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးတက်ရောက်နေစဉ် ကျန်းမာရေးအခြေအနေအရ နေပြည်တော်အထွေထွေရောဂါကုဆေးရုံကြီး ခုတင်(၁၀၀၀)၌ ဆေးဝါးကုသမှုခံယူနေသည့် မင်းပြားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သာစိန်နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကြည်ထွန်းတို့အား ယနေ့ညနေပိုင်းတွင် သွားရောက်ကြည့်ရှု အားပေးသည်။

ပြည်ထောင်စုလွှတ်တော်နာယကသည် အထူးကြပ်မတ်ကုသဆောင်၌ ဆေးဝါးကုသမှုခံယူနေသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သာစိန်နှင့် ဖျားနာဆောင်၌ ဆေးဝါးကုသမှုခံယူနေသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကြည်ထွန်းတို့အား ကြည့်ရှုအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာ လက်ဆောင်များကို ပေးအပ်ခဲ့သည်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် နေပြည်တော် အထွေထွေရောဂါကုဆေးရုံကြီး ခုတင်(၁၀၀၀)၌ ဆေးဝါးကုသမှုခံယူနေသည့် မင်းပြားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သာစိန် အား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် လွှတ်တော်ကိုယ်စားလှယ် (၇၅)ဦးတို့ တက်ရောက်ကြသည်။

ယနေ့အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းသည့် မေးခွန်း(၂၀)ကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက အဆို (၄)ခု တင်သွင်းခြင်းနှင့် ထောက်ခံဆွေးနွေးခြင်းတို့အပေါ် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊ မန္တလေးတိုင်းဒေသကြီး မီးဘေးနှင့်သဘာဝဘေး အန္တရာယ်များ ကြိုတင်ကာကွယ်ရေး ဥပဒေကြမ်း၊ မန္တလေးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေကြမ်းတို့ကို လွှတ်တော်ကိုယ်စားလှယ်များက တိုင်းဒေသကြီးလွှတ်တော်သို့ လက်ခံဆွေးနွေးရန်အဆိုတင်သွင်းခြင်းတို့ ဆောင်ရွက်ပြီး ပထမအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို မွန်းတည့် ၁၂ နာရီတွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် အကျဉ်း

၁၇-၂-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၅၀ ၂။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၂၅ ၃။ "ကင်ဆာရောဂါအဖြေရှာ"
၈း၄၀ ၄။ International News

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ၂၀၁၂ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (ပထဝီဝင်ဘာသာရပ်)
၅း၂၅ ၃။ မြန်မာစာ၊ မြန်မာစကား
၅း၄၀ ၄။ စုစည်းခံစား ကမ္ဘာ့အားကစား
၅း၅၀ ၅။ "ရိုးမကျော်လွှား ရဲနွယ်တံတား"
၆း၂၀ ၆။ ရသစုံလင် အင်တာနက်ဥယျာဉ်
၆း၄၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (ဒုတိယတွဲ)(အပိုင်း-၃၃)
၇း၄၀ ၈။ "ကချင်ပြည်နယ် စည်ပင်ကြွယ်လှပပေါ်လွင် ထင်ရှားဗလမင်းထင်တံတား"
၉။ လျှပ်တစ်ပြက်ဟာသများ
၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာအသချေ" (အပိုင်း-၇)
၁၁။ သီချင်းချစ်သူ(ဘေးဘီ)

❍ စာမျက်နှာ ၄ မှ

(ဂ) ပင်စင်လစာစုစုပေါင်းကျပ် ၆၇၀ ဒသမ ၈၃၀ ဘီလီယံ သုံးစွဲရမှာဖြစ်တဲ့အတွက် လက်ရှိပင်စင်လစာထက် ကျပ် ၃၃၅ ဒသမ ၄၁၅ ဘီလီယံ ပိုမိုကုန်ကျပါမယ်။

(ဃ) ထိုနည်းတူ ဝေးလံခေါင်သီပြီး လူမှုရေးခက်ခဲတဲ့ဒေသတွေမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းများရဲ့လစာများ ထပ်ဆောင်းပေးပါက ကုန်ကျမယ့်ငွေဟာ ကျပ် ၄၅ ဒသမ ၁၇၈ ဘီလီယံဖြစ်တဲ့အတွက် ကျပ် ၂၂ ဒသမ ၅၈၉ ဘီလီယံ ပိုမိုကုန်ကျပါမယ်။

(င) လက်ရှိလစာ၏ ၁၀၀ ရာခိုင်နှုန်း တိုးမြှင့်ပေးပါက လိုငွေ ကျပ် ၃၇၈၇ ဒသမ ၂၇၇ ဘီလီယံဖြစ်ပြီး လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၇ ဒသမ ၃၇ ရာခိုင်နှုန်း ဖြစ်လာပါမယ်။

အကယ်၍ ဝန်ထမ်းများရဲ့လစာကို လက်ရှိလစာ၏ ၅၀ ရာခိုင်နှုန်း တိုးမြှင့်တွက်ချက်ပါက အောက်ပါအတိုင်း ဖြစ်လာပါမယ်-

(က) အနိမ့်ဆုံးလစာမှာ ကျပ် ၅၂၅၀၀ နှင့် အမြင့်ဆုံးလစာ ကျပ် ၃၁၅၀၀၀ ဖြစ်သဖြင့် လစာနှင့်စရိတ် စုစုပေါင်း ကျပ် ၁၃၆၇ ဒသမ ၀၇၇ ဘီလီယံ သုံးစွဲရမှာ ဖြစ်ပါတယ်။

(ခ) သို့ပါ၍ လက်ရှိလစာနှင့် စရိတ်ထက် ကျပ် ၄၅၅ ဒသမ ၆၉၂ ဘီလီယံ ပိုမိုကုန်ကျပါမယ်။

(ဂ) ပင်စင်လစာ စုစုပေါင်း ကျပ် ၅၀၃ ဒသမ ၁၂၂ ဘီလီယံ သုံးစွဲရမှာဖြစ်တဲ့အတွက် လက်ရှိပင်စင်လစာထက် ကျပ် ၁၆၇ ဒသမ ၇၀၇ ဘီလီယံ ပိုမိုကုန်ကျပါမယ်။

(ဃ) ထိုနည်းတူ ဝေးလံခေါင်သီပြီး လူမှုရေးခက်ခဲတဲ့ ဒေသတွေမှာ တာဝန် ထမ်းဆောင်နေတဲ့ဝန်ထမ်းများရဲ့လစာများ ထပ်ဆောင်းပေးပါက ကုန်ကျမယ့်ငွေဟာ ကျပ် ၃၃ ဒသမ ၈၈၃ ဘီလီယံ ဖြစ်တဲ့အတွက် ကျပ် ၁၁ ဒသမ ၂၉၄ ဘီလီယံပိုမိုကုန်ကျမှာ ဖြစ်ပါမယ်။

(င) လက်ရှိလစာ၏ ၅၀ ရာခိုင်နှုန်းတိုးမြှင့်ပေးပါက လိုငွေ ကျပ် ၃၁၅၂ ဒသမ ၅၈၁ ဘီလီယံဖြစ်ပြီး လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၆ ဒသမ ၁၄ ရာခိုင်နှုန်း ဖြစ်ပါမယ်။

အိမ်နီးချင်းနိုင်ငံများရဲ့ ၂၀၁၀-၂၀၁၁ ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီအချိုး၊ ဂျီဒီပီ တိုးတက်မှုနှုန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဂျီဒီပီအချိုးကို လေ့လာကြည့်ပါက အောက်ပါအတိုင်း တွေ့ရပါတယ်။

စဉ်	နိုင်ငံ	၂၀၁၀-၂၀၁၁ ဂျီဒီပီ တိုးတက်မှုနှုန်း%	၂၀၁၀-၂၀၁၁ လိုငွေနှင့် ဂျီဒီပီ%	၂၀၁၀-၂၀၁၁ ရင်းနှီးမြှုပ်နှံမှုနှင့် ဂျီဒီပီ%
၁	တရုတ်	၁၀. ၃	(-)၁. ၆	၄၈. ၈
၂	ထိုင်း	၇. ၂	(-)၁. ၉	၂၆. ၀
၃	ဗီယက်နမ်	၆. ၈	(-)၃. ၀၃	၃၈. ၁
၄	အိန္ဒိယ	၁၀. ၁	(-)၅. ၁	၃၇. ၈
၅	ပါကစ္စတန်	၃. ၈	(-)၅. ၃	၁၆. ၆

အိမ်နီးချင်းနိုင်ငံများမှာ ဂျီဒီပီတိုးတက်မှုရရှိစေဖို့အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ဂျီဒီပီ အချိုးကို တိုးတက်စေပြီး လိုငွေဘတ်ဂျက်ဖြင့် ဆောင်ရွက်နေတာ တွေ့ရမှာဖြစ်ပါတယ်။ ဒါပေမယ့် ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီအချိုးမြင့်မားပါက ငွေကြေးဖောင်းပွမှု၊ ဈေးကွက်မှာ ကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်လာမှုကြောင့် ဝယ်လိုအားကျဆင်းခြင်းစတဲ့ မေခရိုစီးပွားရေး မတည်ငြိမ်မှုများ ဖြစ်ပေါ်နိုင်သည့်အတွက် လက်ရှိနိုင်ငံတော်၏ ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ် ဘတ်ဂျက်အား ရင်းနှီးမြှုပ်နှံမှုနှင့် ဂျီဒီပီအချိုး ၃၁ ဒသမ ၉၄ ရာခိုင်နှုန်း ရရှိစေရန်နဲ့ ဂျီဒီပီတိုးတက်မှုနှုန်း ၇ ရာခိုင်နှုန်း ရရှိစေရေးအတွက် ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီအချိုးကို ၄ ဒသမ ၉ ရာခိုင်နှုန်းဖြင့် ရေးဆွဲထားပြီး စုစုပေါင်း အသုံးစရိတ်တွင် သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ် ပါဝင်မှုအချိုးအစားမှာ ၆၀း၄၀ ဖြစ်ပါတယ်။

တစ်ဖက်ကလည်း ဘတ်ဂျက်လိုငွေကို ပြည်ပမှ ငွေချေးယူ၍ ဖြည့်ဆည်းပါက ကြွေးမြီတာဝန်များ ပိုမိုကြီးမားလာပါမယ်။ ဘတ်ဂျက်လိုငွေကို ငွေစက္ကူများ ရိုက်နှိပ်၍ ဖြည့်ဆည်းမယ်ဆိုပါကလည်း ၂၀၁၂ခုနှစ် ဇန်နဝါရီလတွင် ပြည်တွင်းလှည့်လည်သုံးစွဲငွေ ပမာဏမှာ ကျပ် ၅၆၀၀ ဒသမ ၃၅၄ ဘီလီယံရှိသဖြင့် ပြည်တွင်းလှည့်လည်သုံးစွဲငွေပမာဏ ပိုမိုတိုးတက်များပြားလာပြီး ငွေကြေးဖောင်းပွမှု (Inflation) မြင့်မားလာပါမယ်။ ကုန်ဈေးနှုန်းများလည်း မြင့်တက်လာပါမယ်။ ကုန်ဈေးနှုန်းများကြီးမြင့်ပါက စီးပွားရေးမတည်ငြိမ်မှုများ ဖြစ်ပေါ်နိုင်ပြီး အခြေခံလူတန်းစားများအား ထိခိုက်နိုင်ပါတယ်။ ဆင်းရဲနွမ်းပါးမှုနှုန်းကို အမျိုးသားစီမံကိန်း၏ အခြေခံနှစ်ဖြစ်သည့် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ၂၆ ရာခိုင်နှုန်းရှိရာမှ တစ်နှစ်လျှင် ၂ ရာခိုင်နှုန်း လျော့ကျရန် ဆောင်ရွက်နေမှုကိုလည်း နှောင့်နှေးစေနိုင်ပါတယ်။

အကယ်၍ ထပ်မံလိုအပ်လာသော လစာနှင့်လုပ်ခအတွက် ရင်းနှီးမြှုပ်နှံမှုအပိုင်းဖြစ်တဲ့ ငွေလုံးငွေရင်းအသုံးစရိတ်များမှ လျှော့ချပြီး ဖြည့်တင်းမည်ဆိုပါက ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီအချိုး မပြောင်းလဲသော်လည်း ရင်းနှီးမြှုပ်နှံမှုနှင့် ဂျီဒီပီအချိုးမှာ လျော့ကျသွားမှာဖြစ်လို့ မူလမျှော်မှန်းထားတဲ့ စီးပွားရေးတိုးတက်မှုနှုန်း ၇ ရာခိုင်နှုန်း မရရှိနိုင်ဘဲ ဝန်ထမ်းများအပါအဝင် နိုင်ငံသားအားလုံး၏ တစ်ဦးချင်းဝင်ငွေ ကျဆင်းသွားမည့်အပြင် နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုမှာလည်း နှောင့်နှေးသွားမှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် တင်ပြရလျှင်-

(က) လယ်ယာကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှု အသုံးစရိတ်များ လျှော့ချမယ်ဆိုပါက နိုင်ငံတော်၏ စီးပွားရေးရည်မှန်းချက်ဖြစ်တဲ့ လယ်ယာကဏ္ဍကို အခြေခံပြီး စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်အတွက် အပြည့်အဝ အကောင်အထည်ဖော်နိုင်မည် မဟုတ်ပါ။ ဒါ့အပြင် လယ်ယာကဏ္ဍရဲ့ ၂၀၁၂- ၂၀၁၃ ခုနှစ် ရည်မှန်းချက်ဖြစ်တဲ့ နိုင်ငံတော်အတွက်အရေးပါသည့် စပ်မျိုးစပါး မျိုးစေ့များထုတ်လုပ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖြန့်ဝေပြီး စိုက်ပျိုးရေးပညာရှင်များမှ ကူညီဆောင်ရွက်ရန်နှင့် ယခုနှစ်အတွင်း ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဆည်မြောင်း၊ တာတမံ လုပ်ငန်း (၁၅)ခုနှင့် တိုင်းဒေသကြီးများတွင် **ဧရိယာဧက** (၁၀၂၅၀၀)အား ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းနှင့် ဆက်စပ်သော ရေသွယ်မြောင်းများအကောင်အထည်ဖော်ခြင်းအား နှောင့်နှေးစေနိုင်သဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက် မရရှိဘဲ မျှော်မှန်းထားသည့် စီးပွားရေးတိုးတက်မှုနှုန်းကို ရရှိအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်မဟုတ်ပါ။

(ခ) ထိုနည်းတူ စက်မှုဖွံ့ဖြိုးရေးနှင့် စက်မှုကဏ္ဍ၏ ရင်းနှီးမြှုပ်နှံမှု အသုံးစရိတ်များ လျှော့ချပါကလည်း အမျိုးသားစက်မှုကဏ္ဍ ဖွံ့ဖြိုးရေးအခြေအနေကောင်းများ ဖြစ်ပေါ်စေမယ့်နည်းပညာ အဆင့်မြှင့်တင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် အသိပညာရှင် အတတ်ပညာရှင်နှင့် ကျွမ်းကျင်သူများ မွေးထုတ်ပေးရေးနှင့် စက်ရုံများ၊ စက်လိုင်းများနှင့် စက်ပစ္စည်းများ ထုတ်လုပ်ပေးရေး ရည်မှန်းချက်ကိုလည်းကောင်း၊ စက်မှုကဏ္ဍတွင်လည်း နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်ပြီး အကြီးစားစက်မှုလုပ်ငန်းများအား ဆက်လက်ထူထောင်ခြင်းဖြင့် ပြည်ပသွင်းကုန် အစားထိုးထုတ်ကုန်နှင့် ပြည်ပပို့ ထုတ်ကုန်များ တိုးမြှင့်ရေးရည်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရေးတို့အား နှောင့်နှေးစေမှာဖြစ်ပါတယ်။

(ဂ) နိုင်ငံတော်အနေဖြင့် ကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်းများတွင် ပြည်ပချေးငွေဖြင့်လည်းကောင်း၊ နိုင်ငံပိုင်နိုင်ငံခြားငွေဖြင့် လည်းကောင်း ရင်းနှီးမြှုပ်နှံလျက်ရှိပြီး ၂၀၁၃ ခုနှစ် နှစ်ကုန်ပိုင်းတွင် လုပ်ငန်းများအားလုံး ပြီးစီးရန် ရည်မှန်းထားပါတယ်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုကို ရည်မှန်းထားတဲ့အတိုင်း အကောင်အထည်ဖော်နိုင်မှသာ ၂၀၁၄ ခုနှစ် နှစ်စပိုင်းတွင် ၎င်းကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်းများမှ ဝင်ငွေများ တိုးတက်ရရှိလာမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရင်းနှီးမြှုပ်နှံမှုဖြစ်သော ငွေလုံးငွေရင်း အသုံးစရိတ်ကို လျှော့ချရန် လက်ရှိအခြေအနေတွင် မသင့်သေးပါကြောင်း တွေ့ရှိရပါတယ်။

နာယကကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

နိုင်ငံတော်အနေနဲ့ ပြည်ပချေးငွေများအပေါ် ပေးဆပ်ရန် ကြွေးမြီ အမေရိကန် ဒေါ်လာသန်းပေါင်း ၁၀၂၃ ဒသမ ၂၉၈ ရှိကြောင်းကို ပြည်ထောင်စုလွှတ်တော်သို့ ၂၀၁၂-၂၀၁၃ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ရသုံးခန့်မှန်းခြေငွေစာရင်းအခြေအနေ တင်ပြစဉ်က ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ ယင်းအနက် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ စေ့ရောက်ပြီး မပေးချေရသေးသည့်ငွေမှာ အရင်းနှင့်အတိုး စုစုပေါင်း အမေရိကန်ဒေါ်လာ သန်းပေါင်း ၇၅၃၉ ဒသမ ၉၀၈ ဖြစ်ပါတယ်။ အဆိုပါ အမေရိကန်ဒေါ်လာ သန်းပေါင်း ၇၅၃၉ ဒသမ ၉၀၈ တွင် အများစုမှာ ၁၉၈၈ ခုနှစ်မတိုင်မီ ချေးယူခဲ့သော ချေးငွေများဖြစ်ပြီး အချိန်မီပေးချေနိုင်ခြင်းမရှိသောကြောင့် နောက်ကျကြေးများ ထပ်မံတိုးပွားလျက်ရှိပါတယ်။ ယခုအခါ အစိုးရအဖွဲ့သစ်အနေနဲ့ နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပြီး နိုင်ငံတကာဆက်ဆံရေးများ တိုးချဲ့ဆောင်ရွက်လျက်ရှိသဖြင့် မြီရှင်နိုင်ငံအဖွဲ့အစည်းများနှင့် ကြွေးမြီပြဿနာဖြေရှင်းရေးအတွက် ဂျပန်နိုင်ငံ၊ အီတလီနိုင်ငံတို့နှင့် ကြွေးမြီကိစ္စကို စတင်ညှိနှိုင်းနေပြီ ဖြစ်ပါတယ်။

ထို့အပြင် နိုင်ငံတော်အနေနဲ့ ၂၀၁၃ ခုနှစ်တွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပပေးရမှာဖြစ်လို့ အိမ်ရှင်နိုင်ငံအနေနဲ့ ဧည့်ဝတ်ကျေပွန်ရန်၊ နိုင်ငံတကာစံချိန်စံညွှန်းမီ အားကစားကွင်းကြီးများ တည်ဆောက်ရန်၊ နိုင်ငံတကာအဆင့်အတန်းမီသည့် ပြိုင်ပွဲများ ကျင်းပပေးနိုင်ရန်၊ နိုင်ငံတော်အတွက် အောင်မြင်မှုရရှိနိုင်ရန် စသည်တို့အတွက် လိုအပ်တဲ့အသုံးစရိတ်များကို ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းမှာ မဖြစ်မနေ ထည့်သွင်းလျာထားခဲ့ပါတယ်။ ထို့အပြင် ၂၀၁၄ ခုနှစ် အာဆီယံနိုင်ငံများ၏ ဥက္ကဋ္ဌတာဝန်ယူပြီး အစည်းအဝေးများကျင်းပနိုင်ရန် ပြင်ဆင်နေသော ကာလဖြစ်တဲ့အတွက် အဆင့်အတန်းမီ အစည်းအဝေးများ ကျင်းပနိုင်ရေး၊ တည်းခိုရေး၊ သယ်ယူပို့ဆောင်ရေးစတဲ့ ကိစ္စရပ်များကို ဆောင်ရွက်ရန် လိုအပ်သောအသုံးစရိတ်များကို ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ ထည့်သွင်းခဲ့ပြီး ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ်တွင်လည်း အသုံးစရိတ်များ မဖြစ်မနေ ထည့်သွင်းလျာထားခဲ့ပါတယ်။

နိုင်ငံ့ဝန်ထမ်းများရဲ့ လစာတိုးမြှင့်ပေးရေးကို ဆောင်ရွက်ရာမှာ အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်-

(က) ငွေချေးသက်သေခံလက်မှတ် ရောင်းဝယ်ရေးဈေးကွက်မှတစ်ဆင့် ငွေတိုက်စာချုပ်များ ရောင်းချခြင်းနှင့် ရောင်းချမည့် ငွေတိုက်စာချုပ်များတွင် နိုင်ငံတကာ ငွေရေးကြေးရေး အဖွဲ့အစည်းများမှ ရင်းနှီးမြှုပ်နှံရန်အတွက် ဆွေးနွေးညှိနှိုင်းသင့်ပါတယ်။ ထိုသို့ ညှိနှိုင်းမှုမဖြစ်နိုင်ပါက ငွေတိုက်စာချုပ် ရောင်းချတဲ့ဈေးကွက်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ခွင့်ပြုနိုင်ရန်အလို့ငှာ လိုအပ်သော နည်းဥပဒေများ ပြင်ဆင်ရန်လိုပါတယ်။

(ခ) ODA (Official Development Assistance) ရရှိမည်ဆိုပါက ရရှိမည့်ငွေကို အနာဂတ်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု စီမံချက်များတွင် အသုံးပြုနိုင်မည်ဖြစ်ပြီး နိုင်ငံတော်ရဲ့ ဘတ်ဂျက်မှ ယင်းစီမံချက်များအတွက် ကျခံရမယ့် အသုံးစရိတ်ကို ဖြတ်တောက်နိုင်မည်ဖြစ်ပါတယ်။ ဒီလိုဖြတ်တောက်လိုက်တဲ့ အသုံးစရိတ်များကို ဝန်ထမ်းလစာတိုးမြှင့်ရာမှာ ပြန်လည်အသုံးချနိုင်မည်ဖြစ်ပါတယ်။

(ဂ) လက်ရှိအနေအထားနှင့် လိုက်လျောညီထွေဖြစ်တဲ့ အခွန်နှုန်း နိမ့်နိမ့်ဖြင့် အခွန်အခြေခံ ကျယ်ကျယ်ပြန့်ပြန့် ကောက်ခံသည့် နည်းစနစ်အသစ်ကိုလည်း ဆောင်ရွက်သင့်ပါတယ်။

(ဃ) နိုင်ငံ့ဝန်ထမ်းများရဲ့ လုပ်ခ၊ လစာနှုန်းများကို တိုးမြှင့်ပေးသဖြင့် လိုအပ်လာမယ့် ငွေအတွက် ငွေစက္ကူရိုက်နှိပ်ခြင်းဖြင့် ဆောင်ရွက်မည်ဆိုပါက ငွေကြေးဖောင်းပွခြင်းနှင့် အခြားသော မေခရိုစီးပွားရေး မတည်ငြိမ်မှုများ ပေါ်ပေါက်လာနိုင်ပါသဖြင့် ငွေစက္ကူရိုက်နှိပ်ခြင်းကို ရှောင်ရှားသင့်ပါတယ်။

နိုင်ငံဝန်ထမ်းများအား လုပ်ခ၊ လစာ နှုန်းထားများ တိုးမြှင့်ပေးနိုင်ရန်အတွက် နိုင်ငံတော်မှ အောက်ပါအချက်များကို ကြိုတင်ဆောင်ရွက်ထားရန် လိုအပ်မည်ဖြစ်ပါတယ်-

(က) အစိုးရမှ ကျခံနေရသည့် အသုံးစရိတ်များမှ မလိုအပ်သည့် အသုံးစရိတ်များကို လျှော့ချနိုင်မည့် နည်းလမ်းရှာဖွေရန်။

(ခ) တိုးတက်ဖြစ်ပေါ်လာမယ့် အသုံးစရိတ်များ ကျခံသုံးစွဲနိုင်ရန် ဝင်ငွေရရှိနိုင်မည့် နည်းလမ်းများကို ကြိုတင်လျာထား စဉ်းစားရန်၊ (ဥပမာအားဖြင့် သဘာဝဓာတ်ငွေ့များ ရောင်းချခြင်းမှ ဝင်ငွေတိုးတက်ရရှိခြင်း (သို့မဟုတ်) အခွန်စနစ်ပြုပြင် ပြောင်းလဲမှုပြုလုပ်ပြီးနောက် အခွန်ရငွေ တိုးမြှင့်လာခြင်း)။

(ဂ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးတက်မြင့်မားစေရန်နှင့် နိုင်ငံခြားမှ ထောက်ပံ့ငွေ၊ အတိုးနှုန်းသက်သာသော ချေးငွေများ ပါဝင်သည့် ထိရောက်သော ပြည်ပအကူအညီများ တိုးတက်လာအောင် ဆောင်ရွက်ရန်။

(ဃ) ပေးချေရန်ရှိသော ကြွေးမြီများအား ဦးစားပေးအစီအစဉ်အလိုက် လျာထားပေးဆပ်ရန်။

(င) အစိုးရငွေတိုက်စာချုပ်များ ထုတ်ဝေရောင်းချခြင်းကို အလေးထား ဆောင်ရွက်ရန်နှင့် ငွေတိုက်စာချုပ်များ ရောင်းဝယ်သည့် ဈေးကွက်အား ဖွံ့ဖြိုးတိုးတက်စေမည့် ဆောင်ရွက်မှုများ ပြုလုပ်ရန်။

(စ) အစိုးရအသုံးစရိတ်များသည် ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် တာဝန်ယူမှုရှိစေရန်။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုတာကတော့ ပြည်ထောင်စုလွှတ်တော်မှ ပေးပို့သည့် ဆုံးဖြတ်ချက်မှာ ပါဝင်တဲ့ "နိုင်ငံသားများ ဝန်ထမ်းများ၏ လုပ်ခ၊ လစာနှင့် ချီးမြှင့်ငွေများကို လာမည့်ဘဏ္ဍာရေးနှစ်အစတွင် မဖြစ်မနေ တိုးမြှင့်ပေးရေး" အဆိုမှာ ပြည်ထောင်စုအစိုးရမှ အကောင်အထည်ဖော်ဖို့ စဉ်းစားနေတဲ့ ကိစ္စဖြစ်သလို နိုင်ငံ့ဝန်ထမ်းများအတွက်လည်း ဆောင်ရွက်ပေးသင့်တဲ့ကိစ္စဖြစ်လို့ ကြိုဆိုပါကြောင်း ပြောကြားလိုပါတယ်။ နိုင်ငံတော်အနေနဲ့ ပုဂ္ဂလိကပိုင်အခန်းကဏ္ဍရဲ့ ပါဝင်မှုအချိုးကို တိုးတက်အောင် ဆောင်ရွက်သွားဖို့ ရည်မှန်းထားတဲ့အတွက် နိုင်ငံ့ဝန်ထမ်းများရဲ့ လစာ၊ လုပ်ခ တိုးမြှင့်မှုဟာ ပုဂ္ဂလိကကဏ္ဍမှာရှိတဲ့ အလုပ်သမားများအပေါ်လည်း အကျိုးသက်ရောက်မှုရှိနိုင်တာကြောင့် ပုဂ္ဂလိကကဏ္ဍမှာရှိတဲ့ လုပ်ခ၊ လစာ အခြေအနေအပြင် ပြည်သူလူထု တစ်ဦးချင်းရဲ့ ပျမ်းမျှဝင်ငွေဟာ ဖြစ်ပေါ်လာမယ့် အခြေအနေနဲ့ လိုက်လျောညီထွေ ရှိရန်ကိုလည်း ထည့်သွင်းစဉ်းစားဖို့ လိုအပ်မှာဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံ့ဝန်ထမ်းလစာများကို တိုးမြှင့်ဆောင်ရွက်မပေးနိုင်ခင် လွှတ်တော်ကိုယ်စားလှယ်ကြီးများ တိုက်တွန်းတောင်းဆိုထားတဲ့ ဝေးလံခေါင်သီဒေသမှာ တာဝန်ထမ်းဆောင်နေကြတဲ့ တိုင်းရင်းသားလုပ်သားပြည်သူများကို အလုပ်အကျွေးပြုနေကြတဲ့ ဝန်ထမ်းများရဲ့ ဒေသစရိတ်နှုန်းထားတွေကို ဦးစွာတိုးမြှင့်ပေးသွားမှာ ဖြစ်ပါတယ်။ ဝန်ထမ်းလစာ တိုးပေးရေးကိစ္စ ဆောင်ရွက်ရာမှာလည်း နိုင်ငံတော်ရဲ့ စီမံခန့်ခွဲမှုစနစ် အကောင်းဆုံးအနေအထားကို ရောက်ရှိစေဖို့ အဓိကလိုအပ်ပါတယ်။ အဲဒီလိုရောက်ရှိနိုင်ရန်မှာ နိုင်ငံတကာမှ ဆောင်ရွက်တဲ့ နည်းလမ်းများကို စံနမူနာထားပြီး ပြည်တွင်း ပြည်ပမှ ပညာရှင်များနှင့် အစိုးရဌာနမှ ပညာရှင်များ ပါဝင်တဲ့အဖွဲ့ကို ဖွဲ့စည်းရမှာ ဖြစ်ပါတယ်။ အဲဒီအဖွဲ့အနေနဲ့ အမျိုးသားစီမံကိန်းရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်မှုကို အခြေခံပြီး နိုင်ငံ့ဝန်ထမ်းများရဲ့ လစာတိုးမြှင့်ရေး အစီရင်ခံစာများ ရေးသားပြုစုသွားဖို့လည်း လိုအပ်ပါတယ်။ ဒီလိုရေးသားပြုစုတင်ပြတဲ့ အစီရင်ခံစာများအပေါ် သုံးသပ်ပြီးတော့ နိုင်ငံ့ဝန်ထမ်းများရဲ့ လုပ်ခ၊ လစာနှင့် ချီးမြှင့်ငွေများ တိုးမြှင့်ပေးရေးကို ဆောင်ရွက်ပေးသွားရမှာ ဖြစ်ပါတယ်။ လတ်တလော ဆောင်ရွက်မှုကို ၂၀၁၂-၂၀၁၃ခု၊ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်မယ်ဆိုရင် တင်ပြပြီးဖြစ်တဲ့ ပိုမိုကုန်ကျလာမယ့်လစာနှင့် အခြားအသုံးစရိတ်တွေ များပြားလာမှာဖြစ်လို့ နိုင်ငံတော်ရဲ့ ဘတ်ဂျက်မှာ အခက်အခဲတွေ့လာနိုင်မှာ ဖြစ်ပါတယ်။

သို့ပါ၍ နိုင်ငံ့ဝန်ထမ်းများရဲ့ လစာ၊ လုပ်ခများ တိုးမြှင့်ပေးနိုင်ဖို့ လိုအပ်တဲ့ ကြိုတင်ပြင်ဆင်မှုများ ပြီးမြောက်အောင် ဆောင်ရွက်ပြီးနောက် ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်မှသာ နိုင်ငံ့ဝန်ထမ်းများရဲ့ လစာ၊ လုပ်ခများ တိုးမြှင့်ရေးကို ဆောင်ရွက်သင့်ပါကြောင်းနှင့် ဝေးလံခေါင်သီဒေသများမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းများကို ငဲ့ညှာထောက်ထားသောအားဖြင့် ၎င်းတို့ရဲ့ ဒေသစရိတ်နှုန်းထားများကို ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ်တွင် စတင်တိုးမြှင့်ပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတကိုယ်စား ပြည်ထောင်စုလွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။(သတင်းစဉ်)

မွန်ပြည်နယ်တရားလွှတ်တော်နှင့် အမှုလိုက်ပါဆောင်ရွက်လျက်ရှိသည့် ရှေ့နေများ တွေ့ဆုံပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

မွန်ပြည်နယ်တရားလွှတ်တော်က ဦးဆောင်၍ ပြည်နယ်အတွင်းရှိ တရားရုံးအသီးသီး၌ အမှုလိုက်ပါဆောင်ရွက်လျက်ရှိကြသည့် ရှေ့နေများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၂ နာရီတွင် ပြည်နယ်တရားလွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီးက ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် နေပြည်တော်၌ ကျင်းပခဲ့သည့် တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲအခမ်းအနား၌ ပြည်ထောင်စုတရားသူကြီးချုပ် ပြောကြားခဲ့သည့် အမှာစကားပါ အချက်အလက်များအား ထပ်ဆင့်ရှင်းလင်းဆွေးနွေးပြီး ပြည်နယ်ဥပဒေချုပ် ဦးဝင်းကြည်က ပြည်ထောင်စုရှေ့နေချုပ် မိန့်ခွန်းပါ ပြောကြားချက်များနှင့် ပြည်နယ်အစိုးရအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မွန်ပြည်နယ်အတွင်းရှိ ရှေ့နေများကိုယ်စား တရားလွှတ်တော်ရှေ့နေ ဦးနီနီယု၊ ဦးမြင့်သိန်း၊ ဒေါ်နွယ်နွယ်အောင်တို့က ရှေ့နေများအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးကဏ္ဍတွင် ဥပဒေနှင့်အညီ ဟန်ချက်ညီညီ ပါဝင်ဆောင်ရွက်မည့်အကြောင်း ပြန်လည်ဆွေးနွေးတင်ပြကြပြီး အမှုများစစ်ဆေးကြားနာရာတွင် တရားရုံးများက လိုအပ်ချက်များနှင့်စပ်လျဉ်း၍ တင်ပြချက်များအပေါ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၂-၂၀၁၂ (သောကြာနေ့)

AM & PM
၅း၄၀ "အတွေးကမ္ဘာ"တရားတော် (ဆရာတော်အရှင်ပါကဋ္ဌာလင်္ကာရ)
၆း၃၀ ကံကူထွန်းခေါင် ပိတ်ချင်းမြောင်
၈း၅၅ (၆၅)ကြိမ်မြောက် မွန်အမျိုးသားနေ့ပျော်ပွဲရွှင်ပွဲအခမ်းအနား
၉း၃၅ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ လူကြမ်းမောင်လေး) (အပိုင်း-၂)
၁၀း၃၀ Fashion Week (Euphoria) (Part-3)
၁၂း၄၀ ရန်ကုန်မြင်ကွင်းကျယ် (လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓပူဇနိယ ပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနား)
၂း၂၀ Style ရှိမှ Star ဖြစ်မယ်
၅း၀၅ အာကာဝေဟင်ထဲ Yangon Airways စီးပြီးခရီးနှင်မယ်
၆း၁၅ LASALLE Collage (Part-1)
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၁၁၉)**
၇း၄၀ အနုပညာမိုးကောင်းကင်
၈း၃၀ The Shop Around The Corner (Part-25)
၈း၃၅ နှလုံးသားတွေလျှမယ့်ည Song Oo Hlaing One Man Show (LIVE)
၁၁း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၇၂)**
၁၂း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တေးသွားဧကရီ" (အပိုင်း-၁၉)**
၁း၀၀ အရသာစွဲမက်စားလို့ကောင်းတာ ဟုန်ရှင်းပင်လယ်စာ
၁း၁၀ VJ Choice
၁း၄၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ
၁း၅၅ World of Knowledge
၄း၁၅ ခနေဖြူမြို့ရဲ့ အထင်ကရနေရာများ ဆီသို့အလည်တစ်ခေါက်
၄း၅၀ ဘွဲ့အမည်နာမတော်သုံးမျိုးနဲ့ ထင်ပေါ် ဘုရင့်ညီနောင်ရတနာ လိုဏ်ဂူတော်

✽ စာမျက်နှာ ၅ မှ

ဖွံ့ဖြိုးရရှိစေနိုင်မည့် အခြေအနေကောင်းတစ်ရပ်ဖြစ်ပါတယ်။

လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ လူ့စွမ်းအားအရင်းအမြစ်အခြေပြု စီးပွားရေးဘဝဖြစ်ထွန်းရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော အရည်အသွေးမြင့် စက်မှုကုန်ထုတ်လုပ်ငန်းများ ဖြစ်ထွန်းရေးတို့သည် တစ်ခုနှင့်တစ်ခု ခွဲခြား၍မရအောင် ပေါင်းစည်းယှက်နွယ်နေသော ပေါင်းစည်းဖြစ်စဉ်များဖြစ်ပါတယ်။

လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွင် ပညာရေး (Education)သည် အဓိကကျသည်မှန်သော်လည်း ပညာရေး၏ နောက်ပိုင်းလုပ်ငန်းခွင် ရောက်သည်အထိ ဆင့်ပွားဖြစ်စဉ်များဖြစ်ကြသော အသက်မွေးမှုပညာရပ် (Vocation)၊ ကျွမ်းကျင်မှုပညာရပ် (Profession)နှင့် လက်တွေ့လုပ်ငန်းပညာရပ် (Occupational Trade)တို့သည် လက်တွေ့ကုန်ထုတ်လုပ်မှုဘဝကို ပိုမိုလွှမ်းမိုးခြယ်လှယ်သည့် အချက်များဖြစ်သည်ကို တွေ့ရှိရပါတယ်။ ယင်းပညာရပ်များကို ကုန်ထုတ်လုပ်ငန်းနှင့် တစ်ဆက်တစ်စပ်တည်း လေ့ကျင့်သင်ကြားပေးရသော သဘာဝရှိပါတယ်။

သာဓကအားဖြင့် ၁၉၅၀ ခုနှစ်ခန့်က ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့၏ ပညာရေးအခြေအနေသည် အလွန်နိမ့်ကျပါတယ်။ သို့ရာတွင် ပြည်ပမှ အရင်းအနှီးနှင့် နည်းပညာကို တင်သွင်း၍ စက်မှုကုန်ထုတ်လုပ်ငန်းများကို လုပ်ကိုင်ပြီး ကျွမ်းကျင်မှုပညာရပ်နှင့် လက်တွေ့လုပ်ငန်းပညာရပ်တို့ကို လုပ်ငန်း လုပ်ကိုင်ရင်းနှင့် တည်ဆောက်ခဲ့ရာတွင် တစ်ချိန်တွင် မူရင်းနိုင်ငံထက်ပင် ကုန်ထုတ်လုပ်မှု အရည်အသွေးမြင့်မားလာခဲ့ပြီး စီးပွားရေးဘဝ အောင်မြင်လာချိန်တွင် အောင်မြင်မှုများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပညာရေးအဆင့်အတန်းကို ပိုမိုမြင့်မားအောင် ရေရှည်အစီအမံများဖြင့် ဆောင်ရွက်လာနိုင်စွမ်းရှိသည်ကို လေ့လာတွေ့ရှိရပါတယ်။

ယနေ့ နိုင်ငံတကာတွင် လက်တွေ့ကျွမ်းကျင်မှုနယ်ပယ်ကို ပညာရပ်တစ်ခုအနေဖြင့် အလေးထားဆောင်ရွက်လျက် ရှိပါတယ်။ စက်မှုကုန်ထုတ်လုပ်ငန်းနယ်ပယ်မှ အစပြု၍ ပေါ်ထွန်းခဲ့သော အလုပ်ရုံဆွေးနွေးပွဲ (Work Shop) ဟူသော ဝေါဟာရသည် အခြားသော နယ်ပယ်အသီးသီးသို့ပင် ပျံ့နှံ့လွှမ်းမိုးလျက်ရှိပါတယ်။ စက်မှုကုန်ထုတ်လုပ်ငန်းများ တည်ထောင်ဖြစ်ထွန်းမှုရှိမှသာလျှင် လက်တွေ့ကျွမ်းကျင်မှု ပညာရပ်များလည်း ဖွံ့ဖြိုးနိုင်မည်ကို ရှုမြင်သုံးသပ်နိုင်ပါတယ်။

လူသားအရင်းအမြစ်ဖွံ့ဖြိုးမှု၏ သဘောသဘာဝအရ အလွှာ (၅)လွှာကို ခွဲခြားရှုမြင်နိုင်ပါတယ်။ အခြေခံအလွှာမှ ထိပ်ဆုံးအလွှာအထိ အောက်ပါအတိုင်း တွေ့ရှိရပါတယ်-

(က) ကျွမ်းကျင်လုပ်သား (Skilled Operator)
(ခ) ကျွမ်းကျင်မှုပညာသည် (Technician)
(ဂ) အတတ်ပညာရှင် (Engineer/Profession)
(ဃ) အသိပညာရှင် (Academician)
(င) သိပ္ပံပညာရှင် (Scientist)

အလွှာအသီးသီးအလိုက် ပြုစုပျိုးထောင်မှုနှင့် လေ့ကျင့်သင်ကြားမှုများကို ဝိသေသများအရ သီးခြားလမ်းကြောင်းနှင့် အစီအမံများအတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါတယ်။

စက်မှုကဏ္ဍ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့်စပ်လျဉ်း၍ တပ်မတော်အစိုးရလက်ထက်ကပင် ရေရှည်အစီအမံများ ချမှတ်၍ ဆောင်ရွက်ခဲ့ပါတယ်။ တစ်နိုင်ငံလုံးတွင် နည်းပညာတက္ကသိုလ် (၃၂)ခု၊ ကွန်ပျူတာတက္ကသိုလ် (၂၅)ခု၊ စက်မှုသိပ္ပံ/ နည်းပညာကောလိပ် (၁၅)ခု၊ နည်းပညာအထက်တန်းကျောင်း (၃၆)ခုတို့ကို တည်ထောင်ထားပြီး ဖြစ်ပါတယ်။

၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလကုန်အထိ နည်းပညာတက္ကသိုလ်၊ ကောလိပ်နှင့် အထက်တန်းကျောင်းများမှ လက်မှတ်ရအဆင့်မှ ပါရဂူဘွဲ့ရအဆင့်အထိ ကျောင်းသား (၂၇၈၉၃၇) ယောက်မွေးထုတ်ခဲ့ပြီး တက်ရောက်ဆဲကျောင်းသား (၁၁၂၀၅၁) ယောက်ရှိရာ နည်းပညာဆိုင်ရာ လူသားအရင်းအမြစ် စုစုပေါင်း (၃၉၀၉၈၈) ယောက်ကို ပြုစုပျိုးထောင်ထားပြီးဖြစ်ပါတယ်။

ယင်းသို့နိုင်ငံတော်မှ ရေရှည်အစီအမံဖြင့် ငွေကြေးမြောက်မြားစွာ အကုန်အကျခံ၍ ပြုစုပျိုးထောင်ခဲ့သော လူသားအရင်းအမြစ်များကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် နည်းပညာမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကို ဆက်လက်ပြုစုပျိုးထောင်ရန်အတွက် စက်မှုဖွံ့ဖြိုးရေးသည် မရှိမဖြစ် လိုအပ်ချက်တစ်ရပ် ဖြစ်နေပါတယ်။ ယင်းအချက်ကို လျစ်လျူရှုထားပါက အလုပ်လက်မဲ့အခြေအနေများဆီသို့သာ ဦးတည်စေမည်ဖြစ်ပါတယ်။ မိမိနိုင်ငံတွင်စက်မှုဖွံ့ဖြိုးမှုအားနည်းချက်ကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပြီး အိမ်နီးချင်းနိုင်ငံနှင့် အခြားနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နေရသူ မြန်မာအလုပ်သမား (၃)သန်းခန့်ရှိနေသည်မှာ လက်တွေ့ဖြစ်ရပ်ပင်ဖြစ်ပါတယ်။ စက်မှုဖွံ့ဖြိုးရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးတို့သည် ခွဲခြား၍မရသော ပေါင်းစည်းဖြစ်တည်မှု ဖြစ်သည့်အပြင် အပြန်အလှန်အကျိုးပြု၍ အပြန်အလှန် ဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းစေလျက်ရှိသည်ကို ရှုမြင်အပ်ပါတယ်။

ယနေ့လယ်ယာစိုက်ပျိုးရေးကဏ္ဍသည်လည်း စက်မှုလယ်ယာစနစ်သို့ ဦးတည်လျက်ရှိရာ ယင်းကဏ္ဍမှ ပိုလျှံလာမည့် လူသားအရင်းအမြစ်များနှင့် လက်ရှိအလုပ်အကိုင်အခွင့်အလမ်းကို စောင့်မျှော်နေသော လူသားအရင်းအမြစ်များအားလုံးကို စီမံကိန်းများတည်ဆောက်မှုကာလမှစတင်၍ အလုပ်အကိုင်အခွင့်အလမ်းများကို စဉ်ဆက်မပြတ် ဖန်တီးပေးနိုင်မည်ဖြစ်ပါတယ်။

စက်မှုဖွံ့ဖြိုးရေးစီမံကိန်းများသည် မိမိနိုင်ငံတွင် စက်မှုကုန်ထုတ်လုပ်ငန်းများ ဖြစ်ထွန်းမှုမရှိသဖြင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးမှုကြောင့် လူမှုဘဝကို စွန့်လွှတ်၍ အခြားသောနိုင်ငံများတွင် သွားရောက်လုပ်ကိုင်နေရသော အင်ဂျင်နီယာများ၊ အတတ်ပညာရှင်များ၊ စီးပွားရေးပညာရှင်များ၊ စီမံခန့်ခွဲသူများ၊ ကျွမ်းကျင်လုပ်သားများနှင့် သာမန်လုပ်သားများ အစရှိသော လူတန်းစားအားလုံးအတွက် မိမိနိုင်ငံတွင်ပင် ကြီးမားကျယ်ပြန့်သော အလုပ်အကိုင် အခွင့်အလမ်းများကို စဉ်ဆက်မပြတ် ဖြစ်ထွန်းစေကာ အိုးမကွာအိမ်မကွာ အလုပ်လုပ်နိုင်သည့် အခွင့်အရေးနှင့် မိမိနိုင်ငံအတွက် အလုပ်လုပ်နိုင်သည့် အခွင့်အရေး၊ အတ္တပရ အကျိုးကျေးဇူးနှစ်ရပ်စလုံးကိုရရှိစေကာ မိမိနိုင်ငံ၏ သဘာဝသယံဇာတများကို ပြည်ပနိုင်ငံများသို့ အားကိုးရန်မလိုဘဲ မိမိတို့၏အစွမ်းဖြင့် ဖော်ထုတ်သုံးစွဲလျက် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အန္တိမရည်မှန်းချက်အဖြစ်ထားရှိကာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

စက်မှုဖွံ့ဖြိုးရေးစီမံကိန်းများကို အကောင်အထည်ဖော်ရာ၌ မိမိနိုင်ငံတွင် ရေရှည်အစီအမံအရ ပြုစုပျိုးထောင်ထားပြီးဖြစ်သည့် နည်းပညာဆိုင်ရာ လူသားအရင်းအမြစ်များကို အခြေခံလျက် နည်းပညာနှင့် ကျွမ်းကျင်မှုပိုမိုမြင့်မား တိုးတက်အောင် လေ့ကျင့်ပေးပြီး လုပ်ငန်းလုပ်ကိုင်စေရန်နှင့် အလုပ်လုပ်ရင်း ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင် လေ့ကျင့်ပေးသွားရမည်ဖြစ်ပါတယ်။ အပြန်အလှန်အားဖြင့်လည်း ဖြစ်ထွန်းလာသော စက်မှုဖွံ့ဖြိုးမှုအခြေအနေများကလည်း လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို လက်တွေ့ကျကျအထောက်အကူ ပြုစေမည်ဖြစ်ပါတယ်။

စီမံကိန်းတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရာတွင် ဖြစ်နိုင်စွမ်း၊ တွက်ခြေကိုက်မှုနှင့် ဈေးကွက်အခြေအနေများကို စနစ်တကျလေ့လာတွက်ချက် ဆောင်ရွက်ရန်လိုအပ်ပါတယ်။ အထူးသဖြင့် ပြည်ပချေးငွေဖြင့် ဆောင်ရွက်သည့် စီမံကိန်းများသည် မူဝါဒအားဖြင့် သက်ဆိုင်ရာအစိုးရမှ ဆုံးဖြတ်သည်မှန်သော်လည်း လက်တွေ့တွင် လွတ်လပ်သော စီးပွားရေးနှင့် ငွေကြေးအဖွဲ့အစည်းများမှ ထုတ်ချေးခြင်းဖြစ်သည့်အားလျော်စွာ Feasibility Study Report နှင့် Economic and Financial Evaluation များကို စနစ်တကျ ရေးဆွဲပြုစုတင်သွင်းရပါတယ်။

ယင်းသို့ဖြစ်နိုင်စွမ်းနှင့် တွက်ခြေကိုက်မှု အစီရင်ခံစာများကို ပြုစုရာတွင် Client, Contractor နှင့် ငွေချေးပေးမည့် Bank သုံးဦးသုံးဖလှယ်မှ ပညာရှင်များ ပါဝင်ပြီး ပေါင်းစပ်ဆောင်ရွက်ရပါတယ်။ ယင်းအစီရင်ခံစာများအပေါ် ဆန်းစစ်လေ့လာပြီး ကျေနပ်မှုရှိမှသာ သက်ဆိုင်ရာဘဏ်မှ ချေးငွေထုတ်ပေးသည့် လုပ်ထုံးလုပ်နည်းစနစ်များ နိုင်ငံတကာတွင် ခိုင်မာစွာရှိပြီး ဖြစ်ပါတယ်။

စက်မှုဖွံ့ဖြိုးရေးစီမံကိန်းများနှင့် စပ်လျဉ်းသည့် ဖြစ်နိုင်စွမ်းနှင့် တွက်ခြေကိုက်မှုဆိုင်ရာ အစီရင်ခံစာများကို တင်သွင်းပြီးဖြစ်ကာ သက်ဆိုင်ရာချေးငွေဆိုင်ရာ ငွေကြေးအဖွဲ့အစည်းများကလည်း စနစ်တကျ ဆန်းစစ်လေ့လာ၍ စီမံကိန်း၏ ဖြစ်နိုင်စွမ်းနှင့် တွက်ခြေကိုက်မှုတို့ကို အတည်ပြုလက်ခံခဲ့ပြီးဖြစ်ပါတယ်။

Source Industry များသည် စက်ရုံတစ်ခုလုံးကို ထုတ်လုပ်နိုင်သကဲ့သို့ စက်လိုင်းတစ်လိုင်းချင်းနှင့် စက်ပစ္စည်း တစ်ခုချင်းစီကို ထုတ်လုပ်နိုင်စွမ်းရှိပါတယ်။ စက်ရုံအမျိုးမျိုး၏ Spare Parts များကိုလည်း ထုတ်လုပ်နိုင်ပါတယ်။ Design Bureau ဖွဲ့စည်းပါရှိသဖြင့် နိုင်ငံတော်အတွက် လိုအပ်သည့် စက်ရုံအမျိုးမျိုးကို လိုအပ်သလို ပုံစံထုတ်၍ ပြောင်းလဲထုတ်လုပ်နိုင်စွမ်းရှိပါတယ်။

Source Industry များသည် ယနေ့မြန်မာနိုင်ငံတွင် တည်ရှိနေသော စက်မှုကုန်ထုတ်လုပ်ငန်းများ၏ ရေရှည်တည်တံ့ရေးကိုလည်း အာမခံချက်ပေးနိုင်သည် သာမက အနာဂတ်စက်မှုဖွံ့ဖြိုးရေး ဖြစ်တည်ချက်များနှင့် ရည်မှန်းချက်များအတွက် မရှိမဖြစ်လိုအပ်သော ယန္တရားတစ်ရပ်ဟု ရှုမြင်အပ်ပါတယ်။

ယနေ့ကာလတွင် နိုင်ငံတော်အတွင်းရှိ ကဏ္ဍအသီးသီးနှင့်သက်ဆိုင်သော စက်ရုံ၊ စက်လိုင်းများ၊ စက်မှုလုပ်ငန်းများစွာသည် ပြည်တွင်း၌အားပြုရမည့် Source Industry မရှိသဖြင့် စက်ပစ္စည်းများ အကြီးစားချွတ်ယွင်းမှုများ ဖြစ်သည်နှင့် စက်ရုံများ၊ ထုတ်လုပ်မှုလုပ်ငန်းများကို ကာလကြာရှည်စွာ ရပ်တန့်ရခြင်း၊ အချို့မှာ လုံးဝမလည်ပတ်နိုင်သည့် အခြေအနေသို့ ဆိုက်ရောက်ခဲ့ခြင်း၊ စက်ပစ္စည်းများကို တန်ရာတန်ဖိုးထက် ၄ ဆ၊ ၅ ဆခန့် ပေးရခြင်းတို့သည် ပကတိဖြစ်ရပ်များပင်ဖြစ်ပါတယ်။

ကမ္ဘာ့စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများကို လေ့လာသုံးသပ်ပါက Source Industry များကို အခြေခိုင်အောင် တည်ထောင်ခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် လူမှုစီးပွားဘဝကို အဆင့်အတန်းမြင့်မြင့် အာမခံချက်ပေးနိုင်သော စက်မှုကုန်ထုတ်လုပ်ငန်းများကို ဖွံ့ဖြိုးစေလျက် ယင်းမှတစ်ဆင့် နိုင်ငံတော်၏ စီးပွားရေးဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်သည်ကို ရှုမြင်အပ်ပါတယ်။

စက်မှုဖွံ့ဖြိုးရေးစီမံကိန်းများသည် နည်းပညာလွှဲပြောင်းမှုအခြေခံ (Transfer of Technology Basis)ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ နည်းပညာလွှဲပြောင်းရယူခြင်း၊ R&D Centre များ တည်ထောင်ခြင်း၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအစီအမံများ ဆောင်ရွက်ခြင်း၊ ထုတ်လုပ်မှုအတွေ့အကြုံများကို စုစည်းခြင်းတို့ဖြင့် နည်းပညာဖွံ့ဖြိုးမှုကို ရရှိနိုင်မည်ဖြစ်ပါတယ်။ နည်းပညာပေါင်းစည်းမှုမှ နည်းပညာပေါင်းစည်းဖွံ့ဖြိုးမှု ဆပွားအကျိုးရလဒ်များ (Synergetic Technology Integration)ကို ဖြစ်ထွန်းရရှိစေမှာ ဖြစ်ပါတယ်။

လက်တွေ့အခြေအနေတွင် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ (SME)သည် စက်ပစ္စည်း အရင်းအနှီး၊ နည်းပညာနှင့် စက်မှုကုန်ကြမ်းအားလုံးကို ပြည်ပသို့ မှီခိုနေရသော ကန့်သတ်ချက်များ ရှိနေပါတယ်။ စက်မှုဖွံ့ဖြိုးရေးစီမံကိန်းများသည် ယင်းလိုအပ်ချက်များ၊ ကန့်သတ်ချက်များကို ကျော်လွှားစေပြီး ပြည်ပလက်ဝေခံ လုပ်ငန်းမဟုတ်ဘဲ ပြည်တွင်း၌ မိမိတို့၏ အစွမ်းအစဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်စွမ်း ရှိစေမှာဖြစ်ပါတယ်။ ပုဂ္ဂလိကကဏ္ဍနှင့် အများပိုင်ကဏ္ဍများ အတွက် SME စက်လိုင်းများကို ထုတ်လုပ်ပေးရာတွင် Core Technology မှာ မိမိနိုင်ငံလက်ဝယ်တွင်ရရှိပြီးဖြစ်သဖြင့် နည်းပညာလွှဲပြောင်းမှုအတွက် သီးခြားကုန်ကျစရိတ်များ မရှိတော့ဘဲ သက်သာမှုအကျိုးကျေးဇူးကို ခံစားရရှိနိုင်မှာ ဖြစ်ပါတယ်။ နည်းပညာလွှဲပြောင်းမှု တန်ဖိုးမှာ စက်ပစ္စည်းတန်ဖိုး စုစုပေါင်း၏ ၁၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ကျသင့်သည်ဖြစ်ရာ SME များအတွက် စက်အရင်းအနှီး တန်ဖိုးသက်သာမှုရရှိပြီး ထုတ်လုပ်မှုယှဉ်ပြိုင်နိုင်စွမ်းကို တိုးမြှင့်နိုင်မှာ ဖြစ်ပါတယ်။

Source Industry များသည် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်း (SME) များအတွက် လိုအပ်သည့်စက်ရုံများ၊ စက်ပစ္စည်းများနှင့် စက်လိုင်းများကို ထုတ်လုပ်နိုင်စွမ်းရှိသဖြင့် လက်ရှိမြို့ကြီးများတွင်သာ ဆောင်ရွက်နိုင်သည့် အခြေအနေမှ ပြည်နယ်၊ တိုင်းဒေသကြီး အသီးသီးအထိ ပျံ့ပျံ့နှံ့နှံ့ရောက်ရှိပြီး ပြည်သူလူထု တစ်ရပ်လုံးနှင့် တစ်မျိုးသားလုံး ပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်အရေးရှိသော အမျိုးသားစက်မှုကုန်ထုတ်လုပ်မှုဘဝ (National Industrialization Age) သို့ ရောက်ရှိစေမှာ ဖြစ်ပါတယ်။

ယင်းကဲ့သို့သော စက်မှုဖွံ့ဖြိုးရေးအခြေအနေကောင်းများကို ဖန်တီးဆောင်ရွက်မှုမှတစ်ဆင့် စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍနှင့် ဆက်စပ်လျက် စွန့်ဦးတီထွင်လုပ်ငန်းရှင်များကို ပြုစုပျိုးထောင်ပေးပြီး ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ငွေရေးကြေးရေး၊ ဝန်ဆောင်မှုစသည်တို့ ကဏ္ဍစုံဘက်စုံပါဝင်သော Entrepreneurial Business Environment (EBE)ကို ဖန်တီးကာ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဘက်စုံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆီသို့ ဦးတည်ဆောင်ရွက်ရန် ဖြစ်ပါတယ်။

မြန်မာနိုင်ငံ၏ စက်မှုဖွံ့ဖြိုးရေးသည် နိုင်ငံတော်၏ ရေရှည်ရင်းနှီးမြှုပ်နှံမှုဖြစ်ပါတယ်။ တစ်မျိုးသားလုံးနှင့် သက်ဆိုင်သော အမျိုးသားရင်းနှီးမြှုပ်နှံမှုများဖြစ်ပါတယ်။ သားစဉ်မြေးဆက် အကျိုးဖြစ်ထွန်းစေမည့် ရင်းနှီးမြှုပ်နှံမှုများဖြစ်ပါတယ်။ အနာဂတ် မျိုးဆက်သစ်များအတွက် ရင်းနှီးမြှုပ်နှံမှုများ ဖြစ်ပါတယ်။ အမျိုးသားကုန်ထုတ်လုပ်မှုကို အဆပေါင်းများစွာ တိုးတက်စေမည့် Productive Sector ၏ ရင်းနှီးမြှုပ်နှံမှု ဖြစ်ပါတယ်။ Productive Sector သည်ပင်လျှင် သာမန်စက်မှုကုန်ထုတ်လုပ်မှုမဟုတ်ဘဲ စက်ရုံ၊ စက်လိုင်းနှင့် စက်ပစ္စည်းထုတ်လုပ်မှုဖြစ်သဖြင့် ဆင့်ပွားစက်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ဖြစ်ပေါ်စေသည့် Synergetic Productive Paradigm ပုံစံဖြစ်ပါတယ်။

အနာဂတ်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီး၌ အများပိုင်နှင့် ပုဂ္ဂလိကပိုင် စက်မှုကုန်ထုတ်လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းစေပြီး မိမိဒေသ၏ သဘာဝသယံဇာတများ၊ ပစ္စည်းသယံဇာတနှင့် လူသယံဇာတများကို အခွင့်အရေး တူညီမျှစွာ အသုံးချထုတ်လုပ်နိုင်ခြင်းဖြင့် တစ်မျိုးသားလုံး ပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်အရေးရှိသော အမျိုးသားစက်မှု ကုန်ထုတ်လုပ်မှုဘဝ (National Industrialization Age)သို့ ရောက်ရှိစေရန် ရည်မှန်းဆောင်ရွက်ခြင်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံ၏ လက်ငင်းစိန်ခေါ်မှုတစ်ရပ်ဖြစ်သော ၂၀၁၅ ခုနှစ်တွင် AFTA လွတ်လပ်သော အာဆီယံဈေးကွက်ပေါ်ထွန်းလာမှုအတွက်လည်း မိမိနိုင်ငံသားများ၏ ယှဉ်ပြိုင်နိုင်စွမ်းကို တွန်းအားပေးစေမည့် စွမ်းအားတစ်ရပ်ကိုဖြစ်ပေါ်စေမည်ဟု သုံးသပ်ပါတယ်။

ရင်းနှီးမြှုပ်နှံမှုကို နိုင်ငံပိုင်တစ်ခုတည်းသာဖြစ်ရမည်ဟု ကန့်သတ်ထားခြင်း မရှိပါ။ ပုဂ္ဂလိကပိုင်၊ အများပိုင်၊ ဖက်စပ်ပိုင်နှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအားလုံးကို တန်းတူရည်တူ ခွင့်ပြုထားပါတယ်။ သို့ရာတွင် လက်ရှိအခြေအနေ၌ ပြည်တွင်း/ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများသည် အမျိုးသားအကျိုးစီးပွားထက် မိမိ၏အကျိုးစီးပွားကိုသာ ရှေးရှုမည်ဖြစ်ရာ ရေရှည်ရင်းနှီးမြှုပ်နှံမှုဖြစ်သော Source Industry ကို ဦးစားပေး၍ ရင်းနှီးမြှုပ်နှံနိုင်မည် မဟုတ်ပါ။ သို့ဖြစ်ပါ၍ စက်မှု ဖွံ့ဖြိုးရေးအတွက် အဓိကသော့ချက်ဖြစ်သော Source Industry ထူထောင်ရေးကို နိုင်ငံတော်က ကနဦး ရင်းနှီးမြှုပ်နှံရခြင်းဖြစ်ပါတယ်။ နောင်တွင် ဈေးကွက်စီးပွားရေးအခြေအနေအရ ပိုင်ဆိုင်မှုပုံသဏ္ဌာန်ကို လိုအပ်သလို ပြောင်းလဲသွားနိုင်မှာ ဖြစ်ပါတယ်။

နိုင်ငံတော်၏ အမျိုးသားစီမံကိန်း ပဉ္စမကာလတို (၅)နှစ် စီမံကိန်းရည်မှန်းချက်အရ စက်မှုကဏ္ဍတိုးတက်မှုကို နှစ်စဉ် ၁၄ ဒသမ ၁ ရာခိုင်နှုန်း ရရှိရေးအတွက် စက်မှုဖွံ့ဖြိုးရေးစီမံကိန်းများကို မလွဲမသွေဆောင်ရွက်ရန် လိုအပ်ပါတယ်။ ယင်းသို့ ဆောင်ရွက်ခြင်းကြောင့် ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ အဆင့်မြင့်နည်းပညာများ တဖြည်းဖြည်းဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်ခြင်း၊ ပြည်ပမှ မှီခိုနေရသော စက်ပစ္စည်းများကို အမှီအခိုကင်းစွာ ထုတ်လုပ်နိုင်ခြင်း၊ စက်ရုံစက်လိုင်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထုတ်လုပ်နိုင်ကာ SME များကို ဖွံ့ဖြိုးတိုးတက်စေခြင်း၊ မိမိနိုင်ငံ၏ အနာဂတ်စက်မှုလိုအပ်ချက်များအပေါ် မိမိဘာသာ ပုံစံထုတ်၍ ထုတ်လုပ်နိုင်ခြင်းစသော အကျိုးကျေးဇူးများကိုလည်း ဆင့်ပွားခံစားနိုင်မှာဖြစ်ပါတယ်။

စက်မှုဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှုများသည် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားအတွက် ရေရှည်လုပ်ငန်းစဉ်ဖြစ်ပြီး စီမံကိန်းကာလမှာ (၅)နှစ်မှ (၁၀)နှစ်ခန့်အထိ ကြာမြင့်မည်ဟု ခန့်မှန်းပါတယ်။ နိုင်ငံတော်၏ ရေရှည်ရည်မှန်းချက် ဖြစ်သည့်အတွက် ယခုအချိန်မှပင် စွမ်းအားရှိသရွေ့ စတင်ဆောင်ရွက်သင့်ပြီး မြန်မြန်ဆန်ဆန် ပြီးစီးသည်နှင့်အမျှ နိုင်ငံအတွက် အကျိုးဖြစ်ထွန်းမည်ကို မဟာဗျူဟာအမြင်ဖြင့် ရှုမြင်ဆင်ခြင်အပ်ပါတယ်။

နာယကကြီးခင်ဗျား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားစီမံကိန်းဥပဒေကြမ်းတွင် ပါဝင်သော စက်မှုဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ နိုင်ငံတော်၏ မူဝါဒများနှင့် စီမံကိန်းဆောင်ရွက်မှုအခြေအနေအရပ်ရပ်တို့ကို ပြည်သူ့ကိုယ်စားလှယ်များက အလေးအနက် စဉ်းစားနိုင်ရန် ပကတိဖြစ်ရပ်များအတိုင်း ရိုးသားစွာ တင်ပြခဲ့ခြင်းဖြစ်ပါတယ်။ ပြည်သူ့ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ရေရှည်အကျိုးစီးပွားနှင့် အနာဂတ် မျှော်မှန်းချက်များကို ရှေးရှုလျက် ကြီးမားသော ဉာဏ်ပညာအမြော်အမြင်ဖြင့် ဆင်ခြင်သုံးသပ်ကာ မှန်ကန်သော ဆုံးဖြတ်ချက်များကို ချမှတ်နိုင်မည်ဟု မျှော်လင့်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ဧည့်အဖွဲ့များ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ်ဟောင်းနှင့် ဂျပန်-မြန်မာ ချစ်ကြည်ရေးလွှတ်တော်အဖွဲ့၏ အကြီးတန်းအကြံပေး Mr. Hideo WATANABE ဦးဆောင်သောအဖွဲ့သည် စွမ်းအင်ကဏ္ဍလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်ရန် ဖေဖော်ဝါရီ ၁၅ ရက် ညနေပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာနသို့ ရောက်ရှိလာရာ ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးနှင့် တာဝန်ရှိသူများက လက်ခံတွေ့ဆုံသည်။**(အောက်ပုံ)**

ဂျပန်ကိုယ်စားလှယ်အဖွဲ့က ဂျပန်-မြန်မာ နှစ်နိုင်ငံ ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လိုကြောင်းနှင့် နှစ်နိုင်ငံယုံကြည်မှု ပြန်လည်ထူထောင်လိုကြောင်း၊ မြန်မာနိုင်ငံ၌ ဆောင်ရွက်သွားမည့် စီမံကိန်းများ၌ အခြေခံလိုအပ်မည့် စွမ်းအင်ရရှိရေးလုပ်ငန်းများတွင် စွမ်းအင်ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လိုကြောင်း ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရန် အစဉ်ကြိုဆိုလျက်ရှိကြောင်း၊ အချို့သော ဂျပန်ကုမ္ပဏီများနှင့် အဖွဲ့အစည်းများ၏ မြန်မာနိုင်ငံအတွက် အစဉ်တစိုက် အကူအညီပေးနေမှုကို အသိအမှတ်ပြုပါကြောင်း၊ မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန် အခွင့်အလမ်းကောင်းများ များစွာကျန်ရှိနေပြီး အခြေခံအကျဆုံးဖြစ်သည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများကို ဦးစားပေးလုပ်ကိုင်ဆောင်ရွက်ကာ ကုန်ချောထုတ်လုပ်တင်ပို့ရေးလုပ်ငန်းများသို့ တိုးမြှင့်ဆောင်ရွက်ရန် လိုကြောင်းဖြင့် ပြန်လည်အကြံပြု ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ဆောင်ရွက်နေသော ပိုက်လိုင်းတူးဖော်ဆက်သွယ်ရေးလုပ်ငန်းအတွက် နည်းပညာနှင့် စက်ပစ္စည်းများ ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် မလေးရှားနိုင်ငံ MERSING ကုမ္ပဏီမှ Project Director Mr. Lim Hong Khun ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံပြီး နှစ်ဖက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကချင်ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ကချင်ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီတွင် ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်း တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးကမန်းဒူးနော်ကလုပ်ငန်း ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက်များကို မှာကြားပြီး မြစ်ကြီးနား၊ မိုးညှင်း၊ ဗန်းမော်၊ ပူတာအိုခရိုင် အင်ဂျင်နီယာမှူးတို့က မိမိခရိုင်အတွင်း လမ်း/တံတားများဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လမ်းအထူးအဖွဲ့(၁)၊ လမ်းအထူးအဖွဲ့(၂)၊ လမ်းအထူးအဖွဲ့(၆)၊ လမ်းအထူးအဖွဲ့(၁၄)၊ တံတားအထူးအဖွဲ့(၁၅)တို့မှ ဒုတိယအင်ဂျင်နီယာမှူးများက ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း လမ်း/တံတားများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဦးစီးအရာရှိ(ဘဏ္ဍာရေး)က နှစ်အလိုက်လျာထားမှု၊ သုံးစွဲမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးစန်းဝေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ပြည်နယ်ဝန်ကြီးချုပ်က ဘဏ္ဍာနှစ်အလိုက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်ဘဏ္ဍာငွေများကို လေလွင့်ဆုံးရှုံးမှုမရှိစေရန်နှင့် သတ်မှတ်သည့်ကာလအတွင်း သတ်မှတ်စံချိန် စံညွှန်းနှင့်အညီ အထူးဂရုပြု ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

နိုင်ငံရေးပါတီတည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ဦးစောဝင်းထွန်း ပါ(၁၈) ဦးတို့က လျှောက်ထားသည့် **တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ (T.N.D.P)**တည်ထောင်ခွင့် လျှောက်ထားချက်သည် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၆) ရက်တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ လွှတ်တော်နှင့် အိမ်တော်အဆောက်အအုံများ ထိန်းသိမ်းရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်အား ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား Dr. Thomas Gamke ဦးဆောင်သည့် ဂျာမနီလွှတ်တော် အာဆီယံဆိုင်ရာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဂျာမနီလွှတ်တော် အာဆီယံဆိုင်ရာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား Dr. Thomas Gamke ဦးဆောင်သည့် ဂျာမနီလွှတ်တော် အာဆီယံဆိုင်ရာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီ အဆောင်(၁)ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် Dr. Thomas Gamke က မြန်မာ့နိုင်ငံရေးအခြေအနေကောင်းများ၊ ပြုပြင်ပြောင်းလဲမှု အရှိန်အဟုန်မြင့်မားတိုးတက်လာနေမှု အခြေအနေများအား ပီပီပြင်ပြင်တွေ့မြင်သိရှိလိုသဖြင့် ယခုကဲ့သို့ လာရောက်ခြင်းဖြစ်ကြောင်းနှင့် ယခုကဲ့သို့ လာရောက်ရခြင်းအတွက် အလွန်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားသည်။

ယင်းနောက် လွှတ်တော်များ ဖွဲ့စည်းပုံ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ အဆောင်အယောင်နှင့် အခွင့်အရေးများ အပ်နှင်းပေးအပ်နိုင်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အတူ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ အတွင်းရေးမှူး ဦးကိုကိုထွန်း၊ လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ဒေါက်တာစိုးရင်၊ နိုင်ငံတကာ ဆက်ဆံရေးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်နန်းဝါနု၊ ဒေါ်ခင်စောဝေနှင့် ဒေါ်စုစုလှိုင်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီး H.E. Mr. Christian Ludwig Weber Lortsch တက်ရောက်သည်။

(သတင်းစဉ်)

❖ **စာမျက်နှာ ၆ မှ**

(၄) ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Investment Plan) (United Nations Conference on Trade and Development - UNCTAD မှ ကျွမ်းကျင်မှု ကူညီမည်ဟု ကမ်းလှမ်းမှုပြန်ကြားချက်ရရှိပြီး ဖြစ်ပါတယ်)

(၅) ငွေရေးကြေးရေးကဏ္ဍပြုပြင် ပြောင်းလဲတိုးတက်ရေးလုပ်ငန်း ယင်းကိစ္စအတွက် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ဆဲ ဖြစ်ပါတယ်။

(၆) ဒေသန္တရစီမံကိန်းတွင် အပါအဝင်ဖြစ်သော မြို့ပြဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (City Development Plan) မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Township Development Plan)နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း (Village Development Plan)တို့အား တိုင်းဒေသကြီး/ပြည်နယ်များက ရေးဆွဲ၍ မိမိတို့၏ မြို့ရွာများအား နိုင်ငံတကာနှင့်ယှဉ်လျှင် လူနေမှု အဆင့်အတန်းမနိမ့်ရေးအတွက် ရေးဆွဲဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါတယ်။

အထက်ပါ လုပ်ငန်းစီမံကိန်းအသီးသီးသည် ပြည်ထောင်စုလွှတ်တော်၌ လွှတ်တော်ကိုယ်စားလှယ်များ အထူးအလေးထားဆွေးနွေးသွားကြသော ပညာရေး၊ ကျန်းမာရေးကဏ္ဍများအပါအဝင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့ရဲ့ လူမှုစီးပွားရေး ဘက်စုံတိုးတက်အောင် ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်များဖြစ်သောကြောင့် ထိုလုပ်ငန်းစဉ်အားလုံးသည် **အမျိုးသားဖွံ့ဖြိုးတိုး တက်ရေး စီမံကိန်း** (National Development Plan)လုပ်ငန်းစဉ်များ ဖြစ်ပါတယ်။

လက်ရှိတင်သွင်းသော အမျိုးသားစီမံကိန်းဥပဒေအပြင် ထပ်မံ၍ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရေးဆွဲထည့်သွင်းရမည်ဆိုပါက မည်သို့ဆောင်ရွက်သင့်သည်ကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လေ့လာရာ၌ ဥပဒေပုဒ်မ ၂၂၀ တွင် " ပြည်ထောင်စုအစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုအစိုးရ၏ မူဝါဒများကို ချမှတ်ရမည်၊ ယင်းမူဝါဒများနှင့်အညီ လိုအပ်သော စီမံကိန်းများကိုရေးဆွဲ၍ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည်" ဟု ဖော်ပြထားတာကိုတွေ့ရှိရပါတယ်။

သို့ပါ၍ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲရေးနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုအစိုးရ၏ လက်ရှိဆောင်ရွက်နေသော တစ်မျိုးသားလုံးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ စီမံကိန်းများကို လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ ဆွေးနွေးအကြံပြုချက်များကိုပါ ထည့်သွင်း၍ အခြေခံဥပဒေ ပုဒ်မ ၂၂၀နှင့်အညီ ရေးဆွဲဆောင်ရွက်သွားနိုင်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

အကယ်၍ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(သို့မဟုတ်) လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းဟုဆိုထားသဖြင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဟု အမည်နာမမတပ်ဘဲ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးစီမံကိန်းကိုသာ အကောင်အထည်ဖော်ဆောင်ရွက်သင့်သည်ဆိုပါကလည်း၊ ပြည်ထောင်စုအစိုးရအနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရေးဗဟိုကော်မတီ ဖွဲ့စည်းထားပြီး ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ အတိုင်ပင်ခံ ကျွမ်းကျင်သူများနှင့် ညှိနှိုင်း၍ စီမံကိန်းရေးဆွဲအကောင် အထည်ဖော်ဆောင်ရွက်ရေး စီစဉ်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ပြည်ထောင်စုလွှတ်တော် နာယကကြီးခင်ဗျား-

ယခုတင်သွင်းသောနှစ်စဉ် တစ်နှစ်ချင်းအတွက်အမျိုးသားစီမံကိန်းသည် မဟာဗျူဟာစီမံကိန်းမဟုတ်သည့်အတွက် ခြုံငုံသုံးသပ်ရန် အခက်အခဲရှိကြောင်း၊ ဖွံ့ဖြိုးမှုမဟာဗျူဟာ Development Strategy ဖြင့် ဆောင်ရွက်သင့်ကြောင်း၊ နှစ် ၂၀ စီမံကိန်း၊ နှစ်ရှည်စီမံကိန်းရေးဆွဲရေး စဉ်းစားသင့်ကြောင်း ဆွေးနွေးအကြံပြု ချက်အချို့အပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်က မကြာမီက အဆိုတစ်ခုတင်သွင်းထားရာတွင် စီမံကိန်းရေးဆွဲရာ၌ နိုင်ငံခြားကျွမ်းကျင်မှုအတိုင်ပင်ခံ ငှားရမ်း၍ သေချာစွာစူးစမ်းလေ့လာတွက်ချက်ပြီးမှ ရေးဆွဲသင့်ကြောင်း၊ ပါလီမန် ဒီမိုကရေစီခေတ်က နိုင်ငံခြားကုမ္ပဏီ အကူအညီဖြင့် ပြည်တော်သာစီမံကိန်းရေးဆွဲရာတွင် ၂ နှစ်ခန့်ကြာမြင့်ခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း၊ စီမံကိန်းတစ်ခုရေးဆွဲမည်ဆိုလျှင် ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်ဖြင့် သေချာစွာစူးစမ်းလေ့လာချိန်ပေးပြီးမှ ပြည့်စုံခိုင်မာအောင်ရေးဆွဲသင့်တဲ့အတွက် စူးစမ်းလေ့လာတွက်ချက်ရန်အချိန် အတိုင်းအတာတစ်ခုပေး၍ ဆောင်ရွက်ရန်လိုမည်ဖြစ်ပါကြောင်း အဆိုတင်သွင်းထား တာတွေ့ရှိရပါတယ်။

ယခုလည်းပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်တာဝန်ယူသည်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ် ကဏ္ဍအသီးသီးကို အချိန်တိုအတွင်း သိသိသာသာပြောင်းလဲတိုးတက်အောင်ကြိုးပမ်းရာ၌ စီမံကိန်းကိုအချိန် ယူစူးစမ်းလေ့လာပြီးမှ ရေးဆွဲဆောင်ရွက်မည်ဆိုပါက ပြည်သူလူထုတစ်ရပ်လုံး၏ လိုအင်ဆန္ဒဖြစ်သောသူများနိုင်ငံထက်နောက်ကျနေသော ကိုယ့်နိုင်ငံကို မြန်မြန်ဆန်ဆန်တိုးတက်စေလိုသောစေတနာ ဆန္ဒဖြင့်လည်းကောင်း၊ ဂျီဒီပီ စီမံကိန်းဖြင့် တိုးတက်အောင်ဆောင်ရွက်ခြင်းထက်ပြည်သူတို့၏ လူမှုစီးပွားရေးဘဝ လက်တွေ့ပီပီပြင်ပြင် တိုးတက်အောင်ဆောင်ရွက်ခြင်းက ပို၍ပဓာနကျသောကြောင့်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအနေဖြင့် မိမိတို့တာဝန်ယူရမည့် (၅)နှစ်တာကာလသည် လက်ရှိနှစ် ၃၀နှစ်ရှည်စီမံကိန်း၏ ကာလတိုငါးနှစ်စီ ပိုင်းခြားဆောင်ရွက်နေသည့်ကာလတို ငါးနှစ်စီမံကိန်းနှင့်လည်း အချိန်ကာလပိုင်းခြားမှုတစ်ထပ်တည်း ကိုက်ညီသည့်အပြင် အရှိန်အဟုန်မပျက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် အတွက်လည်းကောင်း၊ ပဉ္စမကာလတို ငါးနှစ်စီမံကိန်းအဖြစ် လျာထား၍ရေးဆွဲတင်သွင်းခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ပြည်ထောင်စုအစိုးရအနေဖြင့် လက်ရှိ အမျိုးသားစီမံကိန်းကို ရေးဆွဲရာတွင် UNDP နိုင်ငံခြားကျွမ်းကျင်ပညာရှင်ဖြင့် System of National Account ပြောင်းလဲကျင့်သုံးရေးဆောင်ရွက်လျက်ရှိသည့်အပြင် စီမံကိန်းရေးဆွဲရေးဆိုင်ရာ ကျွမ်းကျင်မှု အကူအညီရရှိရေး ဆောင်ရွက်ထားခြင်း၊ အထူးစီးပွားရေးဇုန်များအတွက် နိုင်ငံခြားကျွမ်းကျင်ပညာရှင်အတိုင်ပင်ခံအဖွဲ့ ငှားရမ်းဆောင်ရွက်လျက်ရှိသည့်အပြင် UNCTAD (United Nations Conference on Trade and Development) မှ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကျွမ်းကျင်ပညာရှင် ချိတ်ဆက်အကူအညီ တောင်းထား ပြီးဖြစ်ခြင်း၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် နိုင်ငံခြားကျွမ်း ကျင်ပညာရှင်ဖြင့် ရေးဆွဲရန် စီစဉ်ထားရှိခြင်း အစရှိသည့် စီမံကိန်းဆိုင်ရာ ဆောင်ရွက်နေမှုများသည် ယခင်မူဟောင်း စနစ်ဟောင်းများကို ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲရေးနှင့် မဟာ ဗျူဟာရေရှည်စီမံကိန်းများအတွက် အခြေခံကောင်းများရရှိပြီး နောင်အစိုးရ အဆက်ဆက်အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေမှုများ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ထို့အပြင် နိုင်ငံတော်သမ္မတကြီး အနေနဲ့လည်း နိုင်ငံတော်နဲ့ ပြည်သူတစ် ရပ်လုံးရဲ့ လူမှုစီးပွားရေးဘဝ အမှန်တကယ်တိုးတက်ရန်အတွက် GDP အခြေပြုကိန်းဂဏန်း တွက်ချက်ပြီး GDP တိုးတက်ရေးတွန်းအား (Energy) တစ်ရပ်ပေးရုံနဲ့ မလုံလောက်ကြောင်းသုံးသပ်ပြီး ဆင့်ပွားအား (Synergy) ရရှိစေရန် (တစ်နည်းအားဖြင့်) ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Comprehensive Development Plan)အား ကမ္ဘာ့ကုလသမဂ္ဂ ထောင်စုနှစ်ရည်မှန်းချက်များ၊ အာဆီယံရည်မှန်းချက်များနှင့်အညီ လူမှုစီးပွားရေးအညွှန်းကိန်းများကို အခြားနိုင်ငံများနှင့် ရင်ပေါင်တန်း ဆောင်ရွက်နိုင်ရန် ရည်မှန်းချက်များ ချမှတ်ပေးခဲ့ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်များအလိုက်ကိုလည်း ဆင်းရဲနွမ်းပါးမှုနှုန်းနှင့် ဆက်စပ်နေသည့် ညွှန်းကိန်းများ၊ ငွေကြေးဖောင်းပွမှုနှုန်း၊ သက်ကြီးစာတတ်မြောက်မှုနှုန်း၊ ကျောင်းနေနှုန်း၊ ကျောင်းသား/ဆရာအချိုး၊ လူ၏ မျှော်မှန်းသက်တမ်း၊ တစ်နှစ်အောက်ကလေး သေဆုံးနှုန်း၊ ငါးနှစ်အောက်ကလေး သေဆုံးနှုန်း၊ သားဖွားမိခင်သေဆုံးနှုန်း၊ လူဦးရေနှင့် ဆရာဝန်အချိုး၊ လူဦးရေနှင့် ခုတင်အချိုး၊ အသားတင်စိုက်ပျိုးနိုင်မှု၊ တယ်လီဖုန်း အသုံးပြုနိုင်မှု အစရှိသည်တို့ကို ချပြလျက် တစ်နှစ်ထက်တစ်နှစ် ဖွံ့ဖြိုးမှုအားနည်းနေသောဒေသနှင့် အားသာသောဒေသ အချိုးကျမျှတစွာ တိုးတက်ရေးအစီအမံများ ရေးဆွဲစီမံဆောင်ရွက်သွားရန် စီစဉ်ထားရှိပါတယ်။ ယင်းလုပ်ငန်းစဉ်များဟာ ရှေးက GDP တိုးတက်မှုနှုန်းတစ်ခုတည်းကိုသာ ဦးတည်ခဲ့ရာမှ ပြည်သူများရဲ့ လူမှုစီးပွားရေး လက်တွေ့ဘဝကို ဦးစားပေးသော ဖွံ့ဖြိုးမှုပုံစံသို့ ပြောင်းလဲသွားပြီဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အလားတူ အခြားနိုင်ငံ မြို့ရွာများကဲ့သို့ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်ရေးအတွက် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (City Development Plan)၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး (Township Development Plan)နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း (Village Development Plan)တို့ကို ဒေသန္တရစီမံကိန်းအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများမှ Physical Plan အဖြစ် ရေးဆွဲအကောင်အထည်ဖော်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ပြည်ထောင်စုလွှတ်တော်မှာ စီမံကိန်းဆိုင်ရာဆွေးနွေးချက်များဟာအထက်က ကျွန်တော်ရှင်းလင်းတင်ပြခဲ့သလို နိုင်ငံတော်သမ္မတကြီးရဲ့မူဝါဒရည်မှန်းချက်၊ လက်တွေ့လုပ်ငန်းစဉ်များနဲ့ ထပ်တူထပ်မျှ တစ်သဘောတည်း ဖြစ်တာကိုတွေ့ရှိရပါတယ်။ ပြည်ထောင်စုအစိုးရစတင်တာဝန်ယူချိန်ကတည်းက ဆောင်ရွက်ခဲ့တဲ့ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်အားလုံးသည် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားမြင့်မားတိုးတက်ရေး၊ လူမှုစီးပွားရေးဘဝဖူလုံခိုင်မာတိုးတက်ရေး၊ အခြားနိုင်ငံများနှင့် ရင်ပေါင်တန်း၍ လူနေမှုအဆင့်အတန်းနှင့် လူနေမှုဘဝ လုံခြုံရေး၊ အလုပ်အကိုင် အခွင့်အလမ်းများနှင့် စီးပွားရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေးအပါအဝင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်အားလုံးကို အမျိုးသားဖွံ့ဖြိုးတိုးတက်မှု အစီအမံများအဖြစ် တစ်ဆင့်ပြီးတစ်ဆင့် လက်တွေ့ကြိုးပမ်းဆောင်ရွက်နေတာကို တွေ့ရှိကြရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း သို့မဟုတ် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဆွေးနွေး အကြံပြုချက်များထည့်သွင်းပြီး ပြည်ထောင်စုအစိုးရက ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ပါကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၁ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ နိုင်ငံတော်သမ္မတကြီးရဲ့ မိန့်ခွန်းတွင် "ကျွန်တော်တို့ အစိုးရဟာ လသားအရွယ်အစိုးရတစ်ရပ်ပဲ ဖြစ်ပါတယ်။ အစိုးရသက်တမ်း နုနယ်သေးပေမယ့် ကျွန်တော်တို့ အစိုးရအနေနဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးမှာ ပြည်သူလူထုအကျိုးကို ရှေ့တန်းတင်ပြီး ဖြစ်ပါတယ်။ အစိုးရအဖွဲ့တစ်ရပ်ရဲ့ စွမ်းဆောင်နိုင်မှု အရည်အသွေးကို အစိုးရသက်တမ်းတစ်ခုလုံးနဲ့မှသာ တိုင်းတာသတ်မှတ်နိုင်မှာဖြစ်ပါတယ်။" လို့ ဖော်ပြခဲ့ပါတယ်။ ကျွန်တော်တို့ နိုင်ငံဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကို စတင်ဆောင်ရွက်ခဲ့တာ(၁၀) လကျော် ပထမခြေလှမ်းအဆင့်ပဲ ရှိပါသေးတယ်။ အချိန်အားဖြင့်လည်းကောင်း၊ အတွေ့အကြုံအားဖြင့်လည်းကောင်း နုနယ်သေးတဲ့အချိန် ဖြစ်ပါတယ်။ အသွင်ကူးပြောင်းရေးကာလတွေမှာ တွေ့ကြုံရမြဲဖြစ်တဲ့ ရှေးယခင် ဆောင်ရွက်ဆဲလုပ်ငန်းများနဲ့ နောင်ဆက်သွားမယ့် လုပ်ငန်းများဟာ တစ်ခုနဲ့တစ်ခုဖြတ်ထားလို့မရဘဲ ချိတ်ဆက်ပြီး အကောင်းဆုံးဖြစ်အောင် ထိန်းကျောင်း၍ ခေတ်သစ်စနစ်သစ်မှာ ပြုပြင်ပြောင်းလဲစရာတွေကို ခေတ်နဲ့အညီ ပြောင်းလဲသွားဖို့ ပြည်ထောင်စုအစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်တယ်။

ပြည်ထောင်စုအစိုးရရဲ့ သက်တမ်း (၁၀)လကျော်ကာလအတွင်း ဆောင်ရွက်မှုများသည် ပြီးပြည့်စုံမှု မရှိသေးသော်လည်း ဒီမိုကရေစီကူးပြောင်းရေးကာလ တစ်နည်းအားဖြင့် အသွင်ကူးပြောင်းရေး စပ်ကူးမပ်ကူးကာလ၏ လိုအပ်ချက်များ၊ အခက်အခဲများကို ရင်ဆိုင်ကျော်လွှား ဖြေရှင်းနေရဆဲဖြစ်သည်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများသာမက ပြည်သူများအားလုံးက မျက်ဝါးထင်ထင် မြင်တွေ့လျက်ရှိပါတယ်။

ဒီအရှိန်အဟုန်ကို နှောင့်နှေးကျဆင်းမှုမရှိဘဲ အဆက်မပြတ် တိုးတက်မှုရရှိရေးဟာ နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အရေးအကြီးဆုံး အလှည့်အပြောင်းကာလဖြစ်တယ်ဆိုတာကို နိုင်ငံ့အရေးအရာအားလုံးကို ဝိုင်းဝန်းစဉ်းစားဝေဖန် အကြံပြုပေးကြတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးက စဉ်းစားသုံးသပ်ပြီး နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွားကိုသာလျှင် ဦးတည်၍ အစိုးရ၊ လွှတ်တော် နဲ့ ပြည်သူအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါစို့လို့ နိုင်ငံတော်သမ္မတကြီးရဲ့ကိုယ်စားရှင်းလင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

(သတင်းစဉ်)

ဧရာဝတီမြစ်အရှေ့ဘက်ကမ်းနှင့် ရခိုင်ပြည်နယ်သို့ လွယ်ကူစွာဆက်သွယ်သွားလာနိုင်သည့် ဧရာဝတီမြစ်ကူး နဝဒေးတံတား

* ဧရာဝတီမြစ်အနောက်ခြမ်း ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို ကြီးမားစွာ အထောက်အကူပြု၍ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့အကြား အပြန်အလှန် လွယ်ကူစွာ သွားလာနိုင်သည်။
* ဧရာဝတီမြစ် အရှေ့ဘက်ကမ်းရှိ ရန်ကုန်-ပြည်-မန္တလေးလမ်းမကြီးကို အနောက်ဘက်ရှိ ပုသိမ်-မုံရွာလမ်းမကြီးနှင့် လည်းကောင်း၊ ရခိုင်ပြည်နယ်နှင့် ဆက်သွယ်သည့် ပန်းတောင်း-တောင်ကုတ်လမ်းနှင့် လည်းကောင်း တိုက်ရိုက် ဆက်သွယ်သွားလာနိုင်သည်။
* တံတားကြီး တည်ဆောက်ဖွင့်လှစ်နိုင်သဖြင့် ဒေသတစ်ခုနှင့်တစ်ခုအကြား တိုင်းရင်းသားလူမျိုးများ တစ်ဦးနှင့်တစ်ဦး နီးလျက်နှင့်ဝေးပြီး ရေမြေတောတောင်ခြားနေရသည့် ဘဝမှ ပြန်လည်ပေါင်းစည်းဆက်စပ်မိသွားကာ ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် ဖြစ်တည်လာခဲ့သည်။

ခံ့ညားထည်ဝါလှပသည့် နဝဒေးတံတားကြီးနှင့် ပြည်မြို့ဘက်ကမ်းအလှက ပန်းရလှသည်။

နဝဒေးတံတားမှသည် ထိုဘက်ကမ်းဆီ ခရီးချီရင်း ရခိုင်သွေးချင်းတို့နှင့် ရင်းနှီးဆက်ဆံခဲ့ပြီ။

နဝဒေးတံတားအချက်အလက်များ

၁။ နဝဒေးတံတားအရှည်မှာ ၄၁၈၃ ပေ ရှိပြီး တံတားအောက်ထည်ကို သံကူကွန်ကရစ်တိုင်များဖြင့် တည်ဆောက်ထားသည်။ အပေါ်ထည်မှာ သံပေါင်တံတားအမျိုးအစားဖြစ်သည်။
၂။ နဝဒေးတံတားကို ပန်းတောင်းမြို့နယ်နှင့် ပြည်မြို့နယ်ကြား ဆက်သွယ်တည်ဆောက်ထားသည်။
၃။ ယာဉ်သွားလမ်းမှာ ၂၈ ပေ ကျယ်ပြီး တစ်ဖက်လျှင် ငါးပေစီအကျယ်ရှိ လူသွားလမ်းပါရှိသည်။ ယာဉ်တစ်စီးချင်းခံနိုင်ဝန် တန် ၆၀ ရှိသည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မှာ အကျယ်ပေ ၃၅၀၊ အမြင့် ၅၇ ပေ ဖြစ်သည်။
၄။ နဝဒေးတံတားကို ၁၉၉၄ ခုနှစ် မတ် ၁ ရက်မှ စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၇ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် တည်ဆောက်ပြီးစီး၍ ဖွင့်လှစ်ပေးခဲ့သည်။

တောင်တန်းနောက်ခံအလှနှင့် နဝဒေးတံတားကြီးက ခံ့ညားတင့်တယ်လှသည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

နေ့ရောညပါ စိတ်အေးချမ်းသာ သွားလာနိုင်သည့် တံတားကြီး၏ ညအလှ။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း "ရှေးဦးမြန်မာ့သမိုင်းဆိုင်ရာ အထောက်အထားများနှင့် ကမ္ဘာအဝှမ်းသို့ ဆက်သွယ်ဆောင်ရွက်မှုများ" အပြည်ပြည်ဆိုင်ရာ စာတမ်းဖတ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယဉ်ကျေးမှုဆိုင်ရာ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို ပိုမိုအလေးထားလာကြစေရန် ပြည်သူများအား ပညာပေးဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ပြန်ကြားရေးဝန်ကြီးဌာနနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ကျင်းပလျက်ရှိသည့် "ရှေးဦး မြန်မာ့သမိုင်းဆိုင်ရာ အထောက်အထားများနှင့် ကမ္ဘာအဝှမ်းသို့ ဆက်သွယ်ဆောင်ရွက်မှုများ" အပြည်ပြည်ဆိုင်ရာ စာတမ်းဖတ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထိုသို့ပြောကြားရာ၌ မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ကွာဟမှုနည်းစေရန်နှင့် လူ့အဖွဲ့အစည်းအတွင်း အားနည်းချက်များ လျော့ပါးလာစေရန်အတွက် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယဉ်ကျေးမှုဆိုင်ရာပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်မှုမှ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ပိုမိုအလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ယဉ်ကျေးမှုဆိုင်ရာ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို ပိုမိုအလေးထားလာကြစေရန် ပြည်သူများအား ပညာပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ဆဲစီမံကိန်းများ၊ သုတေသနလုပ်ငန်းများ၊ သုတေသနဆိုင်ရာသင်တန်းများ၊ ရှေးဟောင်းသုတေသန၊ အနုပညာနှင့် သမိုင်းသုတေသနဆိုင်ရာ ရှားပါးအထောက်အထားများ ရှာဖွေစုဆောင်းခြင်းလုပ်ငန်းများစသည်တို့ကို ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်သည့် ပံ့ပိုးမှုများ၊ နည်းပညာဆိုင်ရာ၊ လေ့ကျင့်ရေးဆိုင်ရာ စသည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရန် လိုလားပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား စင်ကာပူသမ္မတနိုင်ငံ အရှေ့တောင်အာရှလေ့လာရေး ဗဟိုဌာန နာလန္ဒာ သီရိဝိဇယစင်တာမှ Director of Archaeology ဖြစ်သူ Mr. John Miksic က သမိုင်းသုတေသနဆိုင်ရာ စာအုပ်များ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသူများသည် ပုဂံရှေးဟောင်းသုတေသနပြတိုက် ပင်မခန်းမဆောင်ကြီးတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြပြီး စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပသည်။

အဆိုပါ **"ရှေးဦး မြန်မာ့သမိုင်းဆိုင်ရာ အထောက်အထားများနှင့် ကမ္ဘာအဝှမ်းသို့ ဆက်သွယ်ဆောင်ရွက်မှုများ"** အပြည်ပြည်ဆိုင်ရာ စာတမ်းဖတ်ပွဲကို ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် စင်ကာပူသမ္မတနိုင်ငံ အရှေ့တောင်အာရှ လေ့လာရေးဗဟိုဌာန နာလန္ဒာ သီရိဝိဇယစင်တာတို့ ပူးပေါင်းစီစဉ်မှုဖြင့် ဖေဖော်ဝါရီ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ကျင်းပခဲ့သည်။

စာတမ်းဖတ်ပွဲသို့ မြန်မာ့သမိုင်းကော်မရှင်မှ တာဝန်ရှိသူများ၊ ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသန ဦးစီးဌာနနှင့် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာန အောက်ရှိ တက္ကသိုလ်များမှ ပါမောက္ခများနှင့် ပါရဂူ သင်တန်းသားများ၊ စင်ကာပူသမ္မတနိုင်ငံ အရှေ့တောင်အာရှ လေ့လာရေးဗဟိုဌာန နာလန္ဒာသီရိဝိဇယစင်တာမှ ဌာနမှူး ပါမောက္ခ Mr. Tansen Sen နှင့်အဖွဲ့ဝင်များ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့နှင့် ပြင်သစ်နိုင်ငံ ပဲရစ်မြို့ရှိ Ecole fran, caise d'Extreme-Orient၊ ဩစတြေးလျနိုင်ငံ University of Sydney၊ ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့မှ The Heritage Museum၊ ဗြိတိန်နိုင်ငံ University of London နှင့် Manchester Metropoliton University၊ စင်ကာပူသမ္မတနိုင်ငံ Nanyang Technological University၊ ထိုင်းနိုင်ငံ Thammasat University၊ အိန္ဒိယသမ္မတနိုင်ငံ Institut de Chandernagor၊ ပြင်သစ်နိုင်ငံ ပဲရစ်မြို့ရှိ National Centre for Scientific Research နှင့်သီရိလင်္ကာနိုင်ငံ Royal Asiatic Society စသည့် နိုင်ငံတကာတက္ကသိုလ်များနှင့် ဌာနများမှ ပါမောက္ခများနှင့် သုတေသနပညာရှင်များ တက်ရောက်ခဲ့ကြပြီး မြန်မာသုတေသီများနှင့် နိုင်ငံတကာမှ မြန်မာ့သမိုင်းသုတေသီများက မြန်မာနိုင်ငံတွင် ဗဟိုပြုဖြစ်ပေါ်ခဲ့သော လူ့အဖွဲ့အစည်းများ၏ သမိုင်းကြောင်း၊ မြို့ပြဗဟိုဌာနများ ဖြစ်ပေါ်ခဲ့မှု၊ သမိုင်းပါ လူမှုအဖွဲ့အစည်းများနှင့် အရှေ့တောင်အာရှ၊ အရှေ့အာရှ၊ အခြားနိုင်ငံများအကြား နိုင်ငံရေးနှင့် ယဉ်ကျေးမှုအရ ဆက်စပ်ဆောင်ရွက်ခဲ့မှု ကွင်းဆက်များနှင့်စပ်လျဉ်းသည့် သုတေသန စာတမ်းပေါင်း ၁၈ စောင်ကို ဖတ်ကြား တင်သွင်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား ADB မှ Director General နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား အာရှဖွံ့ဖြိုးရေးဘဏ် (Asia Development Bank -ADB)မှ Director General Mr. Kunio Senga နှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား သယ်ပို့ဖြန့်ဖြူးမှုနှင့် ကျေးလက်ဒေသ မီးလင်းရေးကိစ္စရပ်များ၌ အာရှဖွံ့ဖြိုးရေးဘဏ်မှ အကူအညီပေးနိုင်ရေးအတွက် လေ့လာဆန်းစစ်မှုလုပ်ငန်းများ ဆောင်ရွက်ရန်ကိစ္စများကို ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံရာတွင် လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား အာရှဖွံ့ဖြိုးရေးဘဏ် (Asia Development Bank-ADB) မှ Director General Mr. Kunio Senga နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေထိန်းသိမ်းစို့

နိုင်ငံရေးပါတီများ ဟောပြောတင်ပြခွင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၁၂/၂၀၁၂) ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၁၂/၂၀၁၂)
၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်
(၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

နိုင်ငံရေးပါတီများ ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခွင့်

၁။ လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်နေသည့် မဲဆန္ဒနယ် (၄၈)နယ်၌ ကြားဖြတ်ရွေးကောက်ပွဲများကို ၁-၄-၂၀၁၂ ရက် (တနင်္ဂနွေ) နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၆၁/၂၀၁၁)ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

၂။ လစ်လပ်မဲဆန္ဒနယ်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းသွင်းထားသည့် နိုင်ငံရေးပါတီ (၁၇)ပါတီအား ကြားဖြတ်ရွေးကောက်ပွဲအတွက် စည်းရုံးမဲဆွယ်ရန် မိမိတို့ပါတီ၏ မူဝါဒသဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခွင့်ပြုမည်ဖြစ်ပါသည်။ ထို့ကြောင့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများသည် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြလိုလျှင် သက်ဆိုင်ရာပါတီဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးက မိမိတို့ပါတီအတွက် အချိန်ဇယားဖြင့် သတ်မှတ်ပေးသည့်ရက်မတိုင်မီ အနည်းဆုံး (၇)ရက် ကြိုတင်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဟောပြောတင်ပြလိုသည့် စာမူနှင့်အတူ ခွင့်ပြုမိန့်လျှောက်ထားရမည်။ (ခွင့်ပြုမိန့် လျှောက်ထားသည့် စာမူသည် (A4)အရွယ်အစားစက္ကူ (၇)မျက်နှာထက် မပိုစေရပါ။)

၃။ ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်မှ ဟောပြောခွင့်ပြုရန် လျှောက်ထားကြသည့် နိုင်ငံရေးပါတီများအား အဆင်ပြေစွာ အလှည့်ကျဟောပြောတင်ပြနိုင်စေရန်အတွက် နိုင်ငံရေးပါတီတစ်ခုချင်းအလိုက် ဟောပြောတင်ပြခွင့်ရရှိသည့် နေ့ရက်နှင့် အချိန်ဇယားကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းသတ်မှတ်ပေးပါမည်။

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဟောပြောတင်ပြလိုသည့်စာမူကို လိုအပ်သလို စိစစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍-

(က) ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ခွင့်ပြုမိန့်ထုတ်ပေးပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်သောနေ့ရက်၊ အချိန်ဇယားနှင့်အညီ ခွင့်ပြုသည့်နေ့ရက်၊ အချိန်အပိုင်းအခြားနှင့် ဟောပြောရန် ခွင့်ပြုသည့်ပုဂ္ဂိုလ်၏အမည်ကို ခွင့်ပြုမိန့်တွင် ဖော်ပြရမည်။

(ဂ) ခွင့်ပြုမိန့်လျှောက်ထားခြင်းကို ငြင်းပယ်ပါက အကျိုးအကြောင်း ဖော်ပြလျက် လျှောက်ထားသူထံ အကြောင်းကြားရမည်။

၅။ ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောရာတွင် နိုင်ငံရေးပါတီတစ်ခုအား-

(က) ရေဒီယိုအစီအစဉ်မှ ဟောပြောတင်ပြလျှင် ဟောပြောချိန် ၁၅ မိနစ်အထိ ခွင့်ပြုမည်။

(ခ) ရုပ်မြင်သံကြားအစီအစဉ်မှ ဟောပြောတင်ပြလျှင် ဟောပြောချိန် ၁၅ မိနစ်အထိ ခွင့်ပြုမည်။

(ဂ) ပါတီ၏ သီချင်းများကိုလည်း ဟောပြောရန်ခွင့်ပြုသည့် သတ်မှတ်ချိန် ၁၅ မိနစ်အတွင်း ထုတ်လွှင့်ခွင့်ပြုမည်။

၆။ နိုင်ငံရေးပါတီများသည် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြရာတွင် အောက်ဖော်ပြပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ-

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေသည့် ဟောပြောမှု ပြုလုပ်ခြင်း၊

(ခ) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ထိခိုက်စေသည့် ဟောပြောပြုလုပ်ခြင်း၊

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာမှုမရှိခြင်း၊

(ဃ) နိုင်ငံတော်အား အကြည်ညိုပျက်စေရန် သို့မဟုတ် ဂုဏ်သိက္ခာထိပါးစေရန် ဟောပြောပြုလုပ်ခြင်း၊

(င) တပ်မတော်ပြိုကွဲရေးကို ဖြစ်ပေါ်စေရန် သို့မဟုတ် တပ်မတော်၏ ဂုဏ်သိက္ခာကို ထိခိုက်စေရန် ဟောပြောပြုလုပ်ခြင်း၊

(စ) လူမျိုးရေး သို့မဟုတ် ဘာသာရေး သို့မဟုတ် လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့် ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့်၊ သိက္ခာနှင့် ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့်ဟောပြောမှု သို့မဟုတ် စည်းရုံးလှုံ့ဆော်မှုပြုလုပ်ခြင်း၊

(ဆ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုလုပ်ခြင်း၊

(ဇ) ငြိမ်းချမ်းစွာပညာသင်ကြားရေးကို ထိခိုက်ပျက်ပြားစေရန် သွေးထိုးလှုံ့ဆော်ဟောပြောခြင်း၊

(ဈ) နိုင်ငံ့ဝန်ထမ်းများအား ယင်းတို့၏တာဝန်ကို ကျေပွန်စွာမထမ်းဆောင်နိုင်စေရန် သို့မဟုတ် အစိုးရအား ဆန့်ကျင်ဆန္ဒပြစေရန် သွေးထိုးလှုံ့ဆော်ဟောပြောခြင်း။

၇။ နိုင်ငံရေးပါတီများသည် ဤကြေညာချက်ပါ တားမြစ်ချက်တစ်ရပ်ကိုဖြစ်စေ၊ ခွင့်ပြုမိန့်ပါ သတ်မှတ်ချက် သို့မဟုတ် စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည့်အပြင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရလည်း အရေးယူခြင်းခံရမည် ဖြစ်သည်။

၈။ သို့ဖြစ်၍ ၁-၄-၂၀၁၂ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေးအတွက် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများသည် စည်းရုံးမဲဆွယ်ရန်ကိစ္စအလို့ငှာ မိမိတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြမှုများပြုလုပ်ကြရာတွင် ဤကြေညာချက်နှင့်အညီ ဆောင်ရွက်ကြရန် ဖြစ်ပါသည်။

(ပုံ) တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

Dr. Thomas Gamke ဦးဆောင်သည့် ဂျာမနီလွှတ်တော် အာဆီယံဆိုင်ရာ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အား လက်ခံတွေ့ဆုံ

နေပြည်တော်　　ဖေဖော်ဝါရီ　　၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် Dr. Thomas Gamke ဦးဆောင်သည့် ဂျာမနီလွှတ်တော် အာဆီယံဆိုင်ရာ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် Dr. Thomas Gamke ဦးဆောင်သည့် ဂျာမနီလွှတ်တော် အာဆီယံဆိုင်ရာ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီး H.E. Mr. Christian- Ludwig Weber Lortsch လည်း တက်ရောက်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် Dr. Thomas Gamke အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်ရေးနှင့် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော် အစည်းအဝေး(၁၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ အကြံပြုချက်များအပေါ် နိုင်ငံတော်သမ္မတကိုယ်စား ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဆွေးနွေးတင်ပြ

နေပြည်တော်　　ဖေဖော်ဝါရီ　　၁၆

ယနေ့ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်(၅၅၀)တို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ ဖေဖော်ဝါရီ ၁၀ ရက်က တင်သွင်းခဲ့ပြီး ဖေဖော်ဝါရီ ၁၄ ရက်က လွှတ်တော်ကိုယ်စားလှယ်(၉)ဦး ဆွေးနွေးခဲ့သော ကော့ကရိတ်မဲဆန္ဒနယ်မှ ဦးသူရိန်ဇော်၏ **" လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူ ဆောင်ရွက်ခဲ့သော မြစ်ရေတင်စီမံကိန်းများနှင့် ရေလှောင်တမံ၊ ရေလွှဲဆည်များအား ပြည်ထောင်စုစာရင်းစစ်ချုပ်၏ စစ်ဆေးတွေ့ရှိချက်အပေါ် ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ သုံးသပ်အကြံပြုချက်များသည် ပြည်သူတစ်ရပ်လုံးအတွက် အရေးကြီးသော အချက်များဖြစ်သဖြင့် အများပြည်သူအကျိုးငှာ ပြည်ထောင်စုအစိုးရအဖွဲ့က ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် "** အဆိုနှင့် စပ်လျဉ်း၍ ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးအောင်သန့်က ပြည်သူ့ငွေစာရင်းကော်မတီ၏ သုံးသပ်တင်ပြချက်များမှာ နိုင်ငံတော်အကျိုး၊ တောင်သူလယ်သမားများအကျိုး၊ ပြည်သူလူထုအကျိုးကို အမှန်ဖော်ဆောင်နိုင်မည့် အကြံပြုတင်ပြချက်များဖြစ်ပြီး အဆိုမှာ အများပြည်သူအကျိုးငှာ တိုက်တွန်းကြောင်း အဆိုဖြစ်သည့်အတွက် အလေးအနက်ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ကော့ကရိတ်မဲဆန္ဒနယ်မှ ဦးသူရိန်ဇော်၏ အဆိုပြုတင်ပြချက်များနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ဖေဖော်ဝါရီ ၃ ရက် ရက်စွဲဖြင့် နိုင်ငံတော်သမ္မတထံသို့ ပေးပို့ခဲ့သည့် သဝဏ်လွှာပါ အကြောင်းအရာများ၊ ဖေဖော်ဝါရီ ၇ ရက်တွင် ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးခဲ့သည့် လယ်ယာကဏ္ဍဆိုင်ရာ ပြောကြားချက်များသည် တစ်ဆက်တစ်စပ်တည်းဖြစ်နေသည့်အတွက် ဦးသူရိန်ဇော်၏ အဆိုပြုတင်ပြချက်နှင့်အတူ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ သဝဏ်လွှာပါအကြောင်းအရာများ၊ ပြောကြားချက်များနှင့် စပ်လျဉ်း၍ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က တစ်ပေါင်းတည်း ရှင်းလင်းတင်ပြသည်။ **(ရှင်းလင်းတင်ပြချက်အပြည့်အစုံကို စာမျက်နှာ - ၃ တွင် ဖော်ပြထားပါသည်။)**

ဎင်းနောက် အဆိုရှင် ဦးသူရိန်ဇော်က ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအနေဖြင့် လက်ရှိတည်ဆောက်နေဆဲ ဆည်မြောင်းစီမံကိန်း၊ မြစ်ရေတင်လုပ်ငန်းများကို ရပ်တန့်ပစ်ရန် တင်ပြခြင်း မဟုတ်ပါကြောင်း၊ စနစ်တကျဖြစ်စေရေးအတွက် အချိန်ယူပြီး ဆက်လက်လုပ်ဆောင်သွားစေရန် အကြံပြုခြင်းသာ ဖြစ်ပါကြောင်း၊ တည်ဆောက်ပြီး ရည်မှန်းချက်အတိုင်း မပြည့်မီသေးသည့် ဆည်မြောင်းနှင့် မြစ်ရေတင်စီမံကိန်းများကိုလည်း စွမ်းဆောင်ရည်ပြည့်မီအောင် လုပ်ဆောင်သွားရန်တင်ပြခြင်းဖြစ်ပါကြောင်း၊ လောလောဆယ် စီမံကိန်းအသစ်များကို လုပ်ဆောင်ခြင်းမပြုသေးဘဲ အဘက်ဘက်မှ သေချာလေ့လာ ဆန်းစစ်ပြီးမှသာ၊ ဖြစ်မြောက်နိုင်စွမ်းရှိမှသာ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူပြီးလုပ်ဆောင်ရန် တင်ပြခဲ့ခြင်း ဖြစ်ပါကြောင်း။ **ထိုကဲ့သို့ လုပ်ဆောင်ခြင်းဖြင့် လယ်ယာကဏ္ဍ ထုတ်ကုန် တိုးတက်ဖွံ့ဖြိုးလာရေးအတွက် တိုက်ရိုက်အထောက်အကူပြုသကဲ့သို့ နိုင်ငံတော်ဘဏ္ဍာကို သုံးလျှင်သုံးသလောက် လုပ်ငန်းများ ထိရောက်လာမည် ဖြစ်ပါကြောင်း၊ ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များပြည့်မီရေးကိုလည်း အထောက်အကူပြုလာမည်ဖြစ်ပါကြောင်း၊ ပြည်သူ့ငွေစာရင်းကော်မတီ၏ တာဝန်တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက တင်သွင်းသည့် အစီရင်ခံစာကို စိစစ်၍ ပြည်သူ့လွှတ်တော်သို့ တင်ပြရမည်ဟုပါရှိသည့်အတွက် တာဝန်အတိုင်းကျေပွန်စွာ လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အဆိုနှင့် ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ကိုသာ ခံယူမည်ဖြစ်ပါကြောင်းဖြင့် တင်ပြသည်။**

ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။
(သတင်းစဉ်)

ဦးသူရိန်ဇော်၏ အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံ (၃၉၉)မဲ၊ ကြားနေ (၆၃)မဲ၊ ကန့်ကွက်(၅၃)မဲ ဖြစ်သည့်အတွက် အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့က နိုင်ငံတော်၏ အမျိုးသားစီမံကိန်း ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ အကြံပြုဆွေးနွေးချက်များအပေါ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၇ အရ နိုင်ငံတော်သမ္မတ၏ ကိုယ်စား ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဆွေးနွေးတင်ပြကြသည်။

စာမျက်နှာ ၂ ကော်လံ ၁ သို့ ☆